# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း (၈)ရက် ၊ သောကြာနေ့ ၊ (8-11-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၁၉၂)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အဌမအကြိမ် မဟာမဲခေါင်ဒေသခွဲ(ဂျီအမ်အက်စ်)ထိပ်သီးအစည်းအဝေးသို့ တက်ရောက်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အဌမအကြိမ် မဟာမဲခေါင်ဒေသခွဲ(ဂျီအမ်အက်စ်)ထိပ်သီးအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် နိုဝင်ဘာ ၇**

အဌမအကြိမ် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး (8th Greater Mekong Subregion Summit)ကို ယနေ့ နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ ဟိုင်ဂန်ကွန်ဗင်းရှင်းစင်တာ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပါဝင်တက်ရောက်သည်။

အစည်းအဝေးသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Mr. Li Qiang၊ ကမ္ဘောဒီးယားဘုရင့်နိုင်ငံဝန်ကြီးချုပ် H.E. Mr. Hun Manet၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Sonexay Siphandone၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E. Ms. Paetongtarn Shinawatra၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Mr. Pham Minh Chich ၊ အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ Mr. Masatsugu Asakawa နှင့် မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၊တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စာမျက်နှာ ၁၆ ကော်လံ ၁** ⚐




ရတနာပုံ
၂၀၂၄ ခုနှစ် နိုဝင်ဘာ ၈ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အောင်မြင်သည့်ခရီးစဉ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန် နိုဝင်ဘာ ၅ ရက်နေ့က ထွက်ခွာခဲ့သည်။ နိုင်ငံတော်ဝန်ကြီးချုပ်ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ဖိတ်ကြားချက်အရ အဋ္ဌမအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး၊ (၁၀) ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ ထိပ်သီးအစည်းအဝေး၊ (၁၁) ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးတို့သို့ တက်ရောက်လျက်ရှိသည်။

အဆိုပါခရီးစဉ်အတွင်း နိုင်ငံတော်ဝန်ကြီးချုပ်ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ထိပ်သီးအစည်းအဝေးများသို့တက်ရောက်ခြင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရအဖွဲ့တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်းအပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အထင်ကရနေရာများ၊ တက္ကသိုလ်များနှင့်စက်ရုံ၊ အလုပ်ရုံများသို့ လေ့လာမည်ဖြစ်သည်။ နိုင်ငံတော်ဝန်ကြီးချုပ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ စတင်ရောက်ရှိသည့် နိုဝင်ဘာ ၅ ရက်နေ့ နေ့လယ်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ ကျင်းပပြုလုပ်သော တရုတ်-မြန်မာ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းရှင်များတွေ့ဆုံပွဲသို့တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။

အဆိုပါတွေ့ဆုံပွဲတွင် နိုင်ငံတော်ဝန်ကြီးချုပ်က **"ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးခြင်းဖြင့် မိမိတို့ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုအလားအလာများကို ယခုနေရာမှမျှဝေခွင့်ရခဲ့ကြောင်း၊ ယခုအခမ်းအနားမှတစ်ဆင့် မိမိတို့နှစ်နိုင်ငံအကြား ရေရှည်တည်တံ့ခိုင်မြဲပြီး အနာဂတ်တွင် ပိုမိုကောင်းမွန်သည့် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်နိုင်မည်ဟု ယုံကြည်ကြောင်း"**ဟူ၍လည်းကောင်း၊ **"မြန်မာနိုင်ငံအနေဖြင့် လာရောက်ရင်းနှီးမြှုပ်နှံကြသူများ၊ ကုန်သွယ်မှုဆောင်ရွက်သူများအတွက် နစ်နာမှုမရှိစေရေး ကြိုးပမ်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာ၌ အခက်အခဲများကြုံတွေ့ခဲ့ပါကလည်း တင်ပြဆောင်ရွက်သွားနိုင်ပြီး နိုင်ငံတော်အနေဖြင့် ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း"** စသည်ဖြင့် တရုတ်-မြန်မာရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းရှင်များကို မြန်မာနိုင်ငံနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများအတွက် ယုံယုံကြည်ကြည် လာရောက်ရင်းနှီးမြှုပ်နှံဆောင်ရွက်နိုင်ရန် ဖိတ်ခေါ်ဆွေးနွေးခဲ့ပါသည်။

နိုင်ငံတစ်ခုတွင် စီးပွားရေးမောင်းနှင်အား၊ နိုင်ငံရေးမောင်းနှင်အား၊ ကာကွယ်ရေးမောင်းနှင်အားတို့ ကောင်းမွန်နေရန် လိုအပ်သည်။ ထိုသုံးခုအနက် စီးပွားရေးမောင်းနှင်အား ကောင်းမွန်လာသည်နှင့်အမျှ နိုင်ငံရေးနှင့်ကာကွယ်ရေးစွမ်းအားများလည်း ကောင်းမွန်လာမည်ဖြစ်ပြီး ကမ္ဘာ့အလယ်တွင် ဖွံ့ဖြိုးတိုးတက်ပြီး အင်အားကောင်းသည့်နိုင်ငံတစ်ခုအဖြစ် ရပ်တည်နိုင်မည်ဖြစ်သည်။ နိုင်ငံတစ်ခု၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် ထုတ်လုပ်မှုနှင့်ကုန်သွယ်မှု အဓိကဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သည်ဖြစ်ရာ ယခု နိုင်ငံတော်ဝန်ကြီးချုပ် တက်ရောက်အမှာစကားပြောကြားခဲ့သည့် တရုတ်-မြန်မာရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းရှင်များတွေ့ဆုံပွဲသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် ရလဒ်ကောင်းများစွာ ဆောင်ကြဉ်းနိုင်မည့် တွေ့ဆုံပွဲတစ်ခုအပြင် အောင်မြင်သည့်ခရီးစဉ်တစ်ခုအဖြစ်ပါ ဝမ်းမြောက်ဖွယ် တွေ့မြင်ရပါသည်။

ကမ္ဘာ့သမိုင်းကိုလေ့လာကြည့်လျှင်လည်း စီးပွားရေးဖွံ့ဖြိုးသောနိုင်ငံများသည် နိုင်ငံ့အင်အား အဘက်ဘက်တွင် တောင့်တင်းခိုင်မာပြီး စစ်ဘေးစစ်ဒဏ်၊ သဘာဝဘေးဒဏ်များ၏ ထိခိုက်မှုနှင့် ကြုံတွေ့စေကာမူ နိုင်ငံကိုအမြန်ဆုံးပြန်လည်ထူထောင်နိုင်စွမ်းရှိမှုတို့ကို တွေ့ရမည်ဖြစ်သည်။ နိုင်ငံ၏ ရှိနှင့်ပြီး အခြေခံကောင်းများနှင့် နိုင်ငံသားတို့၏အလုပ်လုပ်နိုင်စွမ်းအပြင် မိတ်ဆွေနိုင်ငံများ၏ စီးပွားရေးအရကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမို တိုးတက်ခိုင်မြဲလာမှုတို့သည် နိုင်ငံတော်၏စီးပွားရေး ပိုမိုအားကောင်းလာစေပြီး နိုင်ငံသူ နိုင်ငံသားများအားလုံး၏ လူမှုစီးပွားဘဝများလည်း ဆက်လက်ဖွံ့ဖြိုးတိုးတက်လာမည်ပင်ဖြစ်ပါကြောင်း ယုံကြည်ရေးသားလိုက်ရပါသည်။

# စစ်ကိုင်းမြို့နယ်တွင် နေကြာ ၆၀၆၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**စစ်ကိုင်း နိုဝင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၆၀၆၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၃၁၃၃၇ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၆၀၆၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ စစ်ကိုင်းမြို့နယ်အတွင်း နေကြာ ဧက ၃၀၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၆၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပြည်ပကတင်သွင်းတဲ့စားအုန်းဆီကို လျှော့ချနိုင်ဖို့ နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ နေကြာဟာ မြေပဲ၊ နှမ်းတွေထက် ဆီထွက်ရှိမှုပိုများပါတယ်။ နေကြာကို ဆောင်းမှာပဲ စိုက်တာများပါတယ်" ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဦးက ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် နေကြာတိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် နေကြာစိုက်ပျိုးသည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေသြဇာများ ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၂၀၆)

# တောင်သာဘက်ကထွက်ရှိသည့် ကြက်သွန်နီများ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းမွန်လျက်ရှိ



**မန္တလေး နိုဝင်ဘာ ၇**

တောင်သာဘက်က ထွက်ရှိသည့်ကြက်သွန်နီများ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း အောင် ကြက်သွန်နှင့်အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

လက်ရှိတွင် တောင်သာဘက်ကထွက်ရှိသည့် ကြက်သွန်နီများကို မန္တလေးဈေးကွက်အတွင်း ကုန်သည်များ ဝယ်ယူမှုများလာပြီး အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း၊ ပြည်ပနိုင်ငံဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နှင့်အိန္ဒိယနိုင်ငံဘက်ကလည်း ကြက်သွန်နီဝယ်ယူမှု များပြားလျက်ရှိကြောင်း သိရသည်။

"အခုလက်ရှိ ဆိပ်ဖြူနဲ့မြင်းခြံဘက်ကထွက်တဲ့ကြက်သွန်နီတွေ မန္တလေးဈေးကွက်ထဲ အရောင်းအဝယ်ကောင်းသလို တောင်သာဘက်ကထွက်ရှိတဲ့ ကြက်သွန်နီတွေလဲ အရောင်းအဝယ်အတော်ကောင်းမွန်နေပါတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ တောင်သာဘက်ကထွက်ရှိသည့် ကြက်သွန်နီတစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ ခန့်ထိပေါက်ဈေးရှိပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း သိရသည်။

"အခုလတ်တလောကတော့ တောင်သာဘက်က ထွက်ရှိတဲ့ ကြက်သွန်နီတွေ မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ်ဖြစ်နေပါတယ်။ ပြည်ပနိုင်ငံတွေက ကြက်သွန်နီအဝယ်များရင်တော့ မန္တလေးဈေးကွက်ထဲ အရောင်းအဝယ်က ဒီထက်ပိုပြီးကောင်းမွန်လာဖို့ရှိပါတယ်"ဟု အောင် ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။ (၁၈၄)

# မန္တလေး ကားဈေးကွက်၊ ဆိုင်ကယ်ဈေးကွက်

**မန္တလေး နိုဝင်ဘာ ၇**

မန္တလေး ကားဈေးကွက်တွင် အရောင်းအဝယ်အေးနေဆဲဖြစ်ပြီး ငွေကျပ်သိန်း ၅၀၀ ခန့် နံပါတ်ထွက်ပြီးသား ဟွန်ဒါဖစ်၊ ဟွန်ဒါအင်ဆိုက်၊ ဘယ်တာ၊ အေဒီဗင် စသည့် ကားဟောင်းများသာ အရောင်းအဝယ် အနည်းငယ်ရှိနေကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

မော်ဒယ်မြင့်၊ ဈေးနှုန်းမြင့်ကားများ အရောင်းအဝယ်ပိုင်း သိသိသာသာအေးနေပြီး အဆိုပါကားများ လျှော့ဈေးဖြင့်ရောင်းမှသာ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ကားဈေးတွေက ဒီတစ်ပတ်ထဲ အတော်ကို မငြိမ်ဘူးလို့ပြောရမှာမယ်။ ကားဈေးတွေမငြိမ်တော့ အရောင်းအဝယ်ပိုင်းပါ ထိလာတယ်။ လက်ရှိမှာတော့ နံပါတ်ထွက်ပြီးသား ကားဟောင်းတွေပဲ အရောင်းအဝယ်ဖြစ်နေပါတယ်" ဟု ကားဝယ်ရောင်းပြုလုပ်သူ ဦးဇော်ကြီးက ပြောပြသည်။

ထို့ပြင် ကားဈေးနှုန်းများမှာ အတက်ဈေးများဖြင့် ငြိမ်သက်နေပြီး လျှပ်စစ်ကားများအရောင်းအဝယ်ဖြစ်မှုနည်းကာ ငွေကျပ်သိန်း ၁၃၀၀ ခန့် ပေါက်ဈေးရှိကြောင်း၊ ၆၆၀ စီစီ ပစ်ကပ်ကားလေးများတွင်လည်း ဟိုက်ဂျက် အော်တို ငွေကျပ် သိန်း ၂၀၀ ခန့်၊ Manual ငွေကျပ် ၁၇၅ သိန်း ခန့် ဈေးပေါက်နေပြီး အခြားသော ခွေးဘီလူးကားများမှာ Manual ငွေကျပ်သိန်း ၁၇၀၊ Auto ငွေကျပ်သိန်း ၁၆၀ ခန့်ဖြင့် အရောင်းအဝယ်ရှိနေကြောင်း သိရသည်။

မန္တလေးဆိုင်ကယ်ဈေးကွက်တွင် တစ်ပတ်ရစ်ဘီးများသာ အရောင်းအဝယ် ပြုလုပ်နေရဆဲဖြစ်ပြီး တရုတ်ဘီးများမှာ အနည်းဆုံး ငွေကျပ် ခုနစ်သိန်းခန့် ရှိကြောင်း ဆိုင်ကယ်ဈေးကွက်အတွင်းမှ သိရသည်။

"တစ်ပတ်ရစ်ဘီးတွေက ဈေးမကျပေမဲ့ ပုံမှန်အတိုင်းအရောင်းအဝယ်ရှိတယ်။ ဘီးအဟောင်းထဲ အနည်းဆုံး ငွေကျပ် ခုနစ်သိန်းလောက်မှ လက်တင်စီးရတယ်။ လျှပ်စစ်ဘီးတွေက ဝင်ရောက်တဲ့ အစီးရေနည်းတော့ အရောင်းအဝယ်ဖြစ်တာလဲနည်းတယ်"ဟု ဆိုင်ကယ်ဝယ်ရောင်းပြုလုပ်သူ ဦးမင်းနိုင်က ပြောပြသည်။

လျှပ်စစ်ဆိုင်ကယ်များလည်း အရောင်းအဝယ်ဖြစ်မှု အနည်းငယ်သာရှိပြီး လျှပ်စစ်ဆိုင်ကယ်များသည် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ အများဆုံးဝင်ရောက်ကာ အနည်းဆုံးငွေကျပ် ၁၅ သိန်းခန့်မှ သိန်း ၅၀ ကျော်ထိပေါက်ဈေးရှိကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ထိုင်းနိုင်ငံထုတ် Scoopy i အမျိုးအစား ဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၄၈ သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် သိန်း ၂၀ မှ ၃၅ သိန်းခန့်ဈေးရှိကြောင်း သိရသည်။ (၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

## အလှူရှင်များသို့ တိုက်တွန်းပန်ကြားချက်

၁။ နိုင်ငံအတွင်း လတ်တလောဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် ခေတ္တလာရောက်နေထိုင်နေသူများနှင့် ရေဘေးသင့်ကျေးရွာ၊ ရပ်ကွက်များရှိ မိမိတို့၏ နေအိမ်များတွင် နေထိုင်လျက်ရှိသည့် ပြည်သူများအတွက် အလှူရှင်များက စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အစားအသောက်များ လာရောက်လှူဒါန်းနေမှုများအား ဝမ်းမြောက်ဝမ်းသာစွာတွေ့ရှိရပါသည်။

၂။ သို့ရာတွင် ပတ်ဝန်းကျင်ရာသီဥတုအခြေအနေအရ အလှူရှင်များက ပြင်ဆင်ချက်ပြုတ်လာသော အစားအသောက်များကို ချက်ချင်းစားသုံးခြင်းမပြုဘဲ သိုလှောင်သိမ်းဆည်းထားစဉ် အစာအဆိပ်သင့်ဖြစ်ပွားစေသော ရောဂါပိုးများ ပေါက်ဖွားရှင်သန်စေမှုဖြစ်စေနိုင်ခြင်း၊ စားသုံးရန်မသင့်သည့်အခြေအနေများသို့ ရောက်ရှိစေနိုင်ခြင်းနှင့် အဆိုပါအစားအသောက်များကို စားသောက်မိပါက အော့အန်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်းစသည့် ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲရောဂါများ ဖြစ်ပေါ်နေမှုများကြောင့် ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးကိုထိခိုက်စေကြောင်း တွေ့ရှိရသည်။

၃။ သို့ပါ၍ အလှူရှင်များအနေဖြင့် အစားအသောက်များ လာရောက်လှူဒါန်းရာတွင် ပြင်ဆင်ချက်ပြုတ်ထားသော အစားအစာများဖြင့် လှူဒါန်းခြင်းမျိုးမပြုဘဲ စခန်းများတွင် နေထိုင်သူများအား ပူပူနွေးနွေးချက်ပြုတ်ကျွေးမွေးနိုင်ရန် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးခြောက်၊ ကြက်ဥ၊ ဘဲဥနှင့် ချက်ပြုတ်ရန် လတ်ဆတ်သော အသား၊ ငါး စသည်တို့ကို ပေးပို့လှူဒါန်းခြင်း၊ ပေးပို့လှူဒါန်းရာတွင် မြို့နယ်အလိုက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ ကြီးကြပ်ရေးအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့များမှ တစ်ဆင့်သာ ပေးပို့လှူဒါန်းခြင်းနှင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် တာဝန်ယူဆောင်ရွက်နေကြသော စီမံခန့်ခွဲမှုအဖွဲ့နှင့် ကျန်းမာရေး ဝန်ထမ်းများက စခန်းများတွင် လှူဒါန်းကြသော အစားအသောက်များအား ကျန်းမာရေးနှင့်ညီညွတ်စေရန်နှင့် သန့်ရှင်းမှုရှိစေရန် ကြီးကြပ်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ မဟာမင်းထင်တိုက် အောင်ရတနာကျောင်း တိုက်အုပ်ဆရာတော် ဘဒ္ဒန္တဝိလာသဂ္ဂ၊ ဘဒ္ဒန္တခေမာစာရတို့အား အမှူးထား၍ ဦးစည်သူလွင် - ဒေါ်ဇာနည်လင်း၊ သမီး မမြတ်ဘုန်းသခင် မိသားစုက ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၁၀၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင်၊ ဆေးရုံအုပ် ဒေါက်တာဦးတင်ဝင်းတို့က လက်ခံရယူစဉ်။

## ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန် ၄၁၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ပွင့်ဖြူ နိုဝင်ဘာ ၇

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန် ၄၁၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကြက်သွန် ၁၁၅၂ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၁၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

“ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဒေသခံတောင်သူတွေက သီးနှံဝင်ငွေတိုးပွားစေဖို့နဲ့ စားရေရိက္ခာဖူလုံစေဖို့ ရည်ရွယ်ပြီး စားဖိုဆောင်သီးနှံဖြစ်တဲ့ ကြက်သွန်နီနဲ့ ကြက်သွန်ဖြူစိုက်ပျိုးရေးလုပ်ငန်းကို အောက်တိုဘာလ ပထမပတ်က စတင်စိုက်ပျိုးနေကြပါတယ်။ ဒီနေ့ထိ ကြက်သွန်နီ ၃၇၃ ဧက၊ ကြက်သွန်ဖြူ ၃၈ ဧက စုစုပေါင်း ၄၁၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စားဖိုဆောင်သီးနှံ စိုက်ပျိုးရေးနဲ့ပတ်သက်ပြီး အော်ဂဲနစ်စိုက်ပျိုးရေးနည်းစနစ်တွေနဲ့အညီ စိုက်ပျိုးကြဖို့၊ အထွက်နှုန်းကောင်းစေဖို့ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးကြဖို့ တောင်သူတွေကို စိုက်ပျိုးရေး အသိပညာပေးတာတွေ ဆောင်ရွက်နေပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်၌ ကြက်သွန်စိုက်ပျိုးရေးလုပ်ငန်းကို ဆည်တော်ကျေးရွာ၊ မဲဇလီကျေးရွာ၊ ကြူဝန်းကျေးရွာ၊ အနောက်လေးအိမ်ကျေးရွာ၊ ထန်းတောကျေးရွာ၊ ညောင်ပင်ဝိုင်းကျေးရွာ၊ ထူးပေါက်ကျေးရွာ၊ ကျွဲခြံကျေးရွာ၊ လယ်မကျေးရွာ၊ အင်းနက်ကျေးရွာနှင့် မုန်းချောင်းဘေးတစ်လျှောက်ရှိ ကျေးရွာများ၌ အများဆုံးစိုက်ပျိုးကြကြောင်း ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ရဲဝင်းနိုင် (ညောင်ဦး)

## မိတ္ထီလာမြို့နယ် ရေချိုရွာမကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

မိတ္ထီလာ နိုဝင်ဘာ ၇

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေချိုကျေးရွာအုပ်စု ရေချိုရွာမကျေးရွာ၌ ပထမအကြိမ်မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နှင်းအိထွေးက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးနှင့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင် ကျေးရွာစီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိ ဒေါ်နှင်းအိထွေးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၃၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် များက ရေချိုရွာမကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၄၀၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၃ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ တစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၇ ဦးကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

နီလာ

## မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးရှဉ့်ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

မအူပင် နိုဝင်ဘာ ၇

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးရှဉ့်ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ်ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ယုယုဝေက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်းက ငါးရှဉ့်ပိဿာချိန် ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ငါးရှဉ့်ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ပြည်တွင်းမှ ငါးရှဉ့်များကို ပြည်ပဈေးကွက်သို့ တင်ပို့မှု အားကောင်းလာသည့်အတွက် ငါးရှဉ့်များကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအားကောင်းလာခြင်း ဖြစ်ကြောင်း သိရသည်။


"ငါးရှဉ့်တွေ သိသိသာသာကို တင်ပို့မှု အားကောင်းခဲ့ပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်း ငါးရှဉ့်ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒေသထွက် ငါးရှဉ့်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချတာဖြစ်ပါတယ်။ ရန်ကုန်ဈေးကွက်ကနေတစ်ဆင့် အခြားပြည်တွင်း၊ ပြည်ပဈေးကွက်တွေဆီ ဆက်လက်ဖြန့်ဖြူးရောင်းချတာပါ"ဟု မအူပင်မြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ယုယုဝေက ပြောပြသည်။

မအူပင်မြို့နယ်တွင်အောက်တိုဘာလအတွင်း တင်ပို့ရောင်းချခဲ့ရသည့် ငါးရှဉ့် ၁၀ ပိဿာလျှင် ငွေကျပ် ၁၃၅၀၀၀ ထိ ဈေးပေါက်ခဲ့ကြောင်း၊ အဆိုပါဒေသတွင် ငါးရှဉ့်မွေးမြူရေးလုပ်ငန်းနှင့် သဘာဝအတိုင်း ချောင်း၊ အင်းအိုင်၊ မြောင်း၊ လယ်ကွင်းများမှ ရှာဖွေဖမ်းဆီးရရှိသည့် ငါးရှဉ့်များ ထွက်ရှိကြောင်း၊ ဒေသထွက် ငါးရှဉ့်များကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချပြီး ရန်ကုန်ဈေးကွက်မှ တစ်ဆင့် ပြည်ပနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း



# စွန့်ဦးတီထွင် စွမ်းဆောင်ရှင်အမျိုးသမီးကြီး အဘွားဒေါ်ဦးဇွန်း



အဘွားဒေါ် ဦးဇွန်း

ကိုယ်တိုင်လည်း သက်ကြီးရွယ်အိုဘဝသို့ရောက်လာသလို ကိုယ့်ထက်အသက်ကြီးသည့် သက်ကြီးရွယ်အို အဘိုးအဘွားများကို မြင်တွေ့ရလေတိုင်း **"အဘွားဒေါ်ဦးဇွန်း"**ကို သတိရနေမိပါသည်။ အထူးသဖြင့် သိမ်ဖြူလမ်းရှိ ဘရင်ဂျီသီလရှင်များ၏ဘိုးဘွားရိပ်သာနှင့် ကမ္ဘာအေးဘုရားလမ်းရှိ နှင်းဆီကုန်း ဘိုးဘွားရိပ်သာရှေ့များမှ ဖြတ်သွားရလေတိုင်း **"အဘွားဒေါ်ဦးဇွန်း"**ကို ပိုမို၍ သတိရနေမိပါသည်။ ပိုမို၍သတိရစေသည့် အကြောင်းရင်းကလည်း ရှိခဲ့ပါသည်။

နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးအမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ရှိန် (ဦးဆောင်ညွှန်ကြားရေးမှူး (ငြိမ်း) B.ABL-ဒုတိယဗိုလ်မှူးကြီး(ငြိမ်း) (ကွယ်လွန်)နှင့် အမှုဆောင်အဖွဲ့ဝင်များ၏ ထွန်းပြောင်သောစေတနာနှင့်စီမံခန့်ခွဲမှုနည်းဗျူဟာများဖြင့် **"တိုင်းကျိုးပြည်ကျိုးဆောင် T.P.S ဘွဲ့ရ ဒေါ်ဦးဇွန်း၏ အတ္ထုပ္ပတ္တိနှင့် စွမ်းဆောင်ချက်များမော်ကွန်းမှတ်တမ်း"**ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး ၈၅ နှစ်မြောက် အထိမ်းအမှတ်အဖြစ် အမှတ်တရထုတ်ဝေရန် စီစဉ်ခဲ့ပါသည်။ ထိုသို့ စီစဉ်ခဲ့ရာတွင် ကျွန်တော်နှင့် ဆရာချစ်နိုင်(စိတ်ပညာ) တို့နှစ်ဦးကလည်း မေတ္တာရပ်ခံချက်အရ ပါဝင်ကူညီပေးခဲ့ကြပါသည်။

တကယ်တော့ နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး ၇၅ နှစ်မြောက် စိန်ရတုအထိမ်းအမှတ် (၁၉၃၃-၂၀၀၈) အတွက် **"ဆရာတက္ကသိုလ်စိန်တင်နှင့် ဆရာမကြီးဒေါက်တာမတင်ဝင်း"**တို့က အမှတ်တရရေးသားထုတ်ဝေခဲ့ကြပြီးဖြစ်ပါသည်။ သို့သော် နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး အမှုဆောင်အဖွဲ့က နောက်၁၀ နှစ်အတွင်း တိုးတက်ဖွံ့ဖြိုးမှုများအပါအဝင် ပိုမို၍ပြည့်စုံနိုင်သမျှပြည့်စုံသော မော်ကွန်းမှတ်တမ်းကြီးကို သမိုင်းဝင်မော်ကွန်းတင်ကျန်အောင် ပြုစုရေးသားမှတ်တမ်းတင်လိုသော စေတနာဆန္ဒပြင်းပြစွာဖြင့် ကြိုးစားခဲ့ခြင်းဖြစ်ပါသည်။

အသက်၃၀အရွယ်တွင် မန္တလေးမြို့၏ဂုဏ်ဆောင် **"ပတ္တမြားအုတ်ကျောင်းအမ"**ဟု ဂုဏ်ပြုခြင်းခံခဲ့ရသည့် အဘွားဒေါ်ဦးဇွန်း။ အရွယ်ကောင်းချိန်မှာ အလှူဒါနသဒ္ဓါတရားကိုသာ အမြဲဦးစားပေးခဲ့သည့် အဘွားဒေါ်ဦးဇွန်း၊ စာနာထောက်ထား၊ အကြင်နာတရားဖြင့် ဘိုးဘွားရိပ်သာငါးခုကို တည်ထောင်ပေးခဲ့သော အဘွားဒေါ်ဦးဇွန်း။ စံပြအားကျအတုယူစရာဝါရင့်စာရေးဆရာကြီး သတင်းစာဆရာကြီး **"လူထုဦးစိန်ဝင်း"**က ကမ္ဘာ့ငြိမ်းချမ်းရေးနိုဘယ်ဆုရှင်ကြီး **"မာသာထရီဇာ"**နှင့် တင်စားဦးခိုက်ပူဇော်ခြင်းကိုခံယူခဲ့ရသော အဘွားဒေါ်ဦးဇွန်း၊ "ကျောင်းအမကြီး ဒေါ်ဦးဇွန်းရဲ့သဒ္ဓါတရားနဲ့ ယုံကြည်ချက်ဟာ တကယ့်အာဇာနည်စိတ်ဓာတ်ဖြစ်ပါတယ်။ ဒီအမျိုးသမီးကြီးမျိုး ကမ္ဘာမှာအတုမရှိပါဘူး။ ကျွန်မတို့လူမျိုးအဖို့လဲ အကျိုးကျေးဇူးကြီးမားလှပါတယ်။ ဒါကြောင့် အကြိမ်ကြိမ်သာဓုခေါ်ရတာနဲ့အတူ စည်းစိမ်ရော၊ ဘဝရော၊ အသက်ရောပေးလှူသွားပြီး တစ်သက်ပန်လုံးဆောင်ရွက်သွားသူပါပေတကားလို့ အံ့သြချီးကျူးရပါတယ်"ဟု နာမည်ကျော်သတင်းစာဆရာမကြီး၊ စာရေးဆရာမကြီး **"လူထုဒေါ်အမာ"**က ညွှန်းဆိုဂုဏ်ပြုခြင်းခံယူခဲ့ရသော အဘွားဒေါ်ဦးဇွန်း။ ဗုဒ္ဓဘာသာသာသနာ ထွန်းကားပြန့်ပွားရေးနှင့် ကိုယ့်အမျိုးသား အဘိုးအဘွားများ၏ဘဝနေညိုချိန်ကို စိုပြည်သာယာစေရေးအတွက် အသက်ကုန်ဆုံးသည်အထိ မေတ္တာ၊ စေတနာ၊ ကရုဏာထားခဲ့သော ပရဟိတမိခင်ကြီး အဘွားဒေါ်ဦးဇွန်း။ မြန်မာနိုင်ငံ၏ ပြိုင်စံရှား အဘွားဒေါ်ဦးဇွန်းကို လူသိများခဲ့ကြပါသည်။

**"သင်လည်းဤသို့အိုရအံ့"**ဟူသော အဘွားဒေါ်ဦးဇွန်း တည်ထောင်ခဲ့သည့် ဘိုးဘွားရိပ်သာများ၏ဆောင်ပုဒ်နှင့်အမှတ်တံဆိပ်ကို မြင်တွေ့ကြရသူတိုင်း ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏတရားကို ဆင်ခြင်သုံးသပ်ကြရန် လှုံ့ဆော်သတိပေးနေသည်ဟု ခံယူထားကြစေချင်ပါသည်။ ဇာတိနှင့်ဇရာက အလှမ်းကွာသေးသော်လည်း ဇရာနှင့် ဗျာဓိ၊ ဗျာဓိနှင့် မရဏတို့ကတော့ ကျောချင်းကပ်၊ ရင်ချင်းအပ်နေကြသလို အလွန်ပင်နီးကပ်နေကြလေရာ သံဝေဂရဖွယ်ကောင်းလွန်းလှပါသည်။ မရဏာနုဿတိကမ္မဋ္ဌာန်း စီးဖြန်းလိုကြပါက သုသာန်သင်္ချိုင်းများမှာသာမက ဘိုးဘွားရိပ်သာများတွင်လည်း သွားရောက်လေ့လာရှုပွားဆင်ခြင်ကြစေချင်ပါသည်။

**ဘာသာရေးကိုအခြေခံတဲ့ အဘွားဒေါ်ဦးဇွန်းရဲ့ လူအိုရုံဒါန**

မန္တလေးမြို့ ၈၄ လမ်း၊ ကျောက်သွေးတန်းသူ အဘွားဒေါ်ဦးဇွန်းသည် ၁၂၃၀ ခုနှစ် ဝါခေါင်လဆန်း ၅ ရက်နေ့တွင် မွေးဖွားခဲ့ရာ အသက် ၁၆ နှစ်အရွယ်တွင် မိဘအမွေပိုးကုန်သည်လုပ်ငန်းကို ကျွမ်းကျင်နေလေပြီ။ အသက် ၂၂ နှစ်အရွယ်တွင် မိဘနှစ်ပါး၊ ရှေ့ဆင့်နောက်ဆင့်ကွယ်လွန်သွားခဲ့ကြသည်။ အလှသွေးစနေသွေးကြွယ်ဝနေသော ထိုအရွယ်က အဘွားဒေါ်ဦးဇွန်းသည် မိန်းကလေးဖြစ်လင့်ကစား ယောကျ်ားလေးများနှင့်မခြား ဖွဲ့လုံ့လသတ္တိစွမ်းရည်အပြည့်ရှိသလို အတွေးအခေါ်အမြော်အမြင်ကြီးမားလှပါသည်။ တရားသံဝေဂရနေသော မဦးဇွန်း အရွယ်ကောင်းချိန်တွင် အိမ်ထောင်လုံးဝမပြုဘဲ ယောကျ်ားတွေနှင့်ရင်ပေါင်တန်းကာ တစ်ကိုယ်တော်ကြိုးပမ်းနိုင်စွမ်းရှိခဲ့သည်။ ငွေကြေးခနကြွယ်ဝကြသော မိဘနှစ်ပါးကွယ်လွန်သွားကြသောအခါ သူတို့နောက်မှာ ဘာမျှပါမသွားသည်ကို သံဝေဂရသွားသည်။ ပိုးကုန်သည်လုပ်ငန်းကို ပိုမိုတိုးတက်အောင်ကြိုးစားနေရင်းက မိဘနှစ်ပါးအတွက် ရည်စူးအမျှပေးဝေနိုင်သည့် ပတ္တမြားအုတ်ကျောင်းကို ဆောက်လုပ်လှူဒါန်းခဲ့သည်။ အသက် ၃၀ နှစ်အရွယ်တွင် မန္တလေးမြို့ဂုဏ်ဆောင် **"ပတ္တမြားအုတ်ကျောင်းအမ"** ဟု ဂုဏ်ပြုခြင်းခံခဲ့ရသည်။

အဘွားဒေါ်ဦးဇွန်းသည် ပိုးကုန်သည်ဘဝ နိုင်ငံတော်အနှံ့ခြေဆန့်ခဲ့ရာတွင် ရောက်ခဲ့သည့်နေရာဌာနတိုင်းတွင် တန်ခိုးကြီးဘုရားစေတီများကို လှည့်လည်ဖူးမြော်နေခဲ့သလို ဘုရားကျောင်းကန်များတွင် အလှူငွေများ၊ ပေးအပ်လှူဒါန်းလေ့ရှိသည်။ ရန်ကုန်မြို့သို့ရောက်ခဲ့သောအခါကလည်း တန်ခိုးကြီးဘုရားများကို လှည့်လည်ဖူးမြော်အပြီး ယခု သိမ်ဖြူလမ်းရှိ ပြင်သစ်ဘရင်ဂျီသာသနာပြုသီလရှင်များ၏ လူအိုရုံသို့ ရောက်ခဲ့သည်။ ပြင်သစ်သီလရှင်တစ်ဦးက ဒေါ်ဦးဇွန်းကို လူအိုရုံအတွင်း လှည့်လည်ပြသစဉ် နေပူဆာလှုံနေသော မြန်မာအဘွားအိုတစ်ဦးကို တွေ့ရာ ပြင်သစ်သီလရှင်က ထိုအဘွားအိုအား "အမေကြီးနေကောင်းရဲ့လား"ဟု မြန်မာစကားမပီကလာပီကလာနှင့် နှုတ်ဆက်မေးမြန်းသည်။ မြန်မာအဘွားအိုက "သမီးတို့ကျေးဇူးကြောင့် နေကောင်းပါတယ်။ သမီးတို့ကျေးဇူးကို တုံ့ပြန်တဲ့အနေနဲ့ ငါ့သမီးတွေကျန်းမာချမ်းသာစေဖို့ နေ့တိုင်း ညတိုင်း မေတ္တာပို့ပါတယ်"ဟု တုံ့ပြန်စကားပြောကြားခဲ့သည်။

ထိုအခါ ပြင်သစ်သီလရှင်က "အို ဒီလိုမဟုတ်ဘူး အမေကြီး။ ကျွန်မတို့ကို ကျေးဇူးမတင်ရဘူး။ အမေကြီးတို့ အခုလို ချမ်းချမ်းသာသာနေရတာဟာ ထာဝရဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောင့်ဖြစ်တယ်။ ထာဝရ ဘုရားသခင်ဟာ ဒီကမ္ဘာလောကကြီးမှာ ရှိရှိသမျှအရာဝတ္ထုအားလုံးကို ဖန်ဆင်းပေးတော်မူတယ်။ အမေကြီးတို့ အခုလို ချမ်းချမ်းသာသာနေရအောင် ထာဝရဘုရားသခင်က စောင်မတော်မူတာပဲ။ ဒါကြောင့် ဘုရားသခင်ကိုပဲ ကျေးဇူးတင်ရမယ်နော် အမေကြီး"ဟု ပြန်လည်ပြောဆိုသည်။

အနီးအနားတွင် နားထောင်နေသော အဘွားဒေါ်ဦးဇွန်း၏ စိတ်ထဲတွင်ကား "ဘုရား ဘုရား ဒီအမေကြီးမှာ အိုကြီးအိုမကြီးတောင်ကြီးမား ခိုကိုးရာမဲ့ဘဝရောက်မှ ဗုဒ္ဓဘာသာကနေ ခရစ်ယာန်ဘာသာပြောင်းရမလို ဗုဒ္ဓ ဘာသာကို စွန့်လွှတ်ရတော့မလို ဖြစ်နေပါကလား"ဟု ရင်နင့်ကြေကွဲစွာ သံဝေဂရသွားခဲ့ပြီး ချောက်ချားတုန်လှုပ်သွားကာ ယူကျုံးမရခံစားခဲ့ရသည်။ ထို့ကြောင့် ဘုရင့်နောင် ဖောင်ဖျက်ကိန်းစိတ်ဓာတ်၊ ဘာသာသာသနာ ထွန်းကားပြန့်ပွားစေချင်သော မျိုးချစ်စိတ်ဓာတ်များနှင့် ပိုင်ဆိုင်သမျှပစ္စည်းများအားလုံးကိုရောင်းချကာ လူအိုရုံများတည်ထောင်ရန် ကြိုးစားလှုပ်ရှားခဲ့သည်။

အဘွား ဒေါ်ဦးဇွန်းသည် အသက် ၄၆ နှစ်အရွယ်မှစ၍ တစ်ချိန်က လူအိုရုံဟုခေါ်ခဲ့ကြသော ပြုစုစောင့်ရှောက်ခဲ့သော လူအိုရုံ (ခေါ်) ဘိုးဘွားရိပ်သာငါးခုကို အဘွားဒေါ်ဦးဇွန်းက ၎င်း၏ငွေကြေးများဖြင့် တည်ထောင်ခဲ့ရာ-

(၁) မင်းကွန်းလူအိုရုံ - ၁၂၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၁၂) ရက်၊ ၁၉၁၅ ခုနှစ် ဇန်နဝါရီ ၁၂ ရက် (တနင်္လာနေ့)တွင် တည်ထောင်ခဲ့သည်။

(၂) သထုံလူအိုရုံ - ၁၂၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၁၄)ရက်၊ ၁၉၂၄ ခုနှစ် မတ် ၄ ရက် (အင်္ဂါနေ့)တွင် တည်ထောင်ခဲ့သည်။

(၃) ပေါင်းတည်လူအိုရုံ - ၁၂၉၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၅)ရက်၊ ၁၉၃၀ ပြည့်နှစ် မတ် ၁၈ ရက် (အင်္ဂါနေ့)တွင် တည်ထောင်ခဲ့သည်။

(၄) နှင်းဆီကုန်းလူအိုရုံ- ၁၂၉၄ ခုနှစ်၊ ပြာသိုလဆန်း(၆) ရက်၊ ၁၉၃၃ ခုနှစ် ဇန်နဝါရီ ၁ ရက် (တနင်္ဂနွေနေ့)တွင် တည်ထောင်ခဲ့သည်။

(၅) ပခုက္ကူလူအိုရုံ - ၁၂၉၉ (၁၉၃၇) ခုနှစ်တွင် တည်ထောင်ခဲ့သည်။

အဘွားဒေါ်ဦးဇွန်းသည် မြန်မာသက္ကရာဇ် ၁၂၉၃ ခုနှစ် အသက် ၆၃ နှစ်အရွယ်တွင် ပေါင်းတည်လူအိုရုံ၌ သီလရှင်ဝတ်ခဲ့ရာ **"ဘွားသုမာလာ"** ဘွဲ့အမည်ကို ခံယူခဲ့သည်။ သီလရှင်ဘဝနှင့်ပင် ၁၃၀၆ ခုနှစ် ကဆုန်လပြည့်ကျော်(၅)ရက် (၁၀-၃-၁၉၄၄) ရက်နေ့ အသက် ၇၆ နှစ်အရွယ်တွင် မင်းကွန်းဘိုးဘွားရိပ်သာ၌ ကွယ်လွန်သွားခဲ့သည်။ ကွယ်လွန်ခါနီး၌ပင် အဘိုးအဘွားတွေအရေးကို ရတက်မအေး ပူပင်ပေးနေခဲ့သေးသည်။ အဘွားဒေါ်ဦးဇွန်းကွယ်လွန်သွားသည်မှာ နှစ်ပေါင်း ၈၀ ကျော်ခဲ့သော်လည်း အဘွားဒေါ်ဦးဇွန်း (ဒေါ်သုမာလာ)၏ စွမ်းဆောင်ဂုဏ်ရည်အမည်က ဘယ်သောအခါမျှ သေဆုံးမည်မဟုတ်ပေ။ အဘွားဒေါ်ဦးဇွန်း ငွေအား၊ လူအားဖြင့် တည်ထောင်ခဲ့သော ဘိုးဘွားရိပ်သာငါးခုကလည်း ရှင်သန်ဖွံ့ဖြိုးတိုးပွားစည်ပင်လျက်ရှိနေကြပါသည်။ အဘွားဒေါ်ဦးဇွန်းသာ သက်ရှိထင်ရှားရှိပါက ယခုဆိုလျှင် အသက် ၁၅၆ နှစ်ကျော်၍ အသက် ၁၅၇ နှစ်အရွယ်သို့ ရောက်ပေတော့မည်။

**❖အဘွားဒေါ်ဦးဇွန်းသည် အသက် ၄၆ နှစ်အရွယ်မှစ၍ တစ်ချိန်က လူအိုရုံဟုခေါ်ခဲ့ကြသော ဘိုးဘွားရိပ်သာများကို ၎င်းပိုင်ငွေများနှင့် အခြားလှူဒါန်းမှုအစုစုဖြင့် တည်ထောင်ပေးခဲ့ရာ မြန်မာအမျိုးသမီးလောကတွင် ပြောစမှတ်ဖြစ်ကျန်ခဲ့သည်။ ကိုယ်ကျိုးမငဲ့ကွက်ဘဲ အများအကျိုးအတွက် စွန့်လွှတ်စွန့်စားသူ၊ မေတ္တာ၊ စေတနာ၊ ကရုဏာရှင်ကြီးအဖြစ် စွန့်ဦးတီထွင် စွမ်းဆောင်ရှင် အာဇာနည်အမျိုးသမီးကြီးအဖြစ် သမိုင်းဝင် မော်ကွန်းတင်သွားခဲ့သည်။ ❖**

ဘိုးဘွားရိပ်သာများကို ၎င်းပိုင်ငွေများနှင့် အခြားလှူဒါန်းမှုအစုစုဖြင့် တည်ထောင်ပေးခဲ့ရာ မြန်မာအမျိုးသမီးလောကတွင် ပြောစမှတ်ဖြစ်ကျန်ခဲ့သည်။ ကိုယ်ကျိုးမငဲ့ကွက်ဘဲ အများအကျိုးအတွက် စွန့်လွှတ်စွန့်စားသူ၊ မေတ္တာ၊ စေတနာ၊ ကရုဏာရှင်ကြီးအဖြစ် စွန့်ဦးတီထွင်စွမ်းဆောင်ရှင် အာဇာနည်အမျိုးသမီးကြီးအဖြစ် သမိုင်းဝင်မော်ကွန်းတင်သွားခဲ့သည်။ ထို့ကြောင့်လည်း အင်္ဂလိပ်အစိုးရက ပြိုင်စံတင့်မွန်း၊ အဘွားဒေါ်ဦးဇွန်းအား "တိုင်းကျိုးပြည်ကျိုးဆောင် T.P.S ဘွဲ့ကို (TAINGKYO PYIKYO SAUNG) ပေးအပ်ဂုဏ်ပြုချီးမြှင့်ခဲ့ပြီး နိုင်ငံနှင့်အဝန်း မီးရထားနှင့် သင်္ဘောခရီးလမ်းများတွင် အခမဲ့စီးနင်းခွင့်ပြုခဲ့သည်။ အဘွားဒေါ်ဦးဇွန်းတစ်ဦးတည်းသာမက အဘွားဒေါ်ဦးဇွန်းနှင့်ခရီးသွားဖော်သွားဖက်ကိုလည်း အခမဲ့စီးနင်းခွင့်ပြုခဲ့သည်။

မြန်မာ့သမိုင်းတွင် ခိုကိုးရာမဲ့ဘိုးဘွားများကို

**လက်တွေ့ကွင်းဆင်းလေ့လာခြင်းခရီးစဉ်**

"တိုင်းကျိုးပြည်ကျိုးဆောင် T.P.S ဘွဲ့ရ ဒေါ်ဦးဇွန်း

စာမျက်နှာ ၅ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အခမ့ဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးပြေမ ပိဿာချိန် ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**မော်လမြိုင်ကျွန်း နိုဝင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလ အတွင်း ငါးပြေမပိဿာချိန် ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မာလာက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက်ကုန်အမျိုးမျိုး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး စက်တင်ဘာလအတွင်း ငါးပြေမပိဿာချိန် ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်ထိ ငါးပြေမပိဿာချိန် ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒေသထွက် ငါးပြေမတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူအား ကောင်းခဲ့ပါတယ်။ အောက်တိုဘာလအတွင်း ငါးပြေမပိဿာချိန် ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ပြီးခဲ့တဲ့လတွေကထက် ပိဿာချိန် တော်တော်များများ တင်ပို့ ရောင်းချနိုင်ခဲ့ပါတယ်။ မော်လမြိုင်ကျွန်း မြို့နယ်ကနေ ငါးပြေမအပါအဝင် ရေထွက်ကုန်မျိုးစုံကို ရန်ကုန်ဈေးကွက်သို့ အများဆုံး တင်ပို့ရောင်းချနေပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ်မှ ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မာလာက ပြောပြ၍သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်၌ ငါးပြေမ ၁၀ ပိဿာလျှင် ငွေကျပ် ၁၃၅၀၀၀ထိ ပေါက်ဈေးရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

➤ စာမျက်နှာ ၄ မှအဆက်

အတ္ထုပ္ပတ္တိနှင့် စွမ်းဆောင်ချက်များ မော်ကွန်းမှတ်တမ်း"ပြုစုပေးရန် တာဝန်ယူထားကြသော စာရေးသူနှင့် ဆရာချစ်နိုင်(စိတ်ပညာ)တို့သည် နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးဥက္ကဋ္ဌ ဦးကျော်ရှိန်နှင့်အမှုဆောင်အဖွဲ့၏ လုပ်ငန်းစီမံချက်အစီအစဉ်အရ အသင်းကြီး ပြန်ကြားရေးတာဝန်ခံ အသင်းဒုတိယအုပ်ချုပ်ရေးမှူးဦးကျော်ဝင်း(ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်မှူးငြိမ်း)နှင့်အတူ အဆိုပါဘိုးဘွားရိပ်သာများသို့ ၂၀၁၇ ခုနှစ် အတွင်းက သွားရောက်လေ့လာခဲ့ကြပြီး မှတ်တမ်းပြုစုခဲ့ကြပါသည်။

လေ့လာခဲ့သော ဘိုးဘွားရိပ်သာများအားလုံးသည် ကိုယ့်နည်း ကိုယ့်ဟန်နည်းလမ်းမျိုးစုံဖြင့် စွမ်းဆောင်နိုင်သမျှ စဉ်ဆက်မပြတ် ကြိုးပမ်းထမ်းရွက်ခဲ့ကြရာ အောင်မြင်တိုးတက်နေကြပါသည်။ ၇၅ နှစ်မြောက် စိန်ရတုမဂ္ဂဇင်းများလည်း ထုတ်ဝေခဲ့ကြပါသည်။ သထုံဘိုးဘွားရိပ်သာဆိုပါမူ ရာပြည့်မဂ္ဂဇင်းကိုပင် မကြာခင်က ထုတ်ဝေခဲ့ရာ အမှတ်တရဆောင်းပါး ရေးသားပေးခဲ့ရပါသေးသည်။

ပေါင်းတည်ဘိုးဘွားရိပ်သာတွင် အဘွားဒေါ်ဦးဇွန်း၏ အံ့ခမန်းထူးခြား ဆန်းကြယ်လွန်းလှသည့် မေတ္တာစေတနာစွမ်းရည်ကို ဂုဏ်ပြုမှတ်တမ်းတင်ခဲ့ကြရပါသည်။ အကြောင်းမှာ ပေါင်းတည်အကျဉ်းထောင်မှ နှစ်ကြီးထောင်ဒဏ်ကျခံနေကြရသော သက်ကြီးအဘိုးလေးဦးကို အလျှုခံကာ ပေါင်းတည်ဘိုးဘွားရိပ်သာတွင် ပြုစုစောင့်ရှောက်ပေးခဲ့သောကြောင့်ဖြစ်ပါသည်။

**နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး**

အဘွားဒေါ်ဦးဇွန်း တည်ထောင်ခဲ့သောဘိုးဘွားရိပ်သာကြီးငါးခုအနက် ၁၉၃၃ ခုနှစ် ဇန်နဝါရီ ၁ ရက်က စတုတ္ထမြောက်တည်ထောင်ခဲ့သော ရန်ကုန်မြို့ရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးသည် ၉၁ နှစ်သက်တမ်းအတွင်းတွင် အဘက်ဘက်မှ အံ့မခန်းဖွံ့ဖြိုးတိုးတက်နေပြီး ယခုလက်ရှိမှာပင် အဘိုး ၂၈ ဦး၊ အဘွား ၁၀၂ ဦး ပေါင်း အဘိုး၊အဘွားဦးရေ ၁၃၀ ရှိနေကြပါသည်။ နှစ်စဉ် မွေးနေ့ရက်တိုင်းနှင့် အထိမ်းအမှတ်သတ်မှတ်ရက်များတွင် လှူဒါန်းကြသူများ၊ အထွေထွေအတွက် ငွေပဒေသာပင်စိုက်ထူလှူဒါန်းကြသူများ၊ ဘိုးဘွားများအတွက် တစ်နေ့တာကုန်ကျစရိတ် လှူဒါန်းကြသူများနှင့် အားရ အားကျစရာကောင်းလှပါသည်။ ဘိုးဘွားရိပ်သာ ၇၅ နှစ်မြောက် စိန်ရတုမဂ္ဂဇင်းကို အမှတ်တရထုတ်ဝေခဲ့သလို နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး စာစောင်များကိုလည်း ၂၀၁၆ ခုနှစ် အမှတ်စဉ်(၄၂)ထိ ထုတ်ဝေခဲ့ပါသည်။ နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး တိုးတက်အောင်မြင်နေသည်မှာ ဥက္ကဋ္ဌအဆက်ဆက်နှင့် အမှုဆောင်အဖွဲ့ဝင်များက အဘွားဒေါ်ဦးဇွန်းပေးခဲ့သော အမွေခံစိတ်ဓာတ်ဖြင့် တက်ညီလက်ညီ ဟန်ချက်ညီစွာ စွန့်လွှတ်စွန့်စားဆောင်ရွက်နေကြသောကြောင့်ဖြစ်ပါသည်။

စာရေးသူတို့ မော်ကွန်းမှတ်တမ်းပြုစုရေးအဖွဲ့ သွားရောက်လေ့လာခဲ့ကြစဉ်က ဘိုးဘွားရိပ်သာလေးခုတွင် ငွေကျပ်တစ်သိန်းစီ ပဒေသာပင်စိုက်လှူဒါန်းခဲ့ခြင်း၊ ဘိုးဘွားရိပ်သာအလိုက် တစ်နေ့တာတိုက်ကျွေးကြရသည့် ကုန်ကျစရိတ်များလှူဒါန်းခဲ့ခြင်း၊ ဘိုးဘွားရိပ်သာအသီးသီးရှိ အဘိုး၊ အဘွားတစ်ဦးချင်းစီကို ငွေကျပ်တစ်ထောင်စီလှူဒါန်းခဲ့ခြင်း၊ ထောပတ်တစ်ဖာစီလှူဒါန်းခဲ့ခြင်း စသည့် လှူဒါန်းမှုအစုစုကို နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးက အဘွားဒေါ်ဦးဇွန်း၏ ရင်သွေးရိပ်သာများကို မိသားစုစိတ်ထားဖြင့် စေတနာဝေဖြာစွာလှူဒါန်းခဲ့ခြင်းဖြစ်ပါသည်။

အဘွားဒေါ်ဦးဇွန်း၏ ကျေးဇူးတရားကို တုံ့ပြန်သောအားဖြင့် သားစဉ်မြေးမြစ်ပြောထုံးဖြစ်စေမည့် အဘွားဒေါ်ဦးဇွန်း အတ္ထုပ္ပတ္တိမော်ကွန်းမှတ်တမ်း(မူကြမ်း)ကိုသာ ပြုစုနိုင်ခဲ့ကြပါသည်။ အကြောင်းအမျိုးမျိုးကြောင့် အဘွားဒေါ်ဦးဇွန်း အတ္ထုပ္ပတ္တိမော်ကွန်းမှတ်တမ်းကို မထုတ်ဝေနိုင်သေးသော်လည်း **"စွန့်ဦးတီထွင် စွမ်းဆောင်ရှင် မြန်မာအမျိုးသမီးကြီး"** အဖြစ်ကား အမှုကွန်းတင်နေမည်သာတည်း။

**မောင်ငြိမ်းသူ(ကြို့ပင်ကောက်)**

## ရှုဖွယ်မဆုံး တန်ဆောင်မုန်း

- ခဝဲပွင့်လန်း တစ်ဝန်းပြည်နယ်
  ရွှေရောင်တောက်ပ လှပသည်ကွယ်
  စုံညီနက္ခတ် ကောင်းမြတ်လို့ရယ်
  တန်ဆောင်မုန်း ခြယ်မှုန်းပန်းချီသဖွယ်။

- အေးစက်အုံ့ဆိုင်း ရှစ်တိုင်းနယ်မှာ
  မြူနှင်းပုလဲ ဖြန့်ကြဲပက်ကာ
  ကောက်ပင်အများ လှအားရယ်သာ
  စိုစိမ်းရွှမ်း လန်းတဲ့သည်ချိန်ခါ။

- သစ်ဥသစ်ဖု ကောင်းမှုစုံလင်
  မဲဇလီဖူး ခြွေခူးကာပင်
  လပြည့်ညဘက် ဆေးဖက်ရယ်ဝင်
  စုပေါင်းစား တို့များအတူယှဉ်။

- ဓမ္မရေအေး တိုက်ကျွေးချိန်တူ
  အဇာတသတ် နာမှတ်လို့ယူ
  အပူပျောက်ခြင်း လက်ငင်းပေမူ
  ဘုရားဟော စိတ်မောပြေသည်ဟူ။

- မသိုးသင်္ကန်း လှူဒါန်းနိုင်ရန်
  ရက်ကန်းလက်မှု ပြိုင်ပြုအမြန်
  ကုသိုလ်အလှ ပြကြစိတ်သန်
  ဓမ္မကိန်း ငြိမ်းချမ်းကောင်းခြင်းမှန်။

- ဘုံကထိန်ပွဲ နွှဲကြကာရယ်
  စုံလင်ပစ္စည်း ချိတ်ပြီးလှည့်လည်
  အိုးစည်မောင်းဒိုး ကချိုးစုံတယ်
  ဥတ်သက်န်း ရည်မှန်းသံဃာရွယ်။

- လပြည့်တဲ့ည ပျော်ကြတူပြိုင်
  ကျီးမနိုးပွဲ ဆင်နွှဲ ခုတိုင်
  လောကီလောကုတ် ကြိုးကုတ်ပိုင်ပိုင်
  ဆီမီးလွှမ်း ပန်းတို့တလှိုင်လှိုင်။ ။

**ခေတ်သစ်(ကြွေပုဂံ)**

# နိုင်ငံတကာ သတင်းများ

## ကင်းလှည့်အမြန်ရေယာဉ်ငယ်အစင်း ၄၀ ပြင်သစ်နိုင်ငံမှ ဖိလစ်ပိုင်ဝယ်ယူမည်

**မနီလာ နိုဝင်ဘာ ၇**

ကမ်းခြေစောင့်တပ်အတွက် ကင်းလှည့် အမြန်ရေယာဉ်ငယ် အစင်း ၄၀ ကို ပြင်သစ်နိုင်ငံမှ ဝယ်ယူရန် စီစဉ်ထားကြောင်း ဖိလစ်ပိုင်အစိုးရက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ပြင်သစ်နိုင်ငံမှ အမြန်ကင်းလှည့်ရေယာဉ်ငယ် အစင်း ၄၀ ဝယ်ယူရေး သဘောတူညီချက်သည် ဖိလစ်ပိုင် ကမ်းခြေစောင့်တပ်အတွက် တစ်ကြိမ်တည်းဖြင့် အများဆုံးဝယ်ယူမှု ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကင်းလှည့်အမြန်ရေယာဉ်ငယ်များ၏ စုစုပေါင်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ သန်း ၄၄၀ထိရှိပြီး ပြင်သစ်အစိုးရ၏ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဝယ်ယူမည်ဖြစ်ကြောင်း ဖိလစ်ပိုင် ကမ်းခြေစောင့်တပ် တာဝန်ရှိသူများက ပြောကြားထားသည်။

အဆိုပါ ကင်းလှည့်အမြန်ရေယာဉ်ငယ်အစင်း ၄၀ ကို လေးနှစ်တာအတွင်း ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်လက်ဝယ်သို့ ပြင်သစ်တာဝန်ရှိသူများက လွှဲပြောင်းအပ်နှံမည်ဖြစ်သည်။

၎င်း ကင်းလှည့်အမြန်ရေယာဉ်ငယ်များအနက်အချို့ကို တောင်တရုတ်ပင်လယ်ဒေသ၌ ဖြန့်ကြက်ထားရန် ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်က စီစဉ်ထားသည်။

ဖိလစ်ပိုင်နိုင်ငံသည် တောင်တရုတ် ပင်လယ်ရေပြင်ဒေသ အချို့ပိုင်ဆိုင်ခွင့်အတွက် တရုတ်နိုင်ငံနှင့် အငြင်းပွားနေသောနိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

## စပိန်နိုင်ငံ အယ်လ်ဂျီစီးရက်စ်ဆိပ်ကမ်း၌ ကိုကင်းမူးယစ်ဆေးဝါး ၁၃ တန် ရဲတပ်ဖွဲ့ဖမ်းဆီးရမိ

**မက်ဒရစ် နိုဝင်ဘာ ၇**

အီကွေဒေါနိုင်ငံမှရောက်ရှိလာသော ငှက်ပျောသီးကုန်သေတ္တာတစ်လုံးထဲ၌ ထည့်သွင်းထားသည့် ကိုကင်းမူးယစ်ဆေးဝါး ၁၃ တန်ကို စပိန်ရဲတပ်ဖွဲ့ကအယ်လ်ဂျီစီးရက်စ်ဆိပ်ကမ်း၌ ဖမ်းဆီးသိမ်းဆည်းနိုင်ခဲ့ကြောင်း နိုဝင်ဘာ ၆ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါ ကိုကင်းမူးယစ်ဆေးဝါး ပမာဏသည် စပိန်ရဲတပ်ဖွဲ့ဖမ်းဆီးနိုင်ခဲ့ဖူးသမျှ မူးယစ်ဆေးဝါးများအနက် ပမာဏအများဆုံးအဖြစ် စံချိန်တင်ခဲ့သည်။

ယင်းကိုကင်းမူးယစ်ဆေးဝါး ၁၃ တန်ကို စပိန်နိုင်ငံတောင်ပိုင်း အယ်လ်ဂျီစီးရက်စ် ဆိပ်ကမ်း ကုန်သေတ္တာ တစ်လုံးထဲတွင် အောက်တိုဘာ ၁၄ ရက်က ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း စပိန်ရဲတပ်ဖွဲ့က နိုဝင်ဘာ ၆ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

စပိန်ရဲတပ်ဖွဲ့သည် အီကွေဒေါရဲတပ်ဖွဲ့၏သတင်းပေးပို့ချက်အရ ငှက်ပျောသီးကုန်သေတ္တာအတွင်း ထည့်သွင်းထားသည့် ကိုကင်းမူးယစ်ဆေးဝါးများကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါ ကိုကင်းများသည် ဥရောပဈေးကွက်၌ ဖြန့်ရန်ရည်ရွယ် ပို့ဆောင်ထားသည့် ကိုကင်းများဖြစ်နိုင်ကြောင်း စပိန်ရဲတပ်ဖွဲ့က ယူဆထားသည်။

၂၀၂၃ ခုနှစ်ကလည်း စပိန်ရဲတပ်ဖွဲ့သည် အယ်လ်ဂျီစီးရက်စ်ဆိပ်ကမ်း၌ကိုကင်းမူးယစ်ဆေးဝါး ၉ ဒသမ ၄ တန်ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO



## သမ္မတရွေးကောက်ပွဲ၌ အနိုင်ရရှိခဲ့သော ဒေါ်နယ်ထရန့်ကို တရုတ်သမ္မတရှီကျင့်ဖျင် ဂုဏ်ပြုစကားပြောကြား



**ပေကျင်း နိုဝင်ဘာ ၇**

နိုဝင်ဘာ ၅ ရက် အမေရိကန်သမ္မတရွေးကောက်ပွဲ၌ အနိုင်ရရှိခဲ့သော ရီပတ်ဘလီကန်သမ္မတလောင်း ဒေါ်နယ်ထရန့်ကို တရုတ်သမ္မတရှီကျင့်ဖျင်က ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့ကြောင်း တရုတ်အစိုးရမီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

တရုတ်နှင့် အမေရိကန်နိုင်ငံတို့ကြား နှစ်နိုင်ငံဆက်ဆံရေး တည်ငြိမ်ခိုင်မာမှုကို မြှင့်တင်ရန် တရုတ်သမ္မတ ရှီကျင့်ဖျင်၏ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ၌ ဒေါ်နယ်ထရန့်ကို တိုက်တွန်းထားသည်။

ထို့ပြင် တရုတ်နှင့် အမေရိကန်နိုင်ငံတို့အနေဖြင့် ပူးပေါင်းဆောင်ရွက်မှုကြောင့် အကျိုးရှိခဲ့ကြောင်း ထိပ်တိုက်ရင်ဆိုင်မှုကြောင့် နစ်နာခဲ့ကြရပုံကို သမိုင်းကပြသနေကြောင်း တရုတ်သမ္မတရှီကျင့်ဖျင်က ပြောကြားခဲ့သည်။

ရီပတ်ဘလီကန် သမ္မတလောင်းဒေါ်နယ်ထရန့်သည် နိုဝင်ဘာ ၅ ရက် သမ္မတရွေးကောက်ပွဲတွင် ပြိုင်ဘက်ဒီမိုကရက်တစ်ပါတီ သမ္မတလောင်း ကာမာလာဟားရစ်ကို အနိုင်ရရှိခဲ့သည်။

တရုတ်နှင့် အမေရိကန်နိုင်ငံတို့ကြား နှစ်နိုင်ငံဆက်ဆံရေးမှာ တရုတ်(တိုင်ပေ) ပြဿနာနှင့် တောင်တရုတ်ပင်လယ်ပြဿနာ အပါအဝင် လုံခြုံရေးကိစ္စများနှင့် ကုန်သွယ်ရေးကိစ္စများကို အကြောင်းပြု၍ မကျေမလည်ဖြစ်လျက်ရှိသည်။

ရွေးကောက်ပွဲ အနိုင်ရခဲ့ပါက တရုတ်ပို့ကုန်များအပေါ် အခွန်စည်းကျပ်မှုများထပ်မံပြုလုပ်မည်ဟုဒေါ်နယ်ထရန့်က ရွေးကောက်ပွဲမဲဆွယ်ကာလအတွင်း ပြောကြားထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## မြောက်ကိုရီးယားနှင့်ရယူထားသည့် စစ်ရေးစာချုပ် ရုရှားအထက်လွှတ်တော် အတည်ပြု

**မော်စကို နိုဝင်ဘာ ၇**



ရုရှားနှင့်မြောက်ကိုရီးယားတို့ကြားရယူထားသည့် စစ်ရေးအကူအညီ အပြန်အလှန်ပေးအပ်မှုဆိုင်ရာစာချုပ်ကို ရုရှားအထက်လွှတ်တော်က နိုဝင်ဘာ ၆ ရက်တွင် အတည်ပြုခဲ့သည်။

မြောက်ကိုရီးယားတပ်ဖွဲ့ဝင် ၁၀၀၀၀ထိ ရုရှားနိုင်ငံသို့ရောက်ရှိနေကြောင်း အမေရိကန်နိုင်ငံက အတည်ပြုထားချိန်တွင် ဘက်ပေါင်းစုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးစာချုပ် အမည်ရှိ အဆိုပါစာချုပ်ကို ရုရှားအထက်လွှတ်တော်က အတည်ပြုခဲ့ခြင်း ဖြစ်သည်။

ဘက်ပေါင်းစုံ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးစာချုပ်ကို ရုရှားသမ္မတပူတင်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်တို့က ယခုနှစ်ဇွန်လတွင် ပြုံယမ်းမြို့၌ လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

ယင်းစာချုပ်အရ ရုရှားနှင့် မြောက်ကိုရီးယားတို့ အနေဖြင့် စစ်ရေးအရ တစ်နိုင်ငံတိုက်ခိုက်ခံရချိန်တွင် ကျန်တစ်နိုင်ငံက စစ်ရေးအကူအညီများ ပေးအပ်ရမည်ဖြစ်သည်။

ဘက်ပေါင်းစုံ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးစာချုပ်ကို ရုရှားအောက်လွှတ်တော်ကလည်း အတည်ပြုထားပြီးဖြစ်သည်။

အဆိုပါစာချုပ်သည် ရုရှားနှင့် မြောက်ကိုရီးယားတို့ကြား ဆက်ဆံရေးပိုမိုခိုင်မာလာမှု အတိုင်းအဆကိုပြသနေသည်ဟု လေ့လာသူများက သုံးသပ်ထားကြောင်း သိရသည်။

Ref : RT
Trs : KKO

## ပကတိအရှိတရားကိုလက်ခံ၍ စေ့စပ်ဆွေးနွေးရန် အနောက်နိုင်ငံများကို ဆာဂေးရှိုဂူး တိုက်တွန်း

**မော်စကို နိုဝင်ဘာ ၇**

ယူကရိန်းစစ်ပွဲ၌ ရုရှားအနိုင်ရထားမှုကို အနောက်အုပ်စုနိုင်ငံများကလက်ခံ၍ စစ်ပွဲပြီးဆုံးရေးအတွက် စေ့စပ်ဆွေးနွေးမှုများ ပြုလုပ်သင့်ကြောင်းရုရှားအမျိုးသားလုံခြုံရေးကောင်စီ အတွင်းရေးမှူး ဆာဂေးရှိုဂူးက ယနေ့တွင် ပြောကြားခဲ့သည်။

ယခုနှစ် ဩဂုတ်လမှစ၍ ရုရှားတပ်များက ယူကရိန်းစစ်မြေပြင်၌ ဆက်တိုက် အရေးသာလာခဲ့ပြီး အမေရိကန်သမ္မတရွေးကောက်ပွဲ၌ ဒေါ်နယ်ထရန့် အနိုင်ရခဲ့ပြီးနောက် ရုရှားအမျိုးသားလုံခြုံရေးကောင်စီအတွင်းရေးမှူးက အဆိုပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် နှစ်နှစ်ခွဲကြာမြင့်နေပြီဖြစ်သော ယူကရိန်းစစ်ပွဲအနေဖြင့် နောက်ဆုံးအဆင့်သို့ဝင်ရောက်လာပြီ ဖြစ်ကြောင်း ရုရှားအစိုးရခေါင်းဆောင်အချို့က သုံးသပ်ထားသည်။

လက်ရှိစစ်မြေပြင်အခြေအနေမှာ ယူကရိန်းဘက်တွင်မရှိတော့ကြောင်း၊ သို့ဖြစ်ရာ အနောက်အုပ်စုနိုင်ငံများအနေဖြင့် လက်ရှိပကတိအရှိတရားကို အသိအမှတ်ပြု၍ စေ့စပ်ဆွေးနွေးမှုများ ပြုလုပ်သင့်ကြောင်း ဆာဂေးရှိုဂူးက ပြောကြားခဲ့သည်။

ဆာဂေးရှိုဂူးသည် ၂၀၁၂ ခုနှစ်မှ ၂၀၂၄ ခုနှစ်ထိ ရုရှားကာကွယ်ရေးဝန်ကြီးတာဝန်ကို ရယူခဲ့သူဖြစ်သည်။

အနောက်အုပ်စု နိုင်ငံများအနေဖြင့် ယူကရိန်းကို အသုံးချ၍ ရုရှားကို မဟာဗျူဟာမြောက်အနိုင်ယူရန် ကြိုးပမ်းခဲ့သော်လည်း အောင်မြင်မှုမရှိခဲ့ဟု ဆာဂေးရှိုဂူးက သုံးသပ်ထားကြောင်း သိရသည်။

Ref : RT
Trs : KKO

# SCIENCE AND TECHNOLOGY

## Space-X ကုမ္ပဏီက Starship ဒုံးပျံ ဆဋ္ဌမအကြိမ် စမ်းသပ်လွှတ်တင်မှုကို နိုဝင်ဘာ ၁၈ ရက်တွင်ပြုလုပ်ရန် စီစဉ်ထား



**ဝါရှင်တန် နိုဝင်ဘာ ၇**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် Starship ဒုံးပျံ ဆဋ္ဌမအကြိမ် စမ်းသပ်လွှတ်တင်မှုကို နိုဝင်ဘာ ၁၈ ရက်တွင်ပြုလုပ်ရန် စီစဉ်ထားကြောင်း နိုဝင်ဘာ ၆ ရက် သတင်းများအရ သိရသည်။

Starship ဒုံးပျံကို တက္ကဆက်ပြည်နယ်တောင်ပိုင်း စတားဘေ့စ် အာကာသစခန်းမှတစ်ဆင့် နိုဝင်ဘာ ၁၈ ရက်တွင် လွှတ်တင်မည်ဖြစ်ကြောင်း Space-X ကုမ္ပဏီက ကြေညာထားသည်။

Starship ဒုံးပျံကို စူပါဟဲဗီး အမည်ရှိ ပင်မဒုံးယာဉ်နှင့် Starship အမည်ရှိ ထိပ်ဖူးအဆင့်ဒုံးယာဉ်တို့ဖြင့် ဖွဲ့စည်းထားပြီး ဒုံးပျံတစ်စင်းလုံး၏ အလျားမှာ ပေ ၄၀၀ ထိရှိသည်။

Space-X ကုမ္ပဏီသည် Starship ဒုံးပျံများကို စမ်းသပ်လွှတ်တင်မှုပေါင်း ငါးကြိမ်ထိ ပြုလုပ်ခဲ့ပြီး နောက်ဆုံးတစ်ကြိမ် စမ်းသပ်လွှတ်တင်မှုကို ယခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အောက်တိုဘာ ၁၃ ရက် ပဉ္စမအကြိမ်လွှတ်တင်မှုတွင် ပြန်လည်ဆင်းသက်လာသည့် စူပါဟဲဗီးဒုံးပျံကိုယ်ထည်ကို ပစ်စင်ရှိစက်ရုပ်လက်တံနှစ်ခုဖြင့် အောင်မြင်စွာ ဖမ်းယူနိုင်ခဲ့သည်။

Space-X ကုမ္ပဏီသည် အင်္ဂါဂြိုဟ်နှင့်လကမ္ဘာများသို့ လူသားများစေလွှတ်ရေးအတွက် Starship ဒုံးပျံများတည်ဆောက်စမ်းသပ်နေခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## သစ်သားကိုသာ အဓိကအသုံးပြုတည်ဆောက်ထားသော ကမ္ဘာ့ပထမဆုံးသစ်သားဂြိုဟ်တု နိုင်ငံတကာအာကာသစခန်းပေါ်သို့ ရောက်ရှိခဲ့


**တိုကျို နိုဝင်ဘာ ၇**

သစ်သားကိုသာ အဓိကအသုံးပြုတည်ဆောက်ထားသော ကမ္ဘာ့ပထမဆုံး သစ်သားဂြိုဟ်တုသည် နိုင်ငံတကာ အာကာသစခန်းပေါ်သို့ နိုဝင်ဘာ ၅ ရက်တွင် ရောက်ရှိခဲ့ကြောင်း နိုဝင်ဘာ ၆ ရက် သတင်းများအရ သိရသည်။

Lignosat ဟူ၍ အမည်ပေးထားသည့် ၎င်းသစ်သားဂြိုဟ်တုငယ်ကို အမေရိကန်နိုင်ငံအခြေစိုက် Space-X ကုမ္ပဏီ၏ ဒရာဂွန် အာကာသကုန်တင်ယာဉ်ဖြင့် နိုင်ငံတကာ အာကာသစခန်းသို့ပို့ဆောင်ခဲ့ခြင်းဖြစ်သည်။

Lignosat သစ်သားဂြိုဟ်တုကို ဂျပန်နိုင်ငံ ကျိုတိုတက္ကသိုလ်မှ သိပ္ပံပညာရှင်များက တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

သစ်ထည်ဂြိုဟ်တုများ အနေဖြင့် သမားရိုးကျဂြိုဟ်တုများထက် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုကို လျှော့ချပေးနိုင်ကြောင်း ဂျပန် သိပ္ပံပညာရှင်များက ယုံကြည်ထားသည်။



သမားရိုးကျဂြိုဟ်တုများသည် အဓိကအားဖြင့် အလူမီနီယမ်သတ္တုဖြင့် တည်ဆောက်ထားရာ ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်လာပြီး လောင်ကျွမ်းပြိုကွဲချိန် အလူမီနီယမ်အောက်ဆိုက် ဓာတ်ငွေ့များ ပေါ်ထွက်လာတတ်ကာ ကမ္ဘာ့အိုဇုန်းလွှာများ ထိခိုက်ပျက်စီးနိုင်ကြောင်း သိရသည်။

Lignosat သစ်သားဂြိုဟ်တုကို တစ်လခန့်အကြာတွင် နိုင်ငံတကာ အာကာသစခန်းပေါ်မှ တစ်ဆင့် ကမ္ဘာပတ်လမ်းပေါ်သို့ ပို့လွှတ်ရန် ဂျပန်သိပ္ပံပညာရှင်များက စီစဉ်ထားကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## ဥရောပအာကာသအေဂျင်စီ၏ ဟီရာအာကာသယာဉ်က ကမ္ဘာနှင့်ဂြိုဟ်ရံလတို့ကို ဓာတ်ပုံရိုက်ကူးခဲ့

**ဝါရှင်တန် နိုဝင်ဘာ ၇**

ဒီမောဖော့စ်အမည်ရှိဂြိုဟ်သိမ်တစ်စင်းထံသို့ ပျံသန်းနေသော ဥရောပ အာကာသအေဂျင်စီ၏ ဟီရာအာကာသယာဉ်သည် ကမ္ဘာနှင့်ဂြိုဟ်ရံလတို့ကို ဓာတ်ပုံရိုက်ကူးခဲ့ကြောင်း နိုဝင်ဘာ ၆ ရက် သတင်းများအရ သိရသည်။

ဟီရာ အာကာသယာဉ်သည် အဆိုပါဓာတ်ပုံများကို TIRI အမည်ရှိ ကင်မရာစနစ်ကို စမ်းသပ်သည့်အနေဖြင့် ရိုက်ကူးခဲ့ခြင်းဖြစ်သည်ဟု ဥရောပအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ဟီရာ အာကာသယာဉ်သည် ကမ္ဘာဂြိုဟ်နှင့် မိုင်ပေါင်း ၂ ဒသမ ၃ သန်းအကွာမှတစ်ဆင့် အောက်တိုဘာ ၁၀ ရက်တွင် ရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဥရောပအာကာသအေဂျင်စီသည် ဒီမောဖော့စ်ဂြိုဟ်သိမ်ကို စူးစမ်းလေ့လာရေးအတွက် ဟီရာ အာကာသယာဉ်ကို ယခုနှစ် အောက်တိုဘာ ၇ ရက်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

ဒီမောဖော့စ်ဂြိုဟ်သိမ်သည် ဂြိုဟ်သိမ်လမ်းကြောင်း ပြောင်းမှုနည်းပညာစမ်းသပ်မှု အစီအစဉ်အရ အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က ၂၀၂၂ ခုနှစ်တွင် DART အမည်ရှိ အာကာသယာဉ်ဖြင့် ဝင်တိုက်ခဲ့သော ဂြိုဟ်သိမ်ဖြစ်ကြောင်း သိရသည်။

ဟီရာ အာကာသယာဉ်သည် DART အာကာသယာဉ် ဝင်တိုက်ပြီးနောက် ဒီမောဖော့စ်ဂြိုဟ်သိမ်၏ အပြောင်းအလဲများကို အသေးစိတ် လေ့လာမည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

# HEALTH

## လူငယ်များကြား အူမကြီးကင်ဆာဖြစ်ပွားမှုကို Ozempic ကဲ့သို့သောဆေးများက လျှော့ချနိုင်

**လန်ဒန် နိုဝင်ဘာ ၇**

Ozempic ကဲ့သို့ ကိုယ်အလေးချိန် လျှော့ချရေးဆေးများသည် လူငယ်များကြား အူမကြီးကင်ဆာ ဖြစ်ပွားမှုနှုန်းကို လျှော့ချရာတွင် အထောက်အကူ ပေးနိုင်ဖွယ်ရှိကြောင်း နိုဝင်ဘာ ၆ ရက် သတင်းများအရ သိရသည်။

Ozempic ကဲ့သို့ ကိုယ်အလေးချိန် လျှော့ချရေးဆေးများသည် အစာခြေလမ်းကြောင်းစနစ် ဇက်တီးရီးယားစုဖွဲ့မှုပုံစံ အပြောင်းအလဲများကို တားဆီးပေးခြင်းဖြင့် အူမကြီးကင်ဆာ ဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ဖွယ် ရှိကြောင်း ဗြိတိန်သုတေသနပညာရှင်များက ယုံကြည်ထားသည်။

သို့ဖြစ်ရာ အထက်ပါသဘောတရားကိုအတည်ပြုနိုင်ရေးအတွက် လက်တွေ့ စမ်းသပ်ကုသမှုများပြုလုပ်ရန် လန်ဒန်ဘုရင့်ကောလိပ်မှသုတေသနပညာရှင်များက စီစဉ်ထားကြောင်း သိရသည်။

အစာခြေလမ်းကြောင်းစနစ် ဇက်တီးရီးယားစုဖွဲ့မှုပုံစံ အပြောင်းအလဲများသည် အူမကြီးကင်ဆာ ဖြစ်ပွားနိုင်ခြေ မြင့်မားသူများအတွက် ကင်ဆာရှေ့ပြေးလက္ခဏာ ဖြစ်နိုင်သည်ဟု သုတေသနပညာရှင်များက ပြောကြားသည်။

ပြီးခဲ့သည့်နှစ်ပေါင်း ၂၀ အတွင်း တစ်ကမ္ဘာလုံးအတိုင်းအတာအရ အသက် ၅၀ အောက် လူငယ်များကြား အူမကြီးကင်ဆာရောဂါ ဖြစ်ပွားနှုန်း မြင့်တက်လာခဲ့ရာ ဆေးပညာရှင်များ စဉ်းစားရခက်သည့် ပြဿနာတစ်ရပ်ဖြစ်ခဲ့ရကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## PFAS ဓာတုပစ္စည်းများကြောင့် ကျောက်ကပ်၏ လုပ်ငန်းစွမ်းဆောင်ရည် ကျဆင်းသွားနိုင်

**နယူးယောက် နိုဝင်ဘာ ၇**

ပိုက်လိုင်းရေ၊ အစားအစာထုပ်ပိုးပစ္စည်းများနှင့် ခေါင်းလျှော်ရည်တို့တွင် တွေ့ရတတ်သော PFAS ခေါ် ဓာတုပစ္စည်းများကြောင့် ကျောက်ကပ်၏ လုပ်ငန်းစွမ်းဆောင်ရည် ထိခိုက်ကျဆင်းသွားနိုင်ကြောင်း သုတေသနပညာရှင်များက နိုဝင်ဘာ ၆ ရက်တွင် ပြောကြားသည်။

Per and Polyfluoroalkyl Substances (PFAS) ဓာတုပစ္စည်းများကြောင့် ရောင်ရမ်းမှုပြဿနာကို တားဆီးပေးနိုင်သော အစာခြေလမ်းကြောင်းစနစ် ဇက်တီးရီးယားစုစည်းမှုအဆင့် ကျဆင်းသွားနိုင်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

ထို့ပြင် PFAS ဓာတုပစ္စည်းများကြောင့် ကျောက်ကပ်၏ လုပ်ငန်းစွမ်းဆောင်ရည်မှာ လေးနှစ်အတွင်း ၅၀ ရာခိုင်နှုန်းထိ ကျဆင်းသွားနိုင်ကြောင်း အမေရိကန်သုတေသန ပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် လူပေါင်း ၇၈ ဦးတို့၏ သွေးအတွင်း PFAS ဓာတုပစ္စည်း ပါဝင်မှုအဆင့်ကို တိုင်းတာလေ့လာခဲ့ပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

PFAS များသည် ပတ်ဝန်းကျင်တွင်လည်းကောင်း၊ လူ့ကိုယ်ခန္ဓာတွင်း၌လည်းကောင်း ပြိုကွဲခြင်းမရှိဘဲ အချိန်ကာလကြာမြင့်စွာ တည်ရှိနေတတ်သော ဓာတုပစ္စည်းများဖြစ်ကြသည်။

PFAS ဓာတုပစ္စည်းများနှင့် ရေရှည်ထိတွေ့မှုကြောင့် ဆီးကျိတ်ကင်ဆာ၊ ကျောက်ကပ်ကင်ဆာ၊ ဝှေးစေ့ကင်ဆာ ဖြစ်နိုင်ခြေများလည်း မြင့်တက်လာတတ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# နေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၃)တွင် ရှမ်းယူနိုက်တက်အသင်းက ဒဂုံပေ့ါအသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိ



**ရန်ကုန် နိုဝင်ဘာ ၇**

နေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၃)အဖြစ် ယနေ့ညနေ ၄ နာရီက တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်းတွင် ရှမ်းယူနိုက်တက်အသင်းနှင့် ဒဂုံပေ့ါအသင်းတို့ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက အိမ်ကွင်းတွင် သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ရှမ်းယူနိုက်တက်အသင်းက အိမ်ကွင်းပရိသတ်ရှေ့တွင် ဒဂုံပေ့ါအသင်းကို အကောင်းဆုံးဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန်ပထမပိုင်း ၄၅ မိနစ်အပြီး နာကျင်အချိန်ပို နှစ်မိနစ်တွင် သက်ဝေမိုးက ရှမ်းယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် ပထမပိုင်းအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း ရှမ်းယူနိုက်တက်အသင်းကပင် ခြေစွမ်းပိုင်းအသာဖြင့် ဆက်လက်ဖိအားပေး ကစားနိုင်ခဲ့ကာ ပွဲချိန် ၇၆ မိနစ်တွင် မြတ်ကောင်းခန့်နှင့် ပွဲချိန် ၈၅ မိနစ်တွင် ရဲရင့်အောင်တို့က ရှမ်းယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးများ ဆက်လက်သွင်းယူနိုင်ခဲ့ပြီး လက်ကျန်ပွဲချိန်များတွင် ဒဂုံပေ့ါအသင်းက ချေပဂိုးများအတွက် ပြန်လည်ဖိအားပေးရန် ကြိုးစားခဲ့သော်လည်း ရှမ်းယူနိုက်တက်အသင်းက အကောင်းဆုံး ထိန်းချုပ်ကစားနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ရှမ်းယူနိုက်တက် အသင်းက ဒဂုံပေ့ါအသင်းကို သုံးဂိုး ဂိုးမရှိဖြင့် ဂိုးပြတ် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

STA

# အယ်ဟိုင်လာအသင်းက တိုက်စစ်မှူး နေမာနှင့် စာချုပ်ဖျက်သိမ်းရန်ဆုံးဖြတ်

**ရီယာ့ဒ် နိုဝင်ဘာ ၇**

အယ်ဟိုင်လာ အသင်းသည် တစ်နှစ်လုပ်ခ ယူရို သန်း ၁၃၀ ထိ ပေးချေနေရသည့် တိုက်စစ်မှူး နေမာကို ဒဏ်ရာပြဿနာများကြောင့် လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် စာချုပ်ဖျက်သိမ်းရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

တိုက်စစ်မှူး နေမာသည် အယ်ဟိုင်လာအသင်းသို့ ရောက်ရှိခဲ့ပြီးနောက်ပိုင်း ပြိုင်ပွဲစုံ ငါးပွဲ ပါဝင်ကစားအပြီးတွင် အရွတ်ထိခိုက်ဒဏ်ရာကြောင့် ကာလရှည် အနားယူခဲ့ရသူဖြစ်ပြီး ပြီးခဲ့သည့်လက ဒဏ်ရာမှပြန်လည်ကောင်းမွန်လာသဖြင့် အသင်းနှင့် ပြန်လည်ပူးပေါင်းနိုင်ခဲ့ကာ အေအက်စ်ချန်ပီယံလိဂ်ပြိုင်ပွဲအဖြစ် အီရန်ကလပ် အက်စ်တီဂလာအသင်းနှင့် ကစားခဲ့ရာ ပွဲချိန် ၅၈ မိနစ်တွင် လူစားဝင်ကစားခဲ့သော်လည်း ပွဲချိန် ၈၇ မိနစ်တွင် ဒဏ်ရာ ထပ်မံရရှိခဲ့သောကြောင့် လူစားလဲ၍ ပြန်လည်ထွက်ခွာခဲ့ရသည်။

လက်ရှိတွင် နေမာ၏ဒဏ်ရာကို လိုအပ်သည့် စစ်ဆေးမှုများပြုလုပ်ခဲ့ရာ ညာဘက်ပေါင်ဒဏ်ရာရရှိခဲ့ပြီး ဒဏ်ရာမှ ရက်သတ္တသုံးပတ်ခန့် ထပ်မံအနားယူရမည်ဟု ဘရာဇီးမီဒီယာက ဖော်ပြခဲ့သဖြင့် အယ်ဟိုင်လာအသင်းက လာမည့်အပြောင်းအရွှေ့တွင် ကစားသမားနှင့် စာချုပ်ဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အသက် ၃၂ နှစ်ရှိ တိုက်စစ်မှူး နေမာကလည်း ဘောလုံးရာသီအကုန်တွင် အယ်ဟိုင်လာအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သောကြောင့် ၎င်း၏ ကစားသမားဘဝစတင်ခဲ့သည့် ဘရာဇီးကလပ် ဆန်းတို့စ်အသင်းသို့ ပြန်လည်ပြောင်းရွှေ့ရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Daily Mail
Trs : ML

# WTA Finals တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်သို့ ကျန်ကွင်းဝမ် တက်ရောက်

**ရီယာ့ဒ် နိုဝင်ဘာ ၇**

ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့တွင် ကျင်းပနေသည့် WTA Finals တင်းနစ်ပြိုင်ပွဲ အုပ်စုတွင်း နောက်ဆုံးပွဲစဉ် တစ်ပွဲအဖြစ် တရုတ်တင်းနစ်မယ် ကျန်ကွင်းဝမ်နှင့် အီတလီတင်းနစ်မယ် ပါအိုလီနီတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကျန်ကွင်းဝမ်က (၆-၁၊ ၆-၁) ရလဒ်ဖြင့် အနိုင်ရရှိကာ အုပ်စုအဆင့်ကို ကျော်ဖြတ်နိုင်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ကျန်ကွင်းဝမ်အနေဖြင့် ကစားသမားဘဝ သက်တမ်းတစ်လျှောက် WTA Finals တင်းနစ်ပြိုင်ပွဲတွင် ပထမဆုံးအကြိမ်အဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် ရခဲ့ခြင်းဖြစ်ပြီး ပွဲဦးထွက်တွင် ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ကျန်ကွင်းဝမ်အနေဖြင့် ပါအိုလီနီအား အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ကစားနိုင်ခဲ့သည့် စွမ်းဆောင်ရည်သည် ကစားသမားဘဝ၏ အကောင်းဆုံး စွမ်းဆောင်ရည်ဖြစ်ကြောင်းလည်း ဝန်ခံပြောကြားခဲ့သည်။

ကျန်ကွင်းဝမ်က "ယခုနှစ်ဟာ ကျွန်မအတွက် အားရကျေနပ်စရာကောင်းတဲ့ ရာသီတစ်ခုပါ။ ယခုနှစ်အတွင်း ပါဝင်ယှဉ်ပြိုင်ဖြစ်ခဲ့တဲ့ ပြိုင်ပွဲတွေမှာ ကစားနိုင်ခဲ့တဲ့ စွမ်းဆောင်ရည်တွေဟာ ကျွန်မဘဝအတွက် အားရကျေနပ်စရာ ကောင်းပါတယ်။ ပါအိုလီနီနဲ့ ကစားခဲ့တဲ့ပွဲစဉ်မှာ ကစားနိုင်ခဲ့တဲ့ စွမ်းဆောင်ရည်ဟာလဲ ကျွန်မအတွက် ဒီရာသီအတွင်း အကောင်းဆုံးစွမ်းဆောင်ရည်ဖြစ်မယ်လို့ ထင်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။



Ref : Xinhua
Trs : AZL

# World Wide Technology Championship ဂေါက်သီးရိုက်ပြိုင်ပွဲမှ ကင်မရွန်းယန်းနုတ်ထွက်

**မက္ကဆီကိုစီးတီး နိုဝင်ဘာ ၇**

မက္ကဆီကိုနိုင်ငံတွင် ကျင်းပသွားမည့် World Wide Technology Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ပြင်ဆင်နေသည့် အမေရိကန် ဂေါက်သီးရိုက် ကစားသမား ကင်မရွန်းယန်းသည် ပြိုင်ပွဲမှ နုတ်ထွက်ကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ကင်မရွန်းယန်း အနေဖြင့် ပြိုင်ပွဲမှနုတ်ထွက်ခဲ့သည့်အကြောင်းအရင်းအား ထုတ်ပြန်ခဲ့ခြင်းမရှိသေးဘဲ ကင်မရွန်းယန်းနေရာတွင် အမေရိကန် ဂေါက်သီးရိုက်ကစားသမား အိုဟဲနှင့် အစားထိုးလိုက်ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီက ထုတ်ပြန်ခဲ့သည်။

ကင်မရွန်းယန်းအနေဖြင့် ယခုနှစ်အတွင်း အောင်မြင်မှုရယူနိုင်ခြင်းမရှိသေးဘဲ ယခုနှစ် ဂေါက်သီးရိုက်ရာသီကို ဖလားလက်မဲ့အခြေအနေဖြင့် အဆုံးသတ်ရဖွယ်ရှိနေသည်။

ကင်မရွန်းယန်း အနေဖြင့် ပြိုင်ပွဲမှ နုတ်ထွက်ခဲ့ရသည့် အကြောင်းအရင်းကို ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိသော်လည်း ၂၀၂၃ ခုနှစ် World Wide Technology Championship ဂေါက်သီးရိုက်ပြိုင်ပွဲမတိုင်မီ ဝမ်းနည်းစရာဖြစ်ရပ်ဖြင့် ရင်ဆိုင်ခဲ့ရသည့် အခြေအနေကို မှတ်မိနေသေးကြောင်းသာ ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL

## အားကစားသတင်းအတိုအထွာများ

- ရီးရဲလ်မက်ဒရစ်အသင်းက ရလဒ်ပိုင်းများ မတည်မငြိမ်ဖြစ်နေသော်လည်း နည်းပြအပြောင်းအလဲလုပ်ဆောင်ရန် အစီအစဉ်မရှိဘဲ နည်းပြအန်ဆယ်လော့တီအပေါ် အပြည့်အဝယုံကြည်မှုရှိသည်ဟု ထုတ်ပြန်ခဲ့ကြောင်း သိရသည်။
- ဘာစီလိုနာအသင်း နည်းပြဟာန်ဆီဖလစ်သည် အသင်းသမိုင်းတစ်လျှောက် ပြိုင်ပွဲစုံ ၁၆ ပွဲကစား ပြီးချိန်တွင် သွင်းဂိုးအများဆုံးရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည့် ပထမဆုံးနည်းပြအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ML

# စပါးကစားသမားများကို တိုက်ခိုက်ခဲ့သည့် တိုက်စစ်မှူးကူဒက် ငါးပွဲပယ်ပြစ်ဒဏ်ချမှတ်ခံရ




**လန်ဒန် နိုဝင်ဘာ ၇**

ပရီးမီးယားလိဂ် ပွဲစဉ်(၈)အဖြစ် ပြီးခဲ့သည့် အောက်တိုဘာ ၁၉ ရက်က ကစားခဲ့သည့် စပါးအသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့ ပွဲစဉ်တွင် စပါးအသင်း ကစားသမားများကို တိုက်ခိုက်မှုပြုလုပ်ခဲ့သည့် ဝက်စ်ဟမ်းအသင်း တိုက်စစ်ကစားသမား ကူဒက်ကို အက်ဖ်အေက ငါးပွဲပယ်ပြစ်ဒဏ်နှင့် ဒဏ်ငွေ စတာလင်ပေါင် ၆၀၀၀၀ ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် စပါးအသင်းက ဝက်စ်ဟမ်းအသင်းကို လေးဂိုး တစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့ပြီး ပွဲကစားချိန် ၈၆ မိနစ်အရောက်တွင် တိုက်စစ်မှူး ကူဒက်က စပါးအသင်း ခံစစ်ကစားသမား ဗန်ဒီဗန်ကို ရည်ရွယ်ချက်ရှိရှိ ပြစ်ဒဏ် ကျူးလွန်ခဲ့သည့်အတွက် ကနဦး အဝါကတ်ပြစ်ဒဏ်သာ ပြသခံရသော်လည်း VAR ဖြင့် ပြန်လည်ကြည့်ရှုခဲ့ရာတွင် အနီကတ် ပြောင်းလဲပြသခံရပြီး ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသဖြင့် ကွင်းအတွင်းမှမထွက်ခွာမီ စပါးအသင်းတိုက်စစ်မှူး ရစ်ချာလီဆန်နှင့် ကွင်းလယ်ကစားသမား ပါပီဆာတို့ကို တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။

ထို့ကြောင့် အက်ဖ်အေက လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ ကစားသမားအနေဖြင့် ရန်လိုသည့် အပြုအမူကြောင့် ကာလရှည် ပွဲပယ်ပြစ်ဒဏ်ကျခံသင့်သောကြောင့် ငါးပွဲပယ်ပြစ်ဒဏ် ထပ်တိုးချမှတ်ခဲ့ပြီး ဒဏ်ကြေးငွေ စတာလင်ပေါင် ၆၀၀၀၀ ကိုပါ ပေးဆောင်စေခဲ့ကြောင်း သိရသည်။

ကူဒက်သည် အနီကတ်ပြစ်ဒဏ်ကြောင့် မန်ယူအသင်းနှင့် နော်တင်ဟမ်အသင်းတို့ ပွဲစဉ်ကို လွဲချော်ခဲ့ပြီးနောက် ယခုရက်သတ္တပတ်အတွင်း ကစားရမည့် အဲဗာတန်အသင်း အပါအဝင် ၎င်း၏ အပြုအမူကြောင့် ထပ်တိုးပြစ်ဒဏ်ကျခံရသဖြင့် အာဆင်နယ်အသင်းပွဲစဉ်၊ နယူးကာဆယ်အသင်းတို့နှင့် ကစားရမည့် ပွဲစဉ်များကိုပါ ထပ်မံလွဲချော်မည်ဖြစ်ပြီး ဒီဇင်ဘာ ၄ ရက်တွင် ကစားရမည့် လက်စတာအသင်းနှင့် ပွဲစဉ်တွင် ပြန်လည် ပါဝင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

Ref : Goal.com
Trs : ML

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ရုရှားတပ်ဖွဲ့ဝင်များက ပြုပြင်မွမ်းမံထားသော Piranha 5 အသေးစားဒရုန်းများကို အမြောက်အမြားထုတ်လုပ်အသုံးပြုနေ



ယူကရိန်းအထူးစစ်ဆင်ရေး၌ ၂၀၂၃ ခုနှစ်တွင် ရုရှားတပ်ဖွဲ့များစတင်အသုံးပြုခဲ့သော Piranha ဒရုန်းများကို ပြုပြင်မွမ်းမံမှုများပြုလုပ်ထားသော Piranha 5အသေးစားဒရုန်းများ အမြောက်အမြားထုတ်လုပ်အသုံးပြုနေပြီဖြစ်ကြောင်း Army Recog-nition သတင်းဌာနက နိုဝင်ဘာ ၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ရုရှားနိုင်ငံSimbirsk Design Bureau (SKB) Piranha ကုမ္ပဏီက ထုတ်လုပ်ထားသော အဆိုပါ Piranha 5 အသေးစားဒရုန်းများကို စစ်ရေးလေ့ကျင့်မှုများနှင့်လက်တွေ့တိုက်ပွဲဝင် ဖြန့်ကြက်အသုံးပြုနိုင်ရန် ရည်ရွယ်၍ ထုတ်လုပ်ထားခြင်းဖြစ်သည်။

Piranha 5 အသေးစားဒရုန်းများကို ပေါ့ပါးကျစ်လျစ်စွာ တည်ဆောက်ထားပြီး အချင်း ၁၂ စင်တီမီတာနှင့် အလေးချိန် ဂရမ် ၃၀၀ သာရှိသည်။ ၎င်းသည် တစ်နာရီလျှင် အလျင်နှုန်းကီလိုမီတာ ၂၂၀ ဖြင့် အချင်းဝက်မှ အကွာအဝေး သုံးကီလိုမီတာအတွင်း ပျံသန်းစစ်ဆင်နိုင်သည်။ လွယ်ကူရိုးရှင်းသောဒီဇိုင်းနှင့် အသုံးပြုရလွယ်ကူစေရန် ထုတ်လုပ်ထားသောကြောင့် ကိုင်တွယ်ထိန်းကျောင်းမည့် တက်သစ်စအော်ပရေတာများအတွက် လေ့လာလုပ်ဆောင်ရလွယ်ကူစေပြီး လက်တွေ့စစ်မြေပြင်တွင် ထိန်းကျောင်း၊ ပျံသန်းလုပ်ဆောင်မှုနှင့် ပြုပြင်ထိန်းသိမ်းမှုတို့တွင်ပါ အလွယ်တကူဆောင်ရွက်နိုင်စေမည်ဖြစ်သည်။

Piranha 5 အသေးစား ဒရုန်းများကို ကျဉ်းမြောင်းသော ပြတင်းပေါက်များ၊ ကတုတ်ကျင်းများကဲ့သို့သော နေရာများထိ ဝင်ရောက်ပျံသန်း၊ တိုက်ပွဲဝင်နိုင်စေရန် ဒီဇိုင်းထုတ်လုပ်ထားသည်။ အဆိုပါ ဒရုန်းသည် Payload အလေးချိန် တစ်ကီလိုဂရမ်သယ်ဆောင်နိုင်ပြီး တာဝန်အမျိုးမျိုးအတွက် အသုံးပြုနိုင်သည်။ ဘက်ထရီ၏ အလေးချိန်မှာ ၁ ဒသမ ၅ ကီလိုဂရမ်ရှိပြီး ပေါ့ပါးကျစ်လျစ်သော အရွယ်အစားကြောင့် တပ်ဖွဲ့ဝင်တစ်ဦးလျှင် Piranha 5 အသေးစားဒရုန်း လေးစင်းထိသယ်ဆောင်နိုင်မည်ဖြစ်သည်။ အဆိုပါဒရုန်းများကို ရှာဖွေထောက်လှမ်းခြင်း၊ သစ်တောများအတွင်းရှေ့ပြေးကင်းထောက်ခြင်း၊ ကတုတ်ကျင်းများ သို့မဟုတ် ဆက်သွယ်ရေးလမ်းကြောင်းများ၊ စစ်မြေပြင်အရေးကြီးနေရာများကို စစ်ဆေးကြည့်ရှုခြင်းတို့အတွက်လည်း အသုံးပြုနိုင်သည်။

Piranha 5 သည် ၂၀၂၂ ခုနှစ်တွင် SKB Piranha ကုမ္ပဏီက ကနဦးမိတ်ဆက်ခဲ့သည့် Piranha ဒရုန်းအုပ်စုတွင် မျိုးဆက်သစ်ဒရုန်းအမျိုးအစားဖြစ်သည်။ အဆိုပါ ဒရုန်းစီးရီးတွင် Piranha 10 kamikaze ဒရုန်းနှင့် အနာဂတ်တွင် ထွက်ပေါ်လာနိုင်မည့် Piranha-13 မော်ဒယ်လ်တို့ပါဝင်ပြီး အရွယ်အစား၊ Payload တင်ဆောင်နိုင်စွမ်းနှင့် အကွာအဝေးစွမ်းဆောင်ရည်များစသည်တို့တွင် အဆင့်မြှင့်တင်မှုများ ပြုလုပ်ထားသည်။ ယူကရိန်းအထူးစစ်ဆင်ရေးတွင် Piranha ဒရုန်းများအသုံးပြု၍ အမေရိကန်ထုတ် M1 Abrams တင့်ကားများကို ပထမဆုံးအကြိမ် တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့ကြသည်။ ဒရုန်းများတွင် အီလက်ထရွန်နစ်စစ်ဆင်ရေး Jamming ဒဏ်ခံနိုင်ရည်ရှိစေရေးအတွက် Multi-frequency ဆက်သွယ်၊ လုပ်ဆောင်မှုစနစ်ကို အသုံးပြုထားပြီး စစ်ဆင်ရေးများနှင့် စစ်ရေးလေ့ကျင့်မှုများတွင် ကျယ်ပြန့်စွာ အသုံးပြုနိုင်သည်။

လက်ရှိတွင် ရုရှားနိုင်ငံ SKB Piranha ကုမ္ပဏီသည် Piranha-13 အဆင့်မြင့် ဒရုန်းကို Payload ပိုမိုသယ်ဆောင်နိုင်ရန်နှင့် ဘက်စုံသုံးနိုင်ရန်အတွက် တီထွင်ထုတ်လုပ်နေကြောင်း ပြောကြားထားသည်။ ယခု ထုတ်လုပ်အသုံးပြုနေပြီဖြစ်သော Piranha 5 အသေးစားဒရုန်းကို တပ်ဖွဲ့ဝင်များလေ့ကျင့်သင်တန်းပေးရေးနှင့် တိုက်ပွဲဝင်ဖြန့်ကြက်အသုံးပြုနိုင်ရေး နှစ်မျိုးစလုံးအတွက် နည်းဗျူဟာမြောက်စွာ အသုံးဝင်မှုကို ဆက်လက်တိုးမြှင့်လုပ်ဆောင်နိုင်စေရန် မျှော်မှန်းထားပြီး စစ်မြေပြင် လက်တွေ့အသုံးချမှုများတွင် လိုက်လျောညီထွေဖြစ်စေရန် အာရုံစိုက်လုပ်ဆောင်နေကြောင်း သိရသည်။

**FOCUS: Russian Piranha 5 pock-et drone revolutionizes soldier mo-bility with four-carry capability** ကို ဘာသာပြန်ဆိုထားပါသည်။

## ယူကရိန်းက ရန်သူ့ Quadcopterဒရုန်းများကို တန်ပြန်ချေမှုန်းနိုင်သည့် Mavikကြားဖြတ်တိုက်ခိုက်ရေးဒရုန်းများ စတင်အသုံးပြု

ရုရှားတပ်ဖွဲ့များ၏ ကင်းထောက်ဒရုန်းရန်များမှ ကာကွယ်နိုင်ရန် ယူကရိန်းစစ်ဘက်သည် စစ်မြေပြင်၌ ရန်သူ့ Quad-copter ဒရုန်းများကို တန်ပြန်ချေမှုန်းနိုင်သည့် Mavik ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းများစတင်အသုံးပြုနေပြီဖြစ်ကြောင်း Army Recognition သတင်းဌာနက နိုဝင်ဘာ ၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ယူကရိန်းတပ်ဖွဲ့များသည် နည်းဗျူဟာမြောက် ကင်းထောက်ဒရုန်းများကို ပစ်ချရန် အာရုံစိုက်ကြိုးပမ်းနေလျက်ရှိပြီး တစ်ဖက်ကလည်း ပိုမိုသေးငယ်သော Quadcopter ဒရုန်းများကိုလည်း ချေမှုန်းရန်မှာ အရေးကြီးကိစ္စရပ်တစ်ခုအဖြစ် ဦးစားပေး လုပ်ဆောင်နေကြသည်။ အဆိုပါ အသေးစားဒရုန်းများကို ရုရှားတပ်ဖွဲ့များက အမြောက်ပစ်ခတ်မှုများ ချိန်ညှိခြင်း၊ အနီးကပ်ကင်းထောက်ခြင်းနှင့် ရံဖန်ရံခါတွင် ဗုံးသီးများကြဲချခြင်းအတွက် ကျယ်ပြန့်စွာ အသုံးပြုလျက်ရှိကြသည်။ ယူကရိန်းစစ်ဘက်အနေဖြင့် ရုရှား၏ဒရုန်းစစ်ဆင်ရေးစွမ်းအားများကို တန်ပြန်ချေမှုန်းရန် ထိရောက်သောနည်းလမ်းများ လိုအပ်လျက်ရှိသည်။

ထို့ကြောင့် ကုန်ကျစရိတ်သက်သာပြီး ထိရောက်စွာတန်ပြန်နိုင်စေရန် နည်းလမ်းကြံဆလုပ်ဆောင်မှုအနေဖြင့် Mavik ကြားဖြတ် တိုက်ခိုက်ရေးဒရုန်းတွင် ပိုက်ကွန်များကိုတပ်ဆင်၍ အသုံးပြုလာခဲ့ကြသည်။ ရည်ရွယ်ချက်မှာ ရန်သူ့ဒရုန်းများ၏ပန်ကာများနှင့်ငြိစေကာ ဆက်လက်မပျံသန်းနိုင်စေရန် ပိုက်ကွန်များပစ်လွှတ်ခြင်းနည်းလမ်းဖြင့် ကြားဖြတ်ချေမှုန်းခြင်းဖြစ်သည်။ ပိုက်ကွန်တွင် မိသွားသည်နှင့်တစ်ပြိုင်နက် မြေပြင်ပေါ်သို့ပျက်ကျခြင်း သို့မဟုတ် ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းမှ တစ်ပါတည်းချိတ်ဆွဲ၍ ဖမ်းဆီးထားနိုင်ခြင်းတို့ ပြုလုပ်နိုင်မည်ဟု သိရသည်။ ထုတ်လုပ်ရေးကုမ္ပဏီများအနက်မှ Ptashka ဒရုန်း ကုမ္ပဏီသည် ကုန်ကျစရိတ်နည်းပါးစွာဖြင့် ကြားဖြတ်ပစ်ချနိုင်သောရိုးရှင်းလွယ်ကူသည့် စက်ပစ္စည်းကိရိယာများကို ယူကရိန်းစစ်ဘက်ထံ ပံ့ပိုးပေးလျက်ရှိသည်။

ဒရုန်းတွင် ပိုက်ကွန်များတပ်ဆင်အသုံးပြုခြင်းသည် အားသာချက်အနေဖြင့် အလေးချိန် ၃၇၃ ဂရမ်သာရှိသော ပိုက်ကွန်များသည် ခြေလျင်တပ်ဖွဲ့သုံးလက်ပစ်ဗုံးထက် ပိုမိုပေါ့ပါးပြီး စစ်ဘက်အသုံးများသည့် Mavic၊ Autel နှင့် FPV ဒရုန်းများကဲ့သို့ ဒရုန်းအမျိုးအစားတော်တော်များများတွင် တပ်ဆင်အသုံးပြုနိုင်ခြင်းပင်ဖြစ်သည်။ အုပ်ချုပ်၊ ထောက်ပံ့မှုအနည်းဆုံးဖြင့် ပစ်မှတ်ကို တိကျစွာကြားဖြတ်တိုက်ခိုက်နိုင်ပြီး စစ်ဆင်ရေးအဆင်ပြေချောမွေ့ပါက ဒရုန်းကိုပြန်လည်အသုံးပြုနိုင်မည်ဖြစ်သဖြင့် နည်းဗျူဟာမြောက် တုံ့ပြန်ရေးနည်းလမ်းတစ်ရပ်ဖြစ်ကြောင်း သိရသည်။




ရန်သူ့ဒရုန်းများကို တန်ပြန်ချေမှုန်းရာတွင် ယခုကဲ့သို့ ပိုက်ကွန်များအသုံးပြု၍ ကြားဖြတ်ပစ်ချခြင်းသည် အသုံးပြုရ ကန့်သတ်ချက်နည်းပါးပြီးနောက် တစ်ကြိမ်ထပ်မံအသုံးပြုနိုင်ရန် ဖြစ်နိုင်ခြေရှိသည်။ ယူကရိန်းစစ်မြေပြင်တွင် ရုရှား၊ ယူကရိန်း နှစ်နိုင်ငံစလုံးသည် အီလက်ထရွန်နစ်စစ်ဆင်ရေးနှင့် လေကြောင်းအရေးသာမှုတို့၌ ဒရုန်းများအရေးသာမှုဖြင့် စစ်မြေပြင်အသာစီးရရှိစေရန် ကြိုးပမ်းလုပ်ဆောင်နေသည်ကို မြင်တွေ့နေကြရကြောင်း သိရသည်။

ရုရှား-ယူကရိန်း ပဋိပက္ခအတွင်း FPV ဒရုန်းများ တိုက်ပွဲဝင်အသုံးပြုမှုများ ပြားလာခြင်းသည် စစ်လက်နက်ပစ္စည်းများနှင့် လူသားတို့၏ အသက်အိုးအိမ်စည်းစိမ်တို့ကို ကြီးမားစွာထိခိုက်ပျက်စီးနိုင်စွမ်းရှိသောကြောင့် စစ်ပွဲသဘောသဘာဝကိုသိသိသာသာပြောင်းလဲလာစေခဲ့သည်။ ထိုသို့သော FPV ဒရုန်းများတိုက်ခိုက်မှုရန်မှ ကာကွယ်သည့်အနေဖြင့် ယူကရိန်းနှင့်ရုရှား နှစ်နိုင်ငံစလုံးသည် တန်ပြန်ကာကွယ်၊ တိုက်ဖျက်ရေးနည်းလမ်းပေါင်းစုံကို နည်းမျိုးစုံသုံး၍ တီထွင်ဖန်တီးလျက်ရှိကြကြောင်း သိရသည်။

**Ukraine Introduces New Mavik Interceptor Drones to Counter Rus-sian Quadcopters** ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

# ရာဂီကိုအန်တု စံပြုထိုက်သည့် တို့ပြည်သူ

**မောင်အောင်**



ဆောင်းသီးနှံစိုက်ပျိုးထားမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။

"ကိုအောင်ရေ ငါ့ညီအလုပ်များမှန်းတော့သိပါတယ်ကွာ။ ဒါပေမဲ့ ငါ့စိတ်ထဲမှာ အားမလိုအားမရဖြစ်နေတာရယ်၊ တိုင်းပြည်အတွက်လဲ မဖြစ်မနေဖြစ်စေချင်တာရယ်ကြောင့် မင်းနဲ့လာပြီးတွေ့တာပါ"။

ကျွန်တော် ဒီနေ့မနက် ကွင်းဆင်းဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းသည် ကျွန်တော်တို့နိုင်ငံ၏ ပင်မစီးပွားရေးလုပ်ငန်းဖြစ်သည်။ နိုင်ငံတော်၏ လူအများစုသည် တောအရပ်ဒေသမှာနေပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ်လုပ်ကိုင်နေကြသည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းသည် မကုန်ခန်းနိုင်သည့် သဘာဝသယံဇာတဖြစ်သည်။ ကျွန်တော်တို့နိုင်ငံသည် သဘာဝသယံဇာတများဖြင့် ပေါများကြွယ်ဝခဲ့သည်။ ကျွန်းသစ်၊ ရေနံ၊ ကျောက်သံပတ္တမြား၊ ကျောက်စိမ်း၊ နီလာကအစ သဘာဝဓာတ်ငွေ့အဆုံး ပေါကြွယ်လှသည့် သဘာဝသယံဇာတများသည် ခေတ်အဆက်ဆက်ထုတ်ယူသုံးစွဲလာသည့်အတွက် ကျွန်တော်တို့လက်ထက်တွင် အတော်လေးနည်းလာသည်။ ဒီအခြေအနေကြောင့် နိုင်ငံတော်တာဝန်ရှိသူများသည် သဘာဝအရင်းအမြစ် ထုတ်ယူသုံးစွဲရောင်းချမှုကို ထိန်းသိမ်းလျှော့ချခဲ့သည်။ မကုန်ခန်းနိုင်သည့် အရင်းအမြစ်ဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို ဦးစားပေးဆောင်ရွက်စေခဲ့သည်။ ဒီအချိန်တွင်မှ ရာဂီမုန်တိုင်းကြောင့် မကြုံဖူးသည့်မိုးရေချိန်များရွာသွန်း၍ နေပြည်တော်ပြည်ထောင်စုနယ်မြေအပါအဝင် တစ်ပြည်လုံး နေရာအတော်များများတွင် ရေဖုံးလွှမ်းခဲ့ပါသည်။ ကျွန်တော်တို့ပြည်သူတွေ အားကြိုးမာန်တက်စိုက်ပျိုးခဲ့သည့် မိုးစပါးများ ရေဖုံးလွှမ်းခဲ့ပါသည်။

တပ်ကုန်းမြို့နယ်တွင် စပါး၊ နေကြာ၊ ဝါ၊ ငရုတ်နှင့် ဟင်းသီးဟင်းရွက်အပါအဝင်စုစုပေါင်းသီးနှံ ဧက ၁၇၃၁၀ ပျက်စီးခဲ့သည်။ ဇေယျာသီရိမြို့နယ်တွင် မိုးစပါး၊ အစေ့ထုတ်ပြောင်း၊ မြေပဲ၊ နေကြာ၊ ပဲတီစိမ်း၊ ဟင်းသီးဟင်းရွက်၊ ဝါ၊ ဖူးစားပြောင်းနှင့် ပန်းအမျိုးမျိုး စုစုပေါင်း သီးနှံစိုက်ဧက ၅၃၂၇ ဧကပျက်စီးခဲ့ပြီး ပုဗ္ဗသီရိမြို့နယ်တွင် ဧက ၂၆၂၀၊ ပျဉ်းမနားမြို့နယ်တွင် ၃၀၂၂ ဧကနှင့် လယ်ဝေးမြို့နယ်တွင် မိုးစပါး ၆၆၇၇ ဧက ပျက်စီးခဲ့ပါသည်။ နေပြည်တော်ကောင်စီနယ်မြေ မြို့နယ်ငါးမြို့နယ်တွင် စုစုပေါင်းသီးနှံ ၃၄၉၅၆ ဧက ပျက်စီးခဲ့သလို မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် စပါး ၄၃၃၈ ဧက အပါအဝင် ဝါ၊ မြေပဲ၊ နေကြာ၊ ငရုတ် စုစုပေါင်းသီးနှံ ၁၂၈၃၄ ဧကနှင့် ပျော်ဘွယ်မြို့နယ်တွင် စပါး၊ ဝါ၊ ငရုတ်နှင့် ပဲစင်းငုံ စုစုပေါင်းသီးနှံ ၄၀၅၃ ဧက ပျက်စီးခဲ့ရပါသည်။ သို့ဖြစ်၍လည်း စိုက်ခင်းပျက်စီးခဲ့ရသည့် တောင်သူများအား အားပေးစကားပြောကြားရင်း မိုးစပါးအချိန်မမီတော့၍ စိတ်ပျက်အားလျှော့မနေဘဲ ရသည့်အချိန်တွင် ဆောင်းဆီထွက်သီးနှံစိုက်ပျိုးထားသည့် ပုဗ္ဗသီရိမြို့နယ် ဥယျာဉ်ကျေးရွာအုပ်စု ဆင်းတဲကြီးကျေးရွာမှ တောင်သူများအား သဘာဝမြေသြဇာနှင့် ဂျစ်ပဆင်ကျောက်မှုန့်ပေးအပ်ပြီး အိမ်ပြန်အရောက် ကျွန်တော့်အစ်ကိုကြီးအိမ်ရောက်လာပြီး ပြောလာခြင်းဖြစ်သည်။

"ပြောပါ အစ်ကိုကြီး။ အစ်ကိုကြီး မြင်တာ၊ တွေ့တာ၊ ဖြစ်စေချင်တာပြောပါ။ ကျွန်တော်တို့ကိုယ့်တိုင်းပြည်အတွက် လုပ်သင့်လုပ်ထိုက်တာ လုပ်ရမှာလုပ်ဖို့အသင့်ပါ"။

"အေးပါ။ ဒါ့ကြောင့်လဲ ငါ့ညီကို ငါလေးစားတာ။ ဒီရာဂီမုန်တိုင်းနဲ့အတူ မိုးတွေရွာပြီး စိုက်ခင်းတွေရေနစ်မြုပ်တော့ မင်းတို့ဝန်ကြီးဌာနက ဝန်ကြီး၊ ဒုတိယဝန်ကြီးတွေအပါအဝင် ဝန်ထမ်းတွေ ကွင်းဆင်းပြီး တောင်သူတွေကို အကူအညီပေးနေတာ၊ ပံ့ပိုးပေးနေတာ ငါတို့လဲတွေ့ပါတယ်။ မင်းတို့ဝန်ကြီးဌာနက ဝန်ထမ်းတွေကို လေးလဲလေးစားပါတယ်။ ဒါပေမဲ့ကွာ ငါအားမရတာက နေပြည်တော်တိုင်းစစ်ဌာနချုပ်ကနေ ပင်လောင်းသွားတဲ့လမ်း၊ အဲဒီလမ်းဘေးဘေးဘယ်၊ညာကအကွက်တွေ အခုထိ နှံ့ဖုံးနေတာ၊ ကွင်းပြင်ကြီးဖြစ်နေတာ ငါခံစားရအတော်ခက်တယ်။ အဲဒီပိုင်ရှင်လယ်သမားတွေ၊ အဲဒီ သူတို့လယ်ကွင်းတွေကိုကြည့်ပြီး ယူကျုံးမရခံစားရမှာဖြစ်သလို ငါလည်းခံစားမိတယ်ကွာ။ အဲဒါ မင်းတို့ဘာကြောင့် မလုပ်သေးတာလဲ။ ဒီလိုရေလွှမ်းမိုးပြီးမှ ရွှံ့နှံ့တွေဖုံးသွားတဲ့ကွင်းတွေကိုပြုပြင်ရတာ ဘာတွေလုပ်ဖို့လိုလို့လဲ"။

ကျွန်တော့်အစ်ကိုကြီးက သူ့ခံစားချက်ဖြင့်မေးရင်း သူ့အသံကတုန်ယင်ကွဲအက်လာသည်။ အခင်းရှင်လယ်သမားများအတွက် သူ့ခံစားချက်က ပြင်းထန်လာသလိုထင်ရသည်။ သူသာခံစားရသည်မဟုတ်ပါ။ နိုင်ငံကိုချစ်မြတ်နိုးသော ကျွန်တော်တို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဝန်ထမ်းများလဲ ထပ်တူခံစားရပါသည်။ ယခင်နှစ်တွေက ဒီအချိန်ဆိုလျှင် မြသားကမ္ဗလာလွှမ်းခြုံထားသည့်ပမာ စိမ်းလန်းသည့်စပါးခင်းများသည် စပါးသီးများစတင် သီးကြ၊ ဖူးကြတော့မည်။ ပြီးနောက် ရွှေရောင်အဆင်းဖြင့်ဝါဝင်းတော့မည့် စပါးနှံခင်းများ။ ကျွန်တော်တို့ပြည်သူတွေ စားရေရိက္ခာအတွက်ဖူးကြပွင့်ကြတော့မည်။ ယခုနှစ်တော့........

"အစ်ကိုကြီးမေးတာ ကျွန်တော်ဖြေမယ်နော်။ တကယ်တော့ အဲဒီရွှံ့နှံ့တွေဖုံးနေတဲ့ကွင်းတွေက အဝေးကကြည့်ရင်သာ မြေအပေါ်ယံကြောတင်းပြီး မာတယ်ထင်နေတာ၊ တကယ်တမ်း ကွင်းထဲဆင်းကြည့်ရင် ခြေသလုံးလောက်ပဲ မြေထဲကျွံဝင်သွားပြီး အောက်မှာရေရှိနေတာ။ ကျွန်တော်တို့ အခုဒီနှစ်ဖြစ်တဲ့ နှံ့ဖုံးနေတဲ့ကွင်းတွေ လိုက်ပြီးစစ်ဆေးကြည့်တဲ့အခါ နှံ့သားထုက ခြောက်လက်မ၊ ရှစ်လက်မကနေ တချို့နေရာဆို လေးပေ၊ လေးပေခွဲလောက်ထိ နှံ့ကဖုံးနေတာ။ အဲဒါကြောင့် ကျွန်တော်တို့လုပ်လို့မရလို့ မလုပ်သေးတာလို့ ကျွန်တော်ပြောချင်တာပါ။ နောက်ပြီးတော့ အစ်ကိုကြီးရယ် ကျွန်တော်တို့၊ အစ်ကိုကြီးတို့ထက် ပိုပြီးစိုက်ချင်၊ ပျိုးချင်တာက အခင်းပိုင်ရှင်လယ်သမားပေါ့။ သူတို့က သူတို့အခင်း ပိုပြီးစိုက်ချင်ပျိုးချင်တာပေါ့။ စောစောကပြောသလို ဘယ်လိုမှလုပ်မရလို့သာ သူတို့လဲ လက်မှိုင်ချပြီး ဒီအတိုင်းကြည့်နေရတာပါ။

"သူတို့လယ်သမားတွေက လက်မှိုင်ချပြီး ဒီအတိုင်းကြည့်နေတာတော့ ထားပါတော့။ မင်းတို့ဝန်ထမ်းတွေကရော ဘာလုပ်နေသလဲ"။

အစ်ကိုကြီး၏ အားမလိုအားမရအသံက တိုင်းပြည်အတွက် မည်မျှစေတနာထားပြီး စိတ်အားထက်သန်နေသည်ကို ပြသနေပါသည်။

"ကျွန်တော်တို့ စိုက်ပျိုးရေးဝန်ထမ်းတွေ၊ အထူးသဖြင့်မြေဆီလွှာနှင့်ပတ်သက်ပြီး ကျွမ်းကျင်တဲ့ ဝန်ထမ်းတွေက နေပြည်တော်ကောင်စီနယ်မြေ ရေကြီးနစ်မြုပ်ခဲ့တဲ့စိုက်ပျိုးကွင်းတွေမှာ ကိုယ်စားပြုမြေနမူနာ ၃၁ မျိုး ကောက်ယူခဲ့ပါတယ်။ တပ်ကုန်းမြို့နယ်၊ အောင်မြေရိပ်သာ၊ အနော်ရထာ၊ လက်ပံသုံးကင်းသာ၊ ရှောက်ကုန်းနှင့် မကျီးကုန်းကွင်းတွေက မြေနမူနာ ၁၀ ခု၊ ဇေယျာသီရိမြို့နယ် သစ်တပ်ကသုံးခု၊ ပုဗ္ဗသီရိမြို့နယ် ဘဲကုန်းကျေးရွာကတစ်ခု၊ ပျဉ်းမနားမြို့နယ် ညောင်ပင်သာ၊ သနပ်ပင်ဆိပ်၊ ဆင်သေ၊ နှမ်းတော၊ နတ်သူရဲ၊ ဇီးဖြူပင်နှင့် ကျွန်းဦးကျေးရွာတွေက ခုနစ်ခု၊ လယ်ဝေးမြို့နယ်၊ ပိတောက်ချောင်းကျေးရွာကတစ်ခုယူခဲ့တာကြောင့်နေပြည်တော် မြေနမူနာယူပြီး ကျွန်တော်တို့စစ်ဆေးတာက မြေသားအနုအကြမ်း(Soil texture)၊ မြေချဉ်ငန်ကိန်း(PH)၊ မြေဆွေးဓာတ် (Organic matter)၊ အာဟာရဓာတ်ပါဝင်မှုများနှင့် အန္တရာယ်ရှိစေတဲ့ ဓာတ်ကြွင်းများ(Heavy Metals) ပါဝင်မှုကို စစ်ဆေးတာပါဘဲ။ ဒီလိုစစ်ဆေးလိုက်တဲ့အခါ တပ်ကုန်းမြို့နယ်ကမြေတွေက နုန်းသမ၊ မြေစေးသမ၊ သဲသမနှင့် သမဆန်တဲ့သဲအမျိုးအစားဖြစ်နေပြီး မြေချဉ်ငန်ကိန်း ၅ ဒသမ ၉၈ ကနေ ၇ ဒသမ ၉၈ ရှိတယ်။ မြေဆွေးဓာတ်အသင့်အတင့်ရှိပြီး နိုက်ထရိုဂျင်၊ ဖော့စဖရပ်နှင့် ပိုတက်စီယမ်ဓာတ်နည်းနေတာတွေ့ရတယ်။ ဇေယျာသီရိမြို့နယ်က မြေကတော့ သမမြေဖြစ်ပြီး ချဉ်ငန်ကိန်း ၅ ဒသမ ၃၂ ကနေ ၅ ဒသမ ၆၄ အတွင်းရှိတယ်။ မြေဆွေးဓာတ်အသင့်အတင့်ရှိပြီး နိုက်ထရိုဂျင်ဓာတ်နှင့်ဖော့စဖရပ်နည်းပြီး ပိုတက်စီယမ်များတာသွားပြီးတွေ့ရတယ်။ ပုဗ္ဗသီရိမြို့နယ်က မြေကတော့ နုန်းအမျိုးအစားဖြစ်နေပြီး မြေချဉ်ငန်ဓာတ် ၆ ဒသမ ၄၄ ရှိတယ်။ ဒီမြေလဲ ဇေယျာသီရိလိုပဲ နိုက်ထရိုဂျင်နှင့်ဖော့စဖရပ်ဓာတ်နည်းပြီး ပိုတက်စီယမ်ဓာတ်များနေတာတွေ့ရတယ်။ ပျဉ်းမနားမြို့နယ်ထဲက မြေတွေကတော့ သဲသမ၊ နုန်းသမ၊ မြေစေးသမနှင့် သမမြေတွေဖြစ်နေပြီး မြေချဉ်ငန်ကိန်း ၅ ဒသမ၄၅ကနေ ၆ ဒသမ ၇၇ ရှိပြီး မြေဆွေးဓာတ်နည်းနည်းကနေ အသင့်အတင့်သာရှိတယ်။ နိုက်ထရိုဂျင်နှင့် ဖော့စဖရပ်နည်းပြီး ပိုတက်စီယမ်ဓာတ်များတာတွေ့ရတယ်။ ထူးခြားတာက လယ်ဝေးမြေဘဲ၊ သဲသမမြေမျိုးဖြစ်သွားပြီး ချဉ်ငန်ကိန်းက ၇ ဒသမ ၁၈ ဖြစ်တယ်။ မြေဆွေးဓာတ်၊ နိုက်ထရိုဂျင်နှင့် ဖော့စဖရပ်ဓာတ်တွေနည်းပြီး ပိုတက်စီယမ်ဓာတ်အသင့်အတင့်ရှိတာ တွေ့ရပါတယ်"။

**❖ရေကြီးနစ်မြုပ်တဲ့ စိုက်ပျိုးမြေတွေမှာ အခုလို မြေနမူနာယူပြီး ကျွန်တော်တို့စစ်ဆေးတာက မြေသားအနုအကြမ်း(Soil texture)၊ မြေချဉ်ငန်ကိန်း(PH)၊ မြေဆွေးဓာတ် (Organic matter)၊ အာဟာရဓာတ်ပါဝင်မှုများနှင့် အန္တရာယ်ရှိစေတဲ့ ဓာတ်ကြွင်းများ(Heavy Metals) ပါဝင်မှုကို စစ်ဆေးတာပါဘဲ။ ဒီလိုစစ်ဆေးလိုက်တဲ့အခါ တပ်ကုန်းမြို့နယ်ကမြေတွေက နုန်းသမ၊ မြေစေးသမ၊ သဲသမနှင့် သမဆန်တဲ့သဲအမျိုးအစားဖြစ်နေပြီး မြေချဉ်ငန်ကိန်း ၅ ဒသမ ၉၈ ကနေ ၇ ဒသမ ၉၈ ရှိတယ်။ မြေဆွေးဓာတ်အသင့်အတင့်ရှိပြီး နိုက်ထရိုဂျင်၊ ဖော့စဖရပ်နှင့် ပိုတက်စီယမ်ဓာတ်နည်းနေတာတွေ့ရတယ်။ ❖**

ငါးမြို့နယ်က မြေနမူနာ ၂၂ ခု၊ ရမည်းသင်းမြို့နယ် ပေါက်အိုင်၊ ပွဲဆည်၊ ဆည်ကြီး၊ သိမ်းကုန်းနှင့် ကျွဲတပ်ကျေးရွာကွင်းတွေက မြေနမူနာငါးခု၊ ပျော်ဘွယ်မြို့နယ် ညောင်ရွှေ၊ ဝက်လက်၊ ကျောက်ဆည်နှင့် ရွှေညောင်ဖူးကျေးရွာကွင်းတွေက မြေနမူနာလေးခု၊ စုစုပေါင်းမြေနမူနာ ၃၁ ခုကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးခဲ့ပါတယ်"။

"အေးထားပါတော့။ အဲ့ဒီလိုစမ်းသပ်စစ်ဆေးတာ ဘာအတွက်လဲ။ ပြီးတော့မင်းတို့ ဘာတွေတွေ့လဲ"။

အစ်ကိုကြီးက စိတ်မရှည်သံဖြင့် မေးလိုက်ခြင်းဖြစ်သည်။

"ရေကြီးနစ်မြုပ်တဲ့ စိုက်ပျိုးမြေတွေမှာ အခုလို "လုံးဝပြောင်းလဲသွားတာက ရမည်းသင်းနှင့် ပျော်ဘွယ်ကမြေတွေပဲ။ ရမည်းသင်းကမြေက မြေစေး၊ မြေစေးသမနှင့် သမမြေအမျိုးအစားဖြစ်ပြီး မြေချဉ်ငန်ကိန်းက ၇ ဒသမ ၁ ကနေ ၈ ဒသမ ၇၈ ဖြစ်တယ်။ မြေဆွေးဓာတ်နှင့် နိုက်ထရိုဂျင်ဓာတ် နည်းနည်းကနေ အသင့်အတင့်ရှိပြီး ဖော့စဖရပ်နှင့် ပိုတက်စီယမ်ဓာတ်ကတော့ နည်းနည်းကနေ အသင့်အတင့်ရှိကြောင်းတွေ့ရတယ်။ ပျော်ဘွယ်ကမြေကတော့ မြေစေးအမျိုးအစားဖြစ်ပြီး မြေချဉ်ငန်ဓာတ် ၈ ဒသမ ၀၉ ကနေ ၉ ဒသမ ၁၃ ထိရှိတယ်။ အများဆုံးပဲ။ မြေဆွေးဓာတ်၊ နိုက်ထရိုဂျင်နှင့် ဖော့စဖရပ်ဓာတ်နည်းနည်းသာရှိပြီး

စာမျက်နှာ ၁၁ သို့ ➤

➤ စာမျက်နှာ ၁၀ မှအဆက်

ပိုတက်စီယမ်ဓာတ်အသင့် အတင့်သာရှိကြောင်း တွေ့ရပါတယ်"။

"သီးနှံစိုက်တာဘဲကွာ။ ဒါတွေ ဒီလောက်ကြီး စစ်နေစရာမလိုပါဘူး။ မင်းတို့က ချဲ့ကိုချဲ့လွန်းတယ်လို့ အစ်ကိုကြီးထင်ကောင်းထင်မယ်။ တကယ်တမ်း ဒီလိုမစစ်ဘဲ ရှိတဲ့မြေဩဇာပဲ ရမ်းပြီးထည့်လိုက်ရင် လိုတာမရဘဲ မလိုအပ်တာတွေလဲ အလဟဿ ဖြစ်သွားမယ်။ ငွေကုန်ကြေးကျများမဲ့အပြင် သီးနှံအထွက်နှုန်းလဲမကောင်းဖြစ်မှာကြောင့် အခုလို စစ်ရတာပါ"။

အစ်ကိုကြီးမေးမည့်အမေးကို ကြိုတင်ခန့်မှန်း၍ ကျွန်တော်ပြောလိုက်ခြင်းဖြစ်သည်။ ပြီးတော့ ခပ်ပေးထားသည့်ရေတစ်ခွက်ကို ကမန်းကတန်းမော့သောက်လိုက်ရင်း ဆက်ပြီးရှင်းပြဖြစ်ပါသည်။

"ပြီးတော့ အန္တရာယ်ရှိတဲ့ဓာတ်ကြွင်းတွေကို လဲ ကျွန်တော်တို့စစ်ဆေးပါတယ်။ အဲဒီဓာတ်ကြွင်းတွေက ခဲ၊ ကဒ်မီယမ်၊ ခရိုမီယမ်၊ နစ်ကယ်၊ အာဆင်းနစ်နှင့် မာကျူရီတို့ဖြစ်ပါတယ်။ တပ်ကုန်းမြို့နယ်၊ စိုက်ပျိုးဧရိယာတွေမှာ ခဲ(Pb)၊ ကဒ်မီယမ်(Cd)၊ နီကယ်(Ni)နှင့် အာဆင်းနစ်(As)များပါဝင်နေတာတွေ့ရပါတယ်။ ခဲ၊ ကဒ်မီယမ်နှင့် နီကယ်တွေက စိုက်ပျိုးမြေမှာ အများဆုံးပါဝင်သင့်သည့် ပမာဏအောက်ရှိနေတဲ့အတွက် အန္တရာယ်မရှိပေမယ့် အောင်မြေရိပ်သာနှင့် ကင်းသာကျေးရွာတွေက မြေနမူနာတွေကတော့ အာဆင်းနစ်က ပါဝင်သည့် ပမာဏထက် ပိုပြီးများနေတာကိုတွေ့ရပါတယ်"။

"ဇေယျာသီရိမြို့နယ်မှာရှိတဲ့မြေတွေက သမမြေအမျိုးအစားဖြစ်ပြီး အန္တရာယ်ရှိတဲ့ဓာတ်ကြွင်းတွေဖြစ်တဲ့ ခဲ၊ ကဒ်မီယမ်၊ နီကယ်နှင့် အာဆင်းနစ်ပမာဏများက ပါဝင်သင့်တဲ့ ပမာဏထက် မများတာကြောင့် အန္တရာယ်မရှိတာကို တွေ့ရပါတယ်။ ပုဗ္ဗသီရိမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်မှာရှိတဲ့မြေကလဲ အသင့်အတင့်ချဉ်တာကလွဲရင် အန္တရာယ်ရှိတဲ့ဓာတ်ကြွင်းတွေပါဝင်သင့်တဲ့ပမာဏထက် ပိုပြီးပါဝင်မှုမရှိတဲ့အတွက် အန္တရာယ်မရှိတာကိုတွေ့ရပါတယ်။ လယ်ဝေးမြို့နယ်ကမြေကလဲ မြေချဉ်ငန်ကိန်း ၇ ဒသမ ၁၈ ရှိတာကြောင့် အနည်းငယ်ငန်တာကလွဲရင် အန္တရာယ်ရှိတဲ့ ခဲ၊ ကဒ်မီယမ်၊ ခရိုမီယမ်နီကယ်နှင့် အာဆင်းနစ်ပါဝင်မှုက အန္တရာယ်မရှိတဲ့ပမာဏသာပါဝင်ကြောင်း တွေ့ရှိရပါတယ်"။

"ရမည်းသင်းမြို့နယ်က မြေနမူနာအများစုက မြေချဉ်ငန်ကိန်း ၇ ဒသမ ၁ မှ ၈ ဒသမ ၇၈ ရှိတာကြောင့် အနည်းငယ်ငန်ရာမှ အလွန်ငန်သည့်အခြေအနေမှာရှိပြီး ဖလှယ်ထုတ်နိုင်သည့် ဆိုဒီယမ်ပမာဏမြင့်နေတာတွေ့ရပါတယ်။ မြေသားအနုအကြမ်းမှာ မြေစေး၊ နုန်းမြေနှင့် နုန်းမြေစေးများဖြစ်ပါတယ်။ မြေဆွေးဓာတ်ပါဝင်မှုများပြီး နိုက်ထရိုဂျင်၊ ဖောစဖရပ်နှင့် ပိုတက်စီယမ်ဓာတ်များ အသင့်အတင့်မှ များပြားစွာ ပါဝင်နေတာတွေ့ရပါတယ်။ ဓာတ်ခွဲစစ်ဆေးချက်အရ ယခင်နှစ်ကစစ်ဆေးချက်နှင့် ကွာခြားမှုမရှိကြောင်း တွေ့ရပါတယ်။ မြေနမူနာများတွင် ပါဝင်သော အာဟာရဓာတ်များ၊ မြေချဉ်ငန်ကိန်းနှင့်ရေပျော်ဆား ပါဝင်မှုများသည် ပုံမှန်စိုက်ပျိုးမြေများတွင် တွေ့ရလေ့ရှိပြီး ဆိုဒီယမ်ပမာဏများသော်လည်း ဆည်ကြီးနှင့်သိမ်ကုန်းစိုက်ပျိုးမြေများမှလွဲ၍ ကျန်မြေနမူနာများမှာ မြေပြုပြင်ရန် အထူးမလိုအပ်ခြင်းတို့ကြောင့် စပါးနှင့်နေကြာ စိုက်ပျိုးဖြစ်ထွန်းနိုင်တဲ့အခြေအနေဖြစ်ပါတယ်။ မြေနမူနာများတွင် အန္တရာယ်ရှိဓာတ်ကြွင်းပါဝင်မှုမှာ အန္တရာယ်မရှိသည့်အနေအထားဖြစ်ကြောင်း တွေ့ရှိရပါတယ်"။

"ပျော်ဘွယ်မြို့နယ်မှာကတော့ မိုးသည်းထန်စွာရွာပြီး ရေအတော်များများ ဖုံးလွှမ်းသွားတဲ့အတွက် ရေပြန်ပေါ်လာတဲ့နေရာတွေကလဲ သဲနုန်းဖုံးလွှမ်းသွားတဲ့ဧရိယာတွေဖြစ်ပြီး မြေစေးပါဝင်မှုများသည့် မြေစေးနှင့် မြေစေးသမအမျိုးအစားမြေတွေဖြစ်ပါတယ်။ မြေချဉ်ငန်ကိန်းကလဲ ၈ ဒသမ ၀၉ မှ ၉ ဒသမ ၁၃ အတွင်းရှိပြီး အလွန်အမင်းငန်နေပါတယ်။ ဖလှယ်ထုတ်နိုင်သည့်ဆိုဒီယမ်ပမာဏ ၇ ဒသမ ၄၁ မှ ၂၅ ဒသမ ၄၃ ရာခိုင်နှုန်းထိရှိနေ၍ ပါဝင်မှုမြင့်မားနေပါတယ်။ ဒါ့ပြင် မြေဆွေးဓာတ်၊ နိုက်ထရိုဂျင်ဓာတ်နှင့် ဖောစဖရပ်ဓာတ်ပါဝင်မှုနည်းပြီး ပိုတက်စီယမ်ဓာတ်ပါဝင်မှုအသင့်အတင့်ရှိတာတွေ့ရပါတယ်။ ဒီအတွက်ကြောင့် စပါးနှင့်နေကြာသီးနှံတွေစိုက်ပျိုးဖြစ်ထွန်းနိုင်သော်လည်း နေကြာသီးနှံစိုက်ပျိုးမယ်ဆိုရင် မြေငန်တာလွန်ကဲနေတဲ့အတွက် မြေပြုပြင်ပြီးမှစိုက်ပျိုးသင့်ပါတယ်။ ပျော်ဘွယ်မှာ စစ်ဆေးတဲ့မြေနမူနာတွေမှာတော့ အန္တရာယ်ရှိတဲ့ဓာတ်ကြွင်းတွေက အနည်းငယ်သာပါတဲ့အတွက် အန္တရာယ်မရှိစေနိုင်ကြောင်း တွေ့ရပါတယ်"။

ကျွန်တော်က မြို့နယ်အလိုက်တွေ့ရှိရသည့် မြေအခြေအနေများကို ရှင်းလင်းပြလိုက်ရ၍ စိတ်ကျေနပ်မိပါသည်။

"ကဲ ကဲ ထားပါတော့။ မင်းတို့ဝန်ကြီးဌာနက ရေလွှမ်းမိုးလို့ မြေပျက်စီးတာနဲ့ပတ်သက်ပြီး အသေးစိတ်စစ်ဆေးတာတော့ဟုတ်ပါပြီ။ အရေးကြီးတာက ဒီမြေတွေမှာ ငါတို့ အမြန်ပြန်ပြီး စိုက်ချင်တယ်။ အဲဒီတော့ သီးနှံတွေအမြန်ပြန်စိုက်ပျိုးနိုင်အောင် မြေကို ဘယ်လိုပြုပြင်သင့်သလဲ၊ ဘာတွေလုပ်သင့်သလဲဆိုတာ ပြောစမ်းပါအုံး"။

အစ်ကိုကြီးက ရေကြီးနစ်မြုပ်ခံမြေများနှင့် ပတ်သက်၍ လိုရင်းကိုမေးလာခြင်းဖြစ်ပါသည်။

"ရေကြီးနစ်မြုပ်တဲ့မြေတွေနဲ့ ပတ်သက်ပြီး ပထမဆုံးလုပ်ရမှာက သဲနုန်းတွေနဲ့အတူပါလာတဲ့ အမှိုက်တွေ၊ သစ်ကိုင်းတွေ ရှင်းဖို့ပါပဲ။ ပြီးတော့မှ မြေဆီလွှာအစိုဓာတ်ကိုထိန်းညှိဖို့ ရေသွင်းရေထုတ်မြောင်း ပြုပြင်တူးဖော်ပေးဖို့ဖြစ်ပါတယ်။ ရေကြီးနစ်မြုပ်ပြီးနောက် မြေဆီလွှာမကျပ်သွားအောင် စိုစွတ်နေတဲ့ မြေဆီလွှာပေါ်မှာ အကြီးစားလယ်ယာသုံးစက်ကရိယာတွေ မသုံးဖို့ဘဲဖြစ်ပါတယ်။ အဲပြီးတော့ မြေဆီလွှာအစိုဓာတ်ထိန်းသိမ်းဖို့အတွက် မြေပြုပြင်ချိန်မှာ တစ်ကေလျှင် စက်ဖွဲပြာ နှစ်တန်နှင့် ဂျစ်ပဆန်ကျောက်မှုန့် ကီလိုဂရမ် ၁၀၀ နှုန်းထည့်ပေးသင့်ပါတယ်။ နောက်ပြီး ဆိုဒီယမ်ဆားများတဲ့ မြေတွေမှာ ဆိုဒီယမ်အိုင်းယွန်းကို ဖယ်ရှားဖို့နဲ့ မြေဆီလွှာဖွဲ့စည်းပုံနှင့် ရေစီးဆင်းမှုကောင်းမွန်ဖို့ မြေတစ်ကေမှာ ဂျစ်ပ်ဆမ်ကျောက်မှုန့် ကီလိုဂရမ် ၁၅၀ ခန့်ထည့်ပေးသင့်ပါတယ်။ စပါးသီးနှံစိုက်ပျိုးမယ်ဆိုရင်တော့ စက်ဖွဲပြာနှင့် ဂျစ်ပ်ဆမ်ကျောက်မှုန့်အပြင် ဇင့်ဆာလဖိတ်မြေဩဇာ တစ်ကေကို သုံးကီလိုဂရမ်နှုန်း ထည့်ပေးသင့်ပါတယ်"။

"ပြီးတော့ အရေးကြီးတာက ရေကြီးလို့ ပို့ကျလာတဲ့မြေဆီလွှာမှာ သီးနှံစိုက်ရင် အမြစ်တွယ်ဖို့အတွက်နဲ့ မြေသားဖွဲ့စည်းမှုကောင်းဖို့အတွက် ကောက်ရိုး၊ မြက်၊ သီးနှံအကြွင်းအကျန်တွေနဲ့ ဖုံးထားပေးပြီး မြက်နှင့်ပဲရင်းတွေ စိုက်ပျိုးပေးသင့်တယ်။ ပြီးမှ သီးနှံစိုက်မယ်ဆိုရင် မြေဆွေးနဲ့ ကြက်ချေး၊ နွားချေးစတဲ့ တိရစ္ဆာန်အညစ်အကြေးတွေကို စိုက်တန်းတွေကြားမှာ တစ်ကေကို တစ်တန်နှုန်းလောက် ထည့်ပေးသင့်တယ်။ အဲဒီလိုထည့်တဲ့ နွားချေး၊ ကြက်ချေးကတော့ ကောင်းကောင်းဆွေးဖို့တော့လိုပါတယ်"။

"အခုလို ရေကြီးနစ်မြုပ်ပြီး ရာသီမမီရင်တော့ စပါးရော၊ ဆောင်းသီးနှံပါ ပြန်ပြီးမစိုက်တော့ရင် သစ်စိမ်းမြေဩဇာ မဖြစ်မနေ စိုက်ပျိုးသင့်ပါတယ်။ အဲဒီသစ်စိမ်းမြေဩဇာကိုလဲ ပန်းမပွင့်မီ ထယ်ထိုး၊ မြေမြှုပ်ပေးပြီး EM ဖျန်းပေးခြင်းဖြင့် မြေဆီလွှာအရည်အသွေးတိုးတက်ကောင်းမွန်စေပါတယ်။ သီးနှံတွေ စိုက်ပျိုးတဲ့အခါ ပုံမှန်စိုက်ပျိုးခြင်းထက် ပေါင်ကြီးတင်စနစ်နဲ့စိုက်ပျိုးရင် ပိုပြီးအကျိုးဖြစ်ထွန်းစေပါတယ်။"

"မင်းဟာကဘာလဲကွ၊ ပေါင်ကြီးတင်စနစ်ဆိုတာ"။

အစ်ကိုကြီးက ကျွန်တော်ရှင်းပြနေသည်များကို စိတ်ပါဝင်စားစွာ နားထောင်နေရင်း သူမရှင်းတာကို မေးလိုက်ခြင်းဖြစ်သည်။

"အစ်ကိုကြီးကလဲ ပေါင်ကြီးတင်စနစ်ဆိုတာ ဒီအတိုင်းပြန့်ကြီးအတိုင်းမစိုက်ဘဲ လေးပေအကျယ်လောက်ရှိတဲ့ ပေါင်တွေဖော်ပြီး စိုက်ဖို့ပါ။ ပေါင်တစ်ပေါင်နဲ့တစ်ပေါင်ကြား ရေမြောင်းလိုဖော်ထားတာကြောင့် ရေအသွင်းအထုတ်လဲလွယ်တယ်။ ပေါင်းမြက်ရှင်းဖို့နဲ့ သွားလာရတဲ့လမ်းကြောင့်လဲဖြစ်တာပေါ့။ အထူးသဖြင့် နေကြာသီးနှံက ရေဝပ်တဲ့ဒဏ်မခံနိုင်လို့ ယိုင်လဲတတ်တာကြောင့် ပေါင်ကြီးတင်စနစ်နဲ့စိုက်ရင် ပေါင်တစ်ခုနဲ့တစ်ခုကြား ရေနုတ်မြောင်းရှိတာကြောင့် ပိုပြီးဖြစ်ထွန်းစေပါတယ်"။

"နောက်ပြီး စပါးသီးနှံကလဲ ပုံမှန်အားဖြင့် ရေလိုအပ်ချက်များပေမဲ့ ရေလွှမ်းပြီးတဲ့မြေတွေမှာ သဲနုန်းပို့ကျတဲ့အတွက် မြေသားတည်ဆောက်မှုညံ့တာကြောင့် ရေမပြတ်သွင်းပြီး မစိုက်သင့်ပါဘူး။ အပင်အမြစ်ကုပ်တွယ်မှု အားနည်းတဲ့အပြင် အပင်ယိုင်လဲတာ၊ ကြီးထွားမှုနှေးတာ၊ ရောဂါကျရောက်မှုဖြစ်စေနိုင်တဲ့အတွက် ရေကို တောက်လျှောက်သွင်းတာမျိုးမလုပ်ဘဲ အကြိမ်ရေလျှော့ပြီး ရေသွင်းသင့်ပါတယ်။ ရေကြီးနစ်မြုပ်ပြီး ပဲစိုက်မယ်ဆိုရင် မျိုးစေ့တွေကို ပဲမြစ်ဖုမြေဩဇာ လူးပြီးစိုက်ရင် ပိုပြီးဖြစ်ထွန်းအောင်မြင်မှာ ဖြစ်ပါတယ်"။

"အေး ဟုတ်ပါပြီကွာ။ ငါ့ညီကလဲ မပြောတော့လဲမပြော။ ပြောတော့လဲ မပြီးနိုင်ပါလား။ ရေကြီးနစ်မြုပ်တဲ့မြေတွေမှာ အပင်စိုက်ပျိုးဖို့ ဘာတွေထပ်ပြီးပြုပြင်ဖို့လိုသေးလဲ။ အခုလဲ အဲဒီလိုပြုပြင်ပြီးစိုက်တဲ့တောင်သူတွေရောရှိရဲ့လား"။

"သိပ်ရှိတာပေါ့ အစ်ကိုကြီးရယ်။ မြေပြုပြင်ဖို့ပြောမယ်ဆိုရင်တော့ အများကြီးကျန်သေးတယ် အစ်ကိုကြီးရေ၊ ရေကြီးနစ်မြုပ်တဲ့မြေတွေမှာ အန္တရာယ်ရှိတဲ့ဓာတ်ကြွင်းတွေပါဝင်မှုနဲ့ပတ်သက်ပြီး ကျွန်တော်ပြောခဲ့ပြီးပြီ။ အဲဒီဓာတ်ကြွင်းတွေလျှော့နည်းဖို့ဆောင်ရွက်ရမယ့်နည်းလမ်းတွေ။ ပြီးတော့ မြေဆီလွှာတွေမှာ အာဟာရဓာတ်တွေဖြည့်ဆည်းဖို့ ဆောင်ရွက်ရမယ့်နည်းလမ်းတွေ။ မတ်ပဲ၊ ပဲပုပ်၊ ပဲတီစိမ်း၊ နေကြာ၊ မြေပဲ၊ စပါး သီးနှံတစ်မျိုးချင်းအလိုက် ဖြည့်ဆည်းရမယ့်လုပ်ငန်းတွေလဲ အများကြီးကျန်သေးတယ်။ အခုလောလောဆယ်တော့ အဲဒီလုပ်ငန်းတွေကို သေချာလုပ်ပြီး ဆောင်းသီးနှံစိုက်ပျိုးနေတဲ့တောင်သူတွေအများကြီးရှိတယ်။ ဒီမနက်ဘဲ သူတို့ကိုသွားပြီး အားပေးရင်း ဂျစ်ပ်ဆမ်မြေဩဇာ ကျွန်တော်သွားပြီးပေးခဲ့တယ်"။

"သူတို့ကတော့ "**ရာဂီကိုအန်တု စံပြုထိုက်သည့်တို့ပြည်သူ**"လို့ တင်စားရမယ့် လယ်သမားတွေပါဘဲ"။

ကျွန်တော်က ကျွန်တော့်စကားကိုအဆုံးသတ်၍ အစ်ကိုကြီးအား ပြုံး၍ ကြည့်လိုက်မိပါသည်။ အစ်ကိုကြီးမျက်နှာတွင်လဲ အပြုံးပန်းများဝေဆာလျက်ဖြင့်..........

# ဗိုလ်တထောင်မြို့နယ်ရှိ ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်မြတ်တွင် မသိုးရွှေကြာသင်္ကန်း ယှဉ်ပြိုင်ရက်ခတ်ပူဇော်ပွဲ ကျင်းပသွားမည်




**ရန်ကုန် နိုဝင်ဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်မြတ်တွင် မသိုးရွှေကြာသင်္ကန်းယှဉ်ပြိုင်ရက်ခတ်ပူဇော်ပွဲကို တန်ဆောင်မုန်းလဆန်း ၁၄ ရက်နှင့် တန်ဆောင်မုန်းလပြည့်နေ့တို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း ကျိုက်ဒေးအပ်စေတီတော် ဘဏ္ဍာတောထိန်း ဂေါပကအဖွဲ့ဝင် ဦးသိန်းစုက ပြောပြ၍ သိရသည်။

အဆိုပါ မသိုးရွှေကြာသင်္ကန်း ယှဉ်ပြိုင်ရက်ခတ် ဆက်ကပ်ပူဇော်ပွဲကို အကြိမ် ၄၀ မြောက်အဖြစ် နိုဝင်ဘာ ၁၄ ရက်နှင့် နိုဝင်ဘာ ၁၅ ရက်တွင် ကျင်းပသွားမည်ဖြစ်ပြီး မသိုးရွှေကြာသင်္ကန်း ယှဉ်ပြိုင်ရက်လုပ် ဆက်ကပ်ပူဇော်ပွဲကို ပါဝင်ယှဉ်ပြိုင်လိုသူများအနေဖြင့် အသက် ၁၈ နှစ်မှ ၅၀ နှစ်အတွင်းရှိ ရက်ကန်းခတ်ကျွမ်းကျင်သူ အမျိုးသမီးများ ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

"နှစ်စဉ်ကျင်းပနေ့တဲ့ ရက်ကန်းခတ်ပြိုင်ပွဲဖြစ်ပါတယ်။ နှစ်စဉ် ရက်ကန်းစင်တော်ပေါင်း ၂၀ ကျော် ပါဝင်ယှဉ်ပြိုင်လေ့ရှိပါတယ်။ ဆုကြေးအနေနဲ့လဲ ယခင်နှစ်တွေလို ထိုက်ထိုက်တန်တန် ချီးမြှင့်မှာဖြစ်ပါတယ်"ဟု ဦးသိန်းစုက ကျိုက်ဒေးအပ်စေတီတော်ဘဏ္ဍာတောထိန်း ဂေါပကအဖွဲ့ဝင် ဦးသိန်းစုက ပြောပြ၍ သိရသည်။

ASH

# In Memoriam ဇာတ်ကား၌ မင်းသား အလန်ရက် ပါဝင်ထား



**နယူးယောက် နိုဝင်ဘာ ၇**

In Memoriam အမည်ရှိ ဟာသဇာတ်ကားသစ်တွင် မင်းသား အလန်ရက် ပါဝင်သရုပ်ဆောင်ထားကြောင်း နိုဝင်ဘာ ၆ ရက် သတင်းများအရ သိရသည်။

In Memoriam ဇာတ်ကားတွင် မင်းသား အလန်ရက်သည် မင်းသားမက်ဖာရွှန်နှင့်အတူ သရုပ်ဆောင်ထားကြောင်း သိရသည်။

သို့ရာတွင် လက်ရှိတွင် In Memoriam ဇာတ်ကား၌ မင်းသား အလန်ရက် ပါဝင်သရုပ်ဆောင်ထားသောဇာတ်ကောင်နေရာကို မသိရသေးကြောင်း သိရသည်။

In Memoriam ဇာတ်ကားကို ဒါရိုက်တာ ရှော့ဘန်းနက်က ကိုယ်တိုင် ဇာတ်ညွှန်းရေးကာ ရိုက်ကူးထားပြီး ကင်ဆာရောဂါစစ်ဆေးတွေ့ရှိထားသော ဟောလီဝုဒ် မင်းသားတစ်ဦး၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးထားသော ဟာသဇာတ်ကားဖြစ်သည်။

**Ref : Russia Today**

**Trs : KKO**

# SAC Chairman Prime Minister Senior General Min Aung Hlaing attends 10th Ayeyawady-Chao Phraya-Mekong Economic Cooperation Strategy (ACMECS) Summit




Senior General Min Aung Hlaing speaks at the 10th Ayeyawady-Chao Phraya-Mekong Economic Cooperation Strategy (ACMECS) Summit.

**Nay Pyi Taw November 7**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing attended the 10th Ayeyawady-Chao Phraya-Mekong Economic Cooperation Strategy (ACMECS) Summit at Wyndham Grand Hotel in Kunming of the People's Republic of China this afternoon.

Also present at the meeting were Prime Minister of Cambodia H.E. Mr. Hun Manet, Prime Minister of Thailand H.E. Ms. Paetongtarn Shinawatra and party, Prime Minister of Vietnam H.E. Mr. Pham Minh Chich, Prime Minister of Laos H.E. Mr. Sonexay Siphandone, ministers, deputy ministers and senior officers from the member countries and officials.

First, on arrival at the meeting, the Senior General was welcomed by the Chairman of the Meeting Prime Minister of Laos. The Senior General posed for documentary photos together with Prime Ministers of member countries.

The Prime Minister of Laos, the Chairman of the Meeting, delivered an opening address whereas the Cambodian Prime Minister gave a speech.

In his speech, the Senior General praised the Prime Minister of Laos for successfully serving the four-year term of the alternate chairmanship of the ACMECS. The Senior General also expressed thanks to Laos for holding this meeting in Kunming of the People's Republic of China and China to for its warm hospitality and best plans to all delegations including Myanmar.

The ACMECS cooperation which originated in Bagan of Myanmar in 2003 turned 21 years this year. Since its establishment, the ACMECS is playing a key role in promotion of development of the region, narrowing of development gaps and enhancement of regional economic integration. As the ACMECS is formed with five Mekong region countries, friendly relations of these five countries are based on long-lasting amicability and good neighbood relations.

During the years of collaboration, these countries have been able to demonstrate the momentum of our joint efforts in relevant areas through various meetings and the ongoing work being carried out. Personally, the Senior General said that he recognizes Thailand's leadership and the collective efforts of ACMECS member countries in successfully negotiating the establishment of the ACMECS Interim Secretariat (AIS) and signing a Memorandum of Understanding between ACMECS member countries and the Mekong Institute (MI). The capabilities of the ACMECS Interim Secretariat have further enhanced the momentum of collaboration under the ACMECS framework, contributing significantly to regional integration efforts.

ACMECS, along with six joint development programs among the first-batch development partners, have been approved, which are greatly appreciated. These joint development programs present excellent opportunities for closer cooperation in specific fields with our partners, as outlined in the programs. They will further strengthen the ACMECS community, promoting comprehensive and resilient development.




The 10th Ayeyawady-Chao Phraya-Mekong Economic Cooperation Strategy (ACMECS) Summit in progress.

The interconnected transportation network is a solid foundation for establishing the ACMECS region as a development hub. It is important to develop an integrated transport system that connects all ACMECS countries seamlessly. Myanmar aims to enhance infrastructure development to create better cross-border trade opportunities with ACMECS countries and to connect with regional economic corridors. Efforts to expand energy transmission and power distribution networks are being made to bridge development gaps between urban and rural areas within the country, benefiting the entire ACMECS region.

In line with modern development needs, we emphasize the importance of advanced technology in promoting seamless regional connectivity. It is necessary to enhance financial and trade cooperation, digital economy, and E-Governance networks among ACMECS countries with secure information and communication technologies. We believe the main ACMECS program can serve as supplementary support in achieving development goals and targets.

Trade and investment are primary drivers for the ACMECS economy, significantly impacting our countries' GDP, inflation rates, economic growth rates, employment, and social well-being. By simplifying and reinforcing trade and investment regulations, the economic integration and living standards within the region will be notably improved.

We urge ACMECS countries to strengthen collaboration to enhance regional economic integration. Myanmar invites development partners of ACMECS member countries to invest and trade. Agriculture, the main food production source in the ACMECS region, including Myanmar, is also a crucial livelihood for rural communities, representing the majority of the population in the ACMECS area. Additionally, agriculture plays a role in poverty reduction and reducing development disparities in the region.

We encourage private sector entities within ACMECS countries, especially small and medium enterprises and startups, to participate in modern economic programs under the ACMECS framework. Myanmar is working to promote economic stability and increase employment opportunities nationwide through private sector-led development strategies.

Tourism development is supporting regional income flows, improving local people's livelihoods, health care, and education in tourism areas. Tourism is also a way to develop remote areas with limited employment opportunities, addressing development needs and providing job opportunities in those regions.

He urged ACMECS countries to foster socio-cultural interactions through tourism development initiatives and to work towards building a peaceful, mutually beneficial ACMECS organization by implementing the "Five Countries, One Destination" program that we have collectively agreed upon. As Myanmar now assumes the chairmanship of ACMECS, it is eager to collaborate with fellow member countries to drive the comprehensive and sustainable development of the ACMECS region.

As Myanmar continues to prioritize cooperation with its neighboring countries in the Mekong sub-region, it remains committed to actively collaborating within the ACMECS framework, grounded in the long-standing friendships established among member countries. Myanmar will uphold the principles of good neighborliness, mutual understanding, respect, and the sharing of benefits.

The Prime Ministers of Thailand, Vietnam, and Laos then delivered speeches, officially recognizing New Zealand as a second-tier ACMECS development partner. During the 10th Ayeyawady-Chao Phraya-Mekong Economic Cooperation Strategy (ACMECS) Summit, the "Vientiane Declaration" was adopted, and the "Concept Paper on Water Resources Cooperation in the Mekong Region" was introduced as a key follow-up to the ACMECS master plan.

*See Page 15*

# Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing attends 8th Greater Mekong Subregion Economic Cooperation Program (GMS) Summit

**Nay Pyi Taw November 7**

The 8th Greater Mekong Subregion Economic Cooperation Program (GMS) Summit was held at Haigeng Convention Center in Kunming, the People's Republic of China, this morning, participated by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing.

The Summit was also attended by Prime Minister of PRC H.E. Mr. Li Qiang, Prime Minister H.E. Mr. Hun Manet of Kingdom of Cambodia, Prime Minister H.E. Mr. Sonexay Siphandone of Lao People's Democratic Republic, Prime Minister of Thailand H.E. Ms. Paetongtarn Shinawatra, Prime Minister of Vietnam H.E. Mr. Pham Minh Chich, President of Asian Development Bank Mr. Masatsugu Asakawa, and ministers, deputy ministers and senior officers and officials of GMS countries. The Summit was held in two parts – Leaders' Retreat and Plenary Session.


On arrival at the venue, the Senior General was welcomed by the Chinese Prime Minister. The Senior General then posed for documentary photos together with PMs of other countries.

At the Leaders' Retreat, the meeting chair, the Prime Minister of PRC, delivered the keynote address. Leaders of the GMS countries discussed integrated work programs and preparations under the topic "Innovation-driven Development".

In his discussions, Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing said his discussion at the retreat would be centred on the emergence of a successful subregion through innovation. It is common knowledge that at this age, technology and research and innovation must be helpful for economic and social progress of a country. Countries and regions that support innovation are able to promote social qualities including the promotion of economy, generation of jobs, enhancing of competitiveness amidst the rapidly changing global economy.

As regards the collective participation of the regional entrepreneurs, the Senior General said, "At the same time, innovation must be adaptable to the country's geographical conditions. In addition, it calls for the collective involvement of intellectuals and intelligentsia, entrepreneurs and business community, apart from the government, development partners, private sector and local governments."

Another part is the vital importance of resources. R&D is the essential resource of innovation. But a perfect achievement will come only through the integrative support of other resources -- the government, the private sector, local and foreign investors, development partners.



Senior General Min Aung Hlaing speaks at the 8th Greater Mekong Subregion Economic Cooperation Program (GMS) Summit.

A country needs suitable action programs such as the task force as the administrative machinery and forums in realizing innovation projects. Myanmar has set up the National Science, Technology and Innovation Council and is engaging in innovative undertakings

The Subregion formed with agro-based countries must accelerate its agro-economic development and food sufficiency with innovative forces. The task of linking all the sectors of the GMS program with innovation strategy is important. Especially, the program of prioritizing the agricultural, tourism, trade and investments sectors under the strategy meets the regional requirements.

Aside from those prioritized sectors, preparations must be made for the remaining ones such as energy, rural development and transport sectors. Especially in the health sector, the integration of therapeutic technologies and introduction of advanced therapies must be carried out through technology transfer centers and knowledge sharing centers, with the involvement of advanced tech-used public health services, health and human resources linkages, and medical university-level connections.

As copyrights laws and sector-wise laws of the relevant countries have been enacted, it is believed that all GMS countries can realize progress by promoting connections and cooperation in the innovation sector on a country-by-country basis or via foreign investments.

The Meeting Chair presented a brief report on the discussions and delivered the concluding address. The first part ended.

The second part, plenary session of the leaders, was held under the topic "Towards a Better Community through Innovation-driven Development." It was participated by leaders of six member countries, the ADB president, ministers, deputy ministers and senior officers of GMS countries, representatives of development partner associations, representatives of private sector, and representatives of regional governments of the member countries, totalling about 200.

Prime Minister H.E. Mr. Li Qiang of the host country, PRC, delivered an address, followed by the speeches of leaders of the member countries and ADB president.

In his address, Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing said during September this year, a large population of the member countries including Myanmar faced floods and landslides due to Typhoon Yagi. Myanmar has carried out rehabilitation undertakings by government-to-government assistance, and joining hands with ASEAN and international communities and the people. He prayed for all the Yagi victims of the GMS countries to reach the normal condition soonest.

The Senior General took pride in the GMS program that has gain significant successes during over three decades of march since 1992.

As regards the approval of the concept paper on strategy, he said,

"As the international community is paying attention to innovation, the topic **"Towards a Better Community through Innovation-driven Development"** and Innovation Strategy that would be approved today are appropriate for the Subregion. Technology and innovation are the main driving force of enhancing production capacity, technological development and creating new industries and job opportunities."

It is common knowledge that the **Innovation Strategy 2030** is prepared with the aim of accelerating the force of cooperation in implementing the GMS Strategy Framework 2030. The Concept Paper was approved at the 26th GMS Ministerial Meeting held in Myanmar in December 2023.

Today, the world faces interconnected challenges, including climate change, food security, natural disasters, inflation, global health crises, rising energy prices, migrant worker issues, and economic inequality.

Addressing these challenges requires coordination and a multi-faceted approach, as they cannot be resolved by any one country or organization alone. By pooling resources, sharing knowledge, and adjusting policies as needed, we can enhance the resilience and long-term sustainability of the Greater Mekong Subregion (GMS). As GMS countries share similar geographical conditions, interconnected waterways, ecosystems, and climates: addressing these challenges requires collaboration under the 3 Cs of the GMS program: Connectivity, Competitiveness, and Community.

A country's public healthcare is crucial, as healthy and strong human resources are essential for building a modern, developed nation. With the growing population, changing socio-economic factors, and evolving environmental conditions, the country's healthcare system must be strengthened by making the best use of existing resources to ensure quality. Also, he emphasized that national-level activities should be aligned with the GMS health strategy and coordinated with local governments.

He also mentioned that he would like to briefly address food security, which is a challenge in the region. He stated that the world's population is currently 8.3 billion, and it is estimated to reach 8.6 billion by 2030 and 8.9 billion by 2035. The issue of food security is expected to grow more significant. As food production, trade, and distribution extend beyond national borders, making regional cooperation is crucial when addressing food security. He also emphasized the importance of sharing knowledge on agricultural innovations, developing local food markets, and increasing investment, including technology exchange.

In Myanmar, modern agricultural and livestock methods are being utilized to ensure the food security of the population. In 2023, Myanmar was ranked 8th among the world's largest rice exporters and 2nd in bean exports. Therefore, we would like to announce that efforts are ongoing to ensure domestic food security while also increasing exports.

*See Page 15*

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing delivers address at 11th Cambodia-Lao PDR- Myanmar- Viet Nam (CLMV) Summit



Senior General Min Aung Hlaing delivers an address at the 11th Cambodia-Lao PDR- Myanmar- Viet Nam (CLMV) Summit.

**Nay Pyi Taw November 7**

The 11th Cambodia-Lao PDR- Myanmar- Viet Nam (CLMV) Summit was held at the Wyndham Grand Hotel in Kunming, the People's Republic of China, this afternoon and Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing delivered an address at the summit.

The summit was attended by prime ministers of member countries including Prime Minister of Cambodia H.E. Mr. Hun Manet, Prime Minister of Laos H.E. Mr. Sonexay Siphandone and Prime Minister of Viet Nam H.E. Mr. Pham Minh Chich, Secretary-General of the ASEAN H.E. Dr. KAO KIM HOURN, ministers, deputy ministers and senior officials and officials from member countries.

First, Chairman of the 11th Cambodia-Lao PDR- Myanmar- Viet Nam (CLMV) Summit Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing greeted the prime ministers from member countries and their delegation who came together for the summit and posed for documentary photographs together with them.

Then, the Senior General delivered an opening address, saying I would like to extend greetings to leaders of Cambodia, Laos and Viet Nam, who came together for the 8th GMS Summit and the 11th CLMV Summit.

I would like to praise and honour the relentless efforts to finalize the 11th CLMV Summit joint declaration (draft) of working groups from relevant countries under CLMV senior officers' meeting and CLMV cooperation. We are very sorry that people of CLMV countries lost lives and property due to impacts of Typhoon Yagi like floods and landslides.

Then, prime ministers of Cambodia, Laos, Viet Nam and the ASEAN secretary-general exchanged views on the future of CLMV cooperation and development under the theme "Friendship and Solidarity for a Resilient and Prosperous Community."

Then, the Senior General shared his views on future objective of CLMV cooperation and development under the theme "Friendship and Solidarity for a Resilient and Prosperous Community," saying I am very proud to be the rotating chairman at the 11th CLMV Summit held today in Kunming, China. It reminds us of the CLMV cooperation mechanism, which was conceived at the first ACMECS meeting held in Bagan, Myanmar in 2003. Since then, CLMV member countries have relentlessly built regional peace, prosperity and a united community.



The 11th Cambodia-Lao PDR- Myanmar- Viet Nam (CLMV) Summit in progress.

Myanmar has been discharging duties as the leading country in cooperation in the agriculture, industrial and energy sectors. Further improvement of infrastructure and technology links of CLMV countries is the most important task for regional development.

The pandemic considerably affected the industrial sectors of CLMV countries. For the recovery of the sectors, we are required to build and upgrade economic corridors, links between economic corridors, industrial technological infrastructures and industrial facilities through special economic zones.

In connection with natural disasters, CLMV countries are among the most vulnerable and affected countries in the region. Exerting efforts to reduce the impacts of climate change is an important challenge for our region. Therefore, we are required to work together to deal with the challenge posed by natural and man-made disasters and to reinforce disaster management mechanisms, reduction of impacts of climate change, reduction of disaster impacts in the region, early warning systems and management.

Tourism among CLMV countries is very important for people-to-people engagement. Moreover, ecotourism can contribute a lot to the economic development of local people. Therefore, we should encourage local businesses related to tourism that can conserve natural environment and cultural practices and the MSMEs sectors. Availability of funds is essential in the progress of cooperative mechanisms including the CLMV cooperative mechanism. I would like to thank the ASEAN secretariat for his efforts to make funds available through IAI programs. Moreover, assistance and support of development partners for CLMV projects is taken seriously.

I would like to reiterate that Myanmar will closely cooperate with CLMV countries to achieve the common goal of sustainable, inclusive development.

Then, prime ministers from member countries discussed the statement of the CLMV summit and approved it.

Afterward, the Senior General made concluding remarks, I would like to thank friends for their active cooperation, understanding and invaluable support during the chairmanship of Myanmar.

Moreover, we managed to overcome challenges in recent years through unity and resilience. It is believed that effectively implementing relevant projects under the cooperation framework of CLMV will contribute to prosperity and development of people in the region. We are required to step up the momentum of stronger commitments and CLMV cooperation mechanisms.

Then, the Senior General handed over the rotating chairmanship of CLMV to the prime minister of Viet Nam, who explained the matters relating to receiving the chairmanship, and the summit concluded successfully.

After the summit, the Senior General warmly greeted the prime ministers of member countries and the ASEAN secretary-general.

100

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

*From Page 12*

After that, the Prime Minister of Laos handed over the role of ACMECS alternate chairman to the Chairman of the State Administration Council, Prime Minister Senior General Min Aung Hlaing, and delivered a speech.

Following that, the Chairman of the State Administration Council, the Prime Minister expressed Myanmar will make dedicated efforts to develop key development strategies. During its tenure as chair of ACMECS, while continuing the progress of previous initiatives, ensuring that all ACMECS member countries can benefit from the regional development programs.

Myanmar will continue its efforts to advance ACMECS cooperation, working towards a fully integrated and developed ACMECS region, building on the path laid by previous chairmen. As the new chairman, he expressed his hope for the continued vision, support, and cooperation of all member countries to overcome challenges and successfully achieve the goals of ACMECS cooperation. He also looked forward to the opportunity to meet with representatives of the member countries at the next ACMECS summit, which will be hosted in Myanmar. With that, the meeting was adjourned.

The 10th Ayeyawady-Chao Phraya-Mekong Economic Cooperation Strategy (ACMECS) is being held with the goal of enhancing the competitiveness of Mekong countries, particularly in border areas, and making development more productive. It aims to support the relocation of agricultural and manufacturing activities to regions with greater opportunities, create new job prospects, reduce income disparities among member countries, and promote peace, stability, equality, and prosperity, ultimately fostering sustainable and inclusive development for all.

100

*From Page 13*

Furthermore, he highlighted that the emphasis on the importance of business corridors is one of the key symbols of the Greater Mekong Subregion (GMS). The development of economic corridors plays a crucial role in accelerating a country's economic growth, promoting regional integration, and fostering inclusive development. Increasing linkages between producers and markets can enhance trade along economic corridors, while also opening new markets in transnational trade. By utilizing these economic corridors, all member countries must focus on achieving inclusive regional economic development.

He also provided a brief update on the current initiatives in Myanmar. Myanmar follows a foreign policy that is free, active, and neutral, grounded in the five principles of peaceful coexistence. The country maintains a policy of friendship with all nations. On our part, we prioritize the interests of the country and its ethnic people by advancing five-point roadmap, with nine political, economic, and social objectives being implemented in respective sectors.

Despite the rapidly changing situation, Myanmar will continue to cooperate in implementing existing international and multilateral agreements, as well as other international commitments. Equality and inclusiveness are fundamental principles of global cooperation. Therefore, in implementing sector-specific projects that will support socio-economic development in the GMS region, cooperation among member countries is essential. This includes not only the support of the GMS Secretariat but also the involvement of development partners, the private sector, local governments, and all other responsible stakeholders.

He expressed his confidence that the recommendations from the country's leaders at this summit will significantly contribute to the development of a stronger, more resilient, and sustainable GMS community in the future.

Then, the Minister of Finance of the People's Republic of China reported to the leaders on the progress made since the seventh GMS summit.

Following that, a report on the Greater Mekong Economic Corridor State/Regional Level Leaders Forum 2024 was presented by a Yunnan government official. The results of the meeting with development partners were also presented by an official from the GMS Secretariat. The meeting concluded successfully with the approval of the Summit Joint Declaration and the GMS Innovation Strategy 2030.

Presented at the summit with the Senior General were the SAC Joint Secretary, SAC members, Union ministers, region chief ministers, deputy ministers, and officials from military and civilian sectors.

The Greater Mekong Subregion (GMS) Economic Cooperation Program, launched in 1992, is a regional initiative that has successfully endured for over three decades. Under the GMS program, summits have been held every three years since 2002, marking the 10th anniversary of the GMS. The six countries of the region take turns hosting the summits in alphabetical order. Myanmar hosted the fourth Greater Mekong Subregion Summit in 2011, which took place in Nay Pyi Taw on December 19th and 20th. At the summits, commitments are made to meet expectations for the subregion's future development, with key joint statements issued by the leaders of the participating countries. It was reported that the 8th GMS Summit, held today, approved innovative policies and the summit's joint declaration.

100

# Farmers from Pwintbyu Township plant more than 700 acres of corns this cold season



A thriving corn field in Pwintbyu Township.

**Pwintbyu November 7**

A total of 744 acres of croplands have been placed under corn plantations in winter in Pwintbyu Township of Magway Region, according to Pwintbyu Township Agriculture Department.

Local authorities earmarked 3,008 acres of corns this cold season but local farmers started cultivation of crops on 744 acres of croplands in the second week of October this year, with efforts to meet the target cultivation.

Daw Moe Moe Wai, Head of Pwintbyu Township Agriculture Department said: "Township authorities earmarked more than 3,000 acres of corns this monsoon but local farmers have so far planted 744 acres of corns. Cultivation of corps can earn incomes from selling corns and then sell stocks of corn plants as feeds. Local farmers grow corns three seasons a year. They prefer to grow ordinary Thankyar corn (aka) Panshwe Thankyar corn. Our department provides techniques, food safety, high yield, and plans to meet the target cultivation for local farmers.

Pwintbyu Township is formed with four urban wards and 205 villages of 56 village-tracts. Local farmers rely on irrigation facilities from Mezali diver weir and underground water for cultivation of crops. So, they can grow crops in double or triple cropping patterns.

This year, local farmers grow corns, pulses and beans, oil crops, kitchen crops and other crops to meet the target cultivation, according to the township Agriculture Department. Ye Win Naing (NyaungU)

# More than 60,000 viss of Loach sent to Yangon market in October

**Bogale November 7**

Local businesspersons and fishermen from Bogale Township in Ayeyawady Region supplied 67,000 viss of Loach to Yangon market in October, said Daw Tin Htwe, the owner of fishery product trading in Bogale Township.

They sent 65,000 viss of Loach to Yangon market in September compared to 67,000 viss in October. Loach fetches K20,500 per viss in the market.

Daw Tin Htwe commented: "Local merchants sold varieties of fish to Yangon market in October alone. They sold 67,000 viss of Loach to the market. Local businesspersons primarily sell their marine products to Yangon market only. At present, merchants from Yangon place order to purchase Loach from Bogale. Thanks to high demand of Loach, local fishermen and merchants including those in production chains are convenient in earning incomes for their families."

Moreover, increasing volume of loach sent to Yangon market helps those from truck hiring services, fishermen and freight workers grasp job opportunities. Kyaw Kyaw Lin



Loaches seen before being shipped to Yangon.


ရှေ့ဖုံးမှအဆက်

အင်္ဂမအကြိမ် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေးကို အပိုင်း နှစ်ပိုင်းဖြင့် ကျင်းပပြုလုပ်ခဲ့ပြီး **“နိုင်ငံ့ခေါင်းဆောင်များ သီးသန့်အစည်းအဝေး”**နှင့် **“မျက်နှာစုံညီ အစည်းအဝေး”**ဟူ၍ အပိုင်း နှစ်ပိုင်းခွဲ၍ ကျင်းပပြုလုပ်သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အစည်း အဝေးများသို့တက်ရောက်ရန် ရောက်ရှိလာရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ဆက်ပြီး အဖွဲ့ဝင် နိုင်ငံများမှ ဝန်ကြီးချုပ်များနှင့်အတူ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ပထမအပိုင်းဖြစ်သည့် နိုင်ငံ့ ခေါင်းဆောင်များ သီးသန့်အစည်းအဝေးကို ကျင်းပပြုလုပ်ရာ သဘာပတိဖြစ်သူ တရုတ် ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ်က အဖွင့် အမှာစကားပြောကြားပြီး တက်ရောက်လာကြသည့် နိုင်ငံ့ခေါင်းဆောင်များက **“ဆန်းသစ်တီထွင်မှု ဖော်ဆောင်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်ရေး”**ခေါင်းစဉ်ဖြင့် ဒေသတွင်း ပေါင်းစည်းဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များနှင့် ပြင်ဆင်ထားရမည့်ကိစ္စရပ်များ အပေါ် အကြံပြုဆွေးနွေးကြသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Li Qiang က ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်စဉ်။

**နိုင်ငံအသီးသီးတွင် မူပိုင်ခွင့်ဥပဒေများ၊ သက်ဆိုင်ရာကဏ္ဍအလိုက် ဥပဒေများက ပြဋ္ဌာန်းထားပြီးဖြစ်ကြသည့်အတွက် နိုင်ငံအချင်းချင်းဖြစ်စေ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကတစ်ဆင့်ဖြစ်စေ ဆန်းသစ်တီထွင်မှုကဏ္ဍတွင် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှုများကိုမြှင့်တင်ခြင်းဖြင့် ဂျီအမ်အက်စ်ဒေသခွဲအတွင်း အဖွဲ့ဝင်နိုင်ငံအားလုံးအတွက် တိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဟု ယုံကြည်. . .**

**မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေး မူဝါဒကို ကျင့်သုံးလျက်ရှိ၊ ငြိမ်းချမ်းစွာအတူ ယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်အပေါ်တွင် အခြေခံပြီး နိုင်ငံအားလုံးနှင့် မိတ်ဝတ်မပျက်ဆက်ဆံရေးမူဝါဒကို ကျင့်သုံးနေခြင်းဖြစ်၊ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားများကိုအလေးထားပြီး ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ဦးတည်ချက် (၉)ရပ်ချမှတ်ကာ ကဏ္ဍအလိုက်အကောင်အထည်ဖော်နေခြင်းဖြစ်. . .**

ပြောကြားရာတွင် ယနေ့နိုင်ငံ့ခေါင်းဆောင် များ သီးသန့်အစည်းအဝေးတွင် ဆန်းသစ် တီထွင်မှုဖြင့် အောင်မြင်သည့် ဒေသခွဲတစ်ခု ပေါ်ပေါက်လာစေရန် ဦးတည်ဆွေးနွေးလို ကြောင်း၊ ယနေ့ခေတ်တွင် နည်းပညာနှင့် သုတေသနတီထွင်မှုများသည် နိုင်ငံ တစ်နိုင်ငံ၏ စီးပွားရေးနှင့်လူမှုရေးဖွံ့ဖြိုးမှု အတွက် များစွာအထောက်အကူပြုသည်ကို အားလုံးသိပြီးဖြစ်ကြောင်း၊ လျင်မြန်စွာ ပြောင်းလဲနေသည့် ကမ္ဘာ့စီးပွားရေးတွင် ဆန်းသစ်တီထွင်မှုကို အားပေးသည့်နိုင်ငံ များ၊ ဒေသများအနေဖြင့် စီးပွားရေးတိုးတက် မှုကိုမြှင့်တင်နိုင်ပြီး အလုပ်အကိုင်များဖန်တီး ပေးနိုင်ခြင်း၊ ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်လာ နိုင်ခြင်း စသည့်လူမှုဘဝအရည်အသွေး များကို မြှင့်တင်ပေးနိုင်သည်ကို တွေ့ရ ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသတွင်း စီးပွားရေးလုပ်ငန်းရှင်များကပါ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ် မှုနှင့်ပတ်သက်၍ ပြောကြားရာ၌ **“တစ်ချိန် တည်းမှာပဲ တီထွင်ဆန်းသစ်မှုများဟာ မိမိ နိုင်ငံရဲ့ရေမြေသဘာဝ၊ ပထဝီအနေအထား တွေနဲ့ ကိုက်ညီဖို့လိုတဲ့အပြင် အစိုးရ၊ ဖွံ့ဖြိုးမှု မိတ်ဖက်များ၊ ပုဂ္ဂလိကနဲ့ဒေသန္တရအစိုးရများ အပြင်အသိပညာရှင်၊အတတ်ပညာရှင်တွေ၊ စွန့်ဦးတီထွင်သူတွေနဲ့ စီးပွားရေးလုပ်ငန်းရှင် များကပါ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရ မှာဖြစ်ပါတယ်။”**

အခြားတစ်ဖက်တွင်လည်း အရင်းအမြစ် များရရှိနိုင်မှုသည် အလွန်ပင်အရေးကြီး ကြောင်း၊ ဆန်းသစ်တီထွင်မှုအတွက် သုတေသနနှင့် ဖွံ့ဖြိုးမှု(R&D)သည် မရှိမဖြစ် လိုအပ်သည့် အရင်းအမြစ်ဖြစ်သကဲ့သို့ ဆန်းသစ်တီထွင်မှုရန်ပုံငွေအတွက် အစိုးရ၊ ပုဂ္ဂလိကနှင့်ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှု၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ပံ့ပိုးမှု စသည့် နယ်ပယ်ပေါင်းစုံက အရင်းအမြစ်များနှင့် ပေါင်းစည်းပြီး ဆောင်ရွက်မှသာပြည့်စုံမည် ဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံအတွက် ဆန်းသစ်တီထွင် မှုကိုဖော်ဆောင်ရာတွင် အုပ်ချုပ်မှုယန္တရား အဖြစ် လုပ်ငန်းအဖွဲ့၊ ဖိုရမ်စသည်ဖြင့်ဆောင် ရွက်မည့်အစီအမံများ စနစ်တကျရှိရန်လိုအပ် ကြောင်း၊ မြန်မာနိုင်ငံတွင် အမျိုးသားသိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုကောင်စီကို ဖွဲ့စည်းထားပြီး ဆန်းသစ်တီထွင်မှုဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံများ နှင့်ဖွဲ့စည်းထားသည့် ဂျီအမ်အက်စ်ဒေသခွဲ အနေဖြင့် စိုက်ပျိုးစီးပွား ပိုမိုတိုးတက် ထွန်းကားလာရန်နှင့် စားနပ်ရိက္ခာဖူလုံရန် အတွက် ဆန်းသစ်တီထွင်မှုနှင့် အရှိန်မြှင့်တင် ရမည်ပင်ဖြစ်ကြောင်း၊ ဂျီအမ်အက်စ်အစီ အစဉ်၏ကဏ္ဍအားလုံးကို ဆန်းသစ်တီထွင်မှု မဟာဗျူဟာနှင့် ချိတ်ဆက်ဆောင်ရွက်ရန် အရေးကြီးကြောင်း၊ မဟာဗျူဟာအရ အထူးသဖြင့် စိုက်ပျိုးရေး၊ ခရီးသွားလုပ်ငန်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတို့ကို ဦးစားပေး ဆောင်ရွက်သွားမည်ဆိုသည့် လုပ်ငန်းစဉ်ကလည်း ဒေသတွင်းလိုအပ်ချက် အရ များစွာသင့်တော်ကြောင်း။

ယင်းဦးစားပေးကဏ္ဍများအပြင် ကျန်ရှိ နေသည့် စွမ်းအင်၊ ကျန်းမာရေး၊ မြို့ပြဖွံ့ဖြိုး တိုးတက်ရေးနှင့် ပို့ဆောင်ရေးကဏ္ဍတို့တွင် ဆက်လက်ဆောင်ရွက်သွားရန် ပြင်ဆင် ထားကြရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် ကျန်းမာရေးကဏ္ဍတွင် နည်းပညာအသစ် များဖြင့် ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှု၊ ကျန်းမာရေးနှင့် လူသားအရင်းအမြစ် ချိတ်ဆက်မှု၊ ဆေးပညာဆိုင်ရာတက္ကသိုလ် အဆင့်ချိတ်ဆက်မှုများမှတစ်ဆင့် ကုသမှု နည်းပညာများ ပေါင်းစည်းဆောင်ရွက်ခြင်း၊ အဆင့်မြင့်ကုသနည်း ဖော်ထုတ်ခြင်းများကို ဆောင်ရွက်ကြရန်နှင့် နည်းပညာလွှဲပြောင်း မှုစင်တာများနှင့် အသိပညာဖြန့်ဝေရေး စင်တာများမှတစ်ဆင့် ချိတ်ဆက်ဆောင် ရွက်ကြရန် တိုက်တွန်းလိုကြောင်း။

နိုင်ငံအသီးသီးတွင် မူပိုင်ခွင့်ဥပဒေများ၊ သက်ဆိုင်ရာကဏ္ဍအလိုက် ဥပဒေများက ပြဋ္ဌာန်းထားပြီးဖြစ်ကြသည့်အတွက် နိုင်ငံ အချင်းချင်းဖြစ်စေ၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု များကတစ်ဆင့်ဖြစ်စေ ဆန်းသစ်တီထွင်မှု ကဏ္ဍတွင် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှု များကိုမြှင့်တင်ခြင်းဖြင့် ဂျီအမ်အက်စ်ဒေသ ခွဲအတွင်းအဖွဲ့ဝင် နိုင်ငံအားလုံးအတွက် တိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ကြောင်းဖြင့် အကြံပြုဆွေးနွေး ခဲ့သည်။

ထို့နောက် သဘာပတိကဆွေးနွေးမှုများ အပေါ်အကျဉ်းချုပ်တင်ပြပြီး နိဂုံးချုပ်အမှာ စကားပြောကြားကာ အစည်းအဝေး ပထမပိုင်းကို ရုပ်သိမ်းခဲ့သည်။

ထို့နောက် အစည်းအဝေးအစီအစဉ် ဒုတိယအပိုင်းအဖြစ် **“ဆန်းသစ်တီထွင်မှု ဖော်ဆောင်ခြင်းဖြင့် ပိုမိုကောင်းမွန်သည့် အသိုက်အဝန်းဆီသို့”**ခေါင်းစဉ်ဖြင့် နိုင်ငံ့ ခေါင်းဆောင်များ မျက်နှာစုံညီအစည်းအဝေး ကိုဆက်လက်ကျင်းပရာ အဖွဲ့ဝင်နိုင်ငံ ခြောက်နိုင်ငံမှ နိုင်ငံ့ခေါင်းဆောင်ကြီးများ၊ အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌနှင့်မဟာမဲခေါင် ဒေသခွဲနိုင်ငံများမှဝန်ကြီးများ၊ ဒုတိယဝန်ကြီး များ၊ အဆင့်မြင့်အရာရှိကြီးများ၊ ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ် များ၊ ပုဂ္ဂလိကကဏ္ဍမှကိုယ်စားလှယ်များ နှင့် အဖွဲ့ဝင်နိုင်ငံများမှ ဒေသန္တရအစိုးရ ကိုယ်စားလှယ်များ စုစုပေါင်း ဦးရေ ၂၀၀ ခန့် ပါဝင်တက်ရောက်ကြသည်။

အစည်းအဝေး၌ အိမ်ရှင်နိုင်ငံဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်H.E. Mr. Li Qiang က အဖွင့်အမှာစကားပြော ကြားပြီးနောက် အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ ခေါင်းဆောင်များနှင့်အာရှဖွံ့ဖြိုးရေးဘဏ်မှ ဥက္ကဋ္ဌတို့က အသီးအသီးအမှာစကားပြော ကြားကြသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် ပြီးခဲ့သည့်စက်တင်ဘာလ အတွင်း ရာဂီတိုင်ဖွန်းမုန်တိုင်းကြောင့် မိမိတို့ မြန်မာနိုင်ငံအပါအဝင် အဖွဲ့ဝင်နိုင်ငံ များတွင် လူပေါင်းများစွာ ရေဘေးသင့်ဒဏ်၊ မြေပြိုမှုဒဏ်များကို ခံစားခဲ့ကြရကြောင်း၊ မိမိတို့အနေဖြင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို နိုင်ငံအစိုးရအချင်းချင်း၊ အာဆီယံနှင့် နိုင်ငံတကာအသိုက်အဝန်းများ၊ ပြည်သူများနှင့်အတူ လက်တွဲပူးပေါင်းပြီး ဆောင်ရွက်ခဲ့ကြောင်း၊ ရာဂီတိုင်ဖွန်းမုန်တိုင်း ၏သက်ရောက်မှုကို ဆိုးရွားစွာခံစားခဲ့ရသည့် ဂျီအမ်အက်စ်ဒေသခွဲရှိ ပြည်သူများအားလုံး ပုံမှန်အခြေအနေသို့ အမြန်ဆုံးရောက်ရှိကြ ပါစေကြောင်း။

၁၉၉၂ ခုနှစ်ကတည်းကစပြီး ဆယ်စုနှစ် သုံးခုကျော်ကာလ လျှောက်လှမ်းလာခဲ့သည့် ဂျီအမ်အက်စ်အစီအစဉ်သည် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုတွင် သိသာထင်ရှားသည့် အောင်မြင်မှုများရရှိခဲ့သည့်အတွက် ဂုဏ်ယူပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မဟာဗျူဟာရေးဆွဲရေးဆိုင်ရာ သဘော

တရားစာတမ်း(Concept Paper) အတည်ပြုမှုနှင့်ပတ်သက်၍ပြောကြားရာ၌ **“နိုင်ငံတကာမှာ ဆန်းသစ်တီထွင်မှုနဲ့ပတ်သက်ပြီး အလေးထား ဆောင်ရွက်နေကြတာဖြစ်တဲ့အတွက် “ဆန်းသစ်တီထွင်မှုဖော်ဆောင်ခြင်းဖြင့် ပိုမိုကောင်းမွန်သည့် အသိုက်အဝန်းဆီသို့”ဆိုတဲ့ ဒီထိပ်သီးအစည်းအဝေးရဲ့ခေါင်းစဉ်နဲ့ ဒီကနေ့အတည်ပြုမယ့်ဆန်းသစ်တီထွင်မှုမဟာဗျူဟာ(Innovation Strategy) တို့ဟာ ဂျီအမ်အက်စ်ဒေသခွဲအတွက် အချိန်အခါသင့်ဖြစ်ပါတယ်။ ဒေသခွဲအတွင်း ကုန်ထုတ်စွမ်းအားမြှင့်တင်မှု၊ နည်းပညာတိုးတက်မှု၊စက်မှုလုပ်ငန်းသစ်များနဲ့အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှုတို့အတွက် နည်းပညာနဲ့ဆန်းသစ်တီထွင်မှုဟာ အဓိကမောင်းနှင်အားပဲဖြစ်ပါတယ်။”**

**အားလုံးသိပြီးဖြစ်တဲ့အတိုင်း ဂျီအမ်အက်စ်ရဲ့ ဆန်းသစ်တီထွင်မှုမဟာဗျူဟာ ၂၀၃၀ ဟာ ဂျီအမ်အက်စ် မဟာဗျူဟာမူဘောင် ၂၀၃၀ အကောင်အထည်ဖော်ရာမှာ**



တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Mr. Li Qiang က အဖွင့်အမှာစကားပြောကြားစဉ်။

**လျှင်မြန်စွာပြောင်းလဲနေသည့်အခြေအနေများကြားမှ လက်ရှိနိုင်ငံအချင်းချင်းနှင့် ဘက်စုံပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်များအပါအဝင် အခြားသော နိုင်ငံတကာကတိကဝတ်များကို အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံအနေဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်. . .**

**ပူးပေါင်းဆောင်ရွက်မှုတွေ အရှိန်မြှင့်တင်နိုင်ဖို့ရည်ရွယ်ချက်နဲ့ ရေးဆွဲထားတာဖြစ်ပြီး မဟာဗျူဟာရေးဆွဲရေးဆိုင်ရာ သဘောတရားစာတမ်း (Concept Paper)ကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာလက မြန်မာနိုင်ငံမှာကျင်းပခဲ့တဲ့ (၂၆)ကြိမ်မြောက် ဂျီအမ်အက်စ်ဝန်ကြီးများအစည်းအဝေးမှာ အတည်ပြုခဲ့ကြပြီးဖြစ်ပါတယ်။”**

ယနေ့ခေတ်ကာလတွင် ကမ္ဘာ့နိုင်ငံများအတွက် စိန်ခေါ်မှုအဖြစ်ရင်ဆိုင်နေကြရသည့် ရာသီဥတုပြောင်းလဲမှု၊ စားရေရိက္ခာဖူလုံမှု၊ သဘာဝဘေးအန္တရာယ်၊ ငွေကြေးဖောင်းပွမှု၊ ကမ္ဘာ့ကျန်းမာရေးအကျပ်အတည်း၊ စွမ်းအင်ဈေးနှုန်းမြင့်တက်လာမှု၊ ရွှေ့ပြောင်းလုပ်သားနှင့် စီးပွားရေးမညီမျှမှုစသည့်စိန်ခေါ်မှုများသည် အပြန်အလှန်ဆက်နွယ်နေကြခြင်းဖြစ်ကြောင်း။

ယင်းစိန်ခေါ်မှုများကို တစ်နိုင်ငံတည်း၊ အဖွဲ့အစည်းတစ်ခုတည်းအနေဖြင့် ဖြေရှင်း၍မရသည့်အတွက် ညှိနှိုင်းပေါင်းစပ်မှုနှင့် ဘက်စုံချဉ်းကပ်ဆောင်ရွက်မည့် နည်းလမ်းများလိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အရင်းအမြစ်များကို ပေါင်းစည်းအသုံးပြုခြင်း၊ အသိပညာမျှဝေခြင်းနှင့် မူဝါဒများကို လိုအပ်သလို ချိန်ညှိဆောင်ရွက်ခြင်းဖြင့် ဂျီအမ်အက်စ်ဒေသ၏ ခံနိုင်ရည်ရှိမှုနှင့် ရေရှည်တည်တံ့မှုကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ရေမြေအနေအထား၊ သဘာဝအခြေခံတူညီနေသည့် ဂျီအမ်အက်စ်နိုင်ငံများအနေဖြင့် ဂေဟစနစ်များ၊ ရေလမ်းကြောင်းနှင့် ရာသီဥတုများကို မျှဝေလေ့ရှိခြင်းကြောင့် ယင်းစိန်ခေါ်မှုများကို ဖြေရှင်းရာတွင် ဂျီအမ်အက်စ်အစီအစဉ်၏ 3 C ဟုခေါ်သည့် ချိတ်ဆက်မှု (Connectivity)၊ ယှဉ်ပြိုင်မှု (Competitiveness)နှင့် လူမှုအသိုက်အဝန်း (Community)စသည့် မဏ္ဍိုင်သုံးရပ်အောက်တွင် အတူတကွပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်ခု တည်ဆောက်ရာတွင် ကျန်းမာကြံ့ခိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များ လိုအပ်သည့်အတွက် နိုင်ငံတစ်နိုင်ငံ၏ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု (Public Health Care) သည် လွန်စွာအရေးကြီးကြောင်း၊ နောင်အနာဂတ်ကာလတွင် တိုးတက်လာမည့် လူဦးရေနှင့် ပြောင်းလဲလာမည့်လူမှုစီးပွား၊ ပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေများကို ကြိုတင်တွက်ဆပြီး ရှိရင်းစွဲအရင်းအမြစ်များကို အကောင်းဆုံးအသုံးချခြင်းဖြင့် နိုင်ငံ၏ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို အရည်အသွေးပြည့်ဝအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အမျိုးသားအဆင့်ဆောင်ရွက်မှုများကို ဂျီအမ်အက်စ်၏ ကျန်းမာရေးမဟာဗျူဟာနှင့်ချိတ်ဆက်ပြီး ဒေသန္တရအစိုးရများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည်ဟု ပြောကြားလိုကြောင်း။

ဒေသ၏ စိန်ခေါ်မှုတစ်ရပ်ဖြစ်သည့် စားနပ်ရိက္ခာဖူလုံရေး (Food Security)နှင့် ပတ်သက်ပြီး အနည်းငယ်ပြောကြားလိုကြောင်း၊ ကမ္ဘာ့လူဦးရေသည် ယခု ၈ ဒသမ ၃ ဘီလီယံရှိပြီး ၂၀၃၀ တွင် ၈ ဒသမ ၆ ဘီလီယံ၊ ၂၀၃၅ တွင် ၈ ဒသမ ၉ ဘီလီယံရှိမည်ဟုခန့်မှန်းထားကြောင်း၊ ရိက္ခာဖူလုံမှုပြဿနာသည် ပိုမိုကြီးမားလာဖွယ်ပင်ရှိကြောင်း၊ စားနပ်ရိက္ခာထုတ်လုပ်မှု၊ ကုန်သွယ်မှုနှင့် ဖြန့်ဖြူးမှုတို့သည် နိုင်ငံတစ်နိုင်ငံ၏ နယ်နိမိတ်အတွင်းမှာသာ ဆောင်ရွက်နေရခြင်းမဟုတ်သည့်အတွက် စားနပ်ရိက္ခာဖူလုံမှုကိုစဉ်းစားပါက ဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးကြောင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဗဟုသုတများ မျှဝေခြင်း၊ ဒေသတွင်း စားနပ်ရိက္ခာဈေးကွက် ဖော်ဆောင်ခြင်း၊ နည်းပညာလွှဲပြောင်းမှုအပါအဝင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်သွားကြရန် တိုက်တွန်း ပြောကြားလိုကြောင်း။

မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များကို ခေတ်မီနည်းစနစ်များအသုံးပြုပြီး ပြည်သူများ၏ စားနပ်ရိက္ခာဖူလုံစေရန်အတွက် အလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ၂၀၂၃ ခုနှစ်တွင် မြန်မာနိုင်ငံသည် ကမ္ဘာ့ဆန်တင်ပို့မှု အများဆုံးနိုင်ငံများထဲတွင် အဆင့်(၈) ဖြစ်ပြီး ပဲတင်ပို့မှုတွင် အဆင့်(၂)ရှိကြောင်း၊ ထို့ကြောင့် ပြည်တွင်းစားနပ်ရိက္ခာ ဖူလုံမှုသာမက ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက်လည်း ဆက်လက်ကြိုးပမ်းလျက်ရှိပါ

**ဂျီအမ်အက်စ်ဒေသတွင်း လူမှု-စီးပွားဖွံ့ဖြိုးတိုးတက်မှုကို ထောက်ပံ့ပေးနိုင်မည့် ကဏ္ဍအလိုက် စီမံချက်များကိုအကောင်အထည်ဖော်ရာတွင် အဖွဲ့ဝင်နိုင်ငံအချင်းချင်း ပူးပေါင်းမှု၊ ဂျီအမ်အက်စ်အတွင်းရေးမှူးရုံး၏ပံ့ပိုးကူညီမှုများသာမက ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ ပုဂ္ဂလိကကဏ္ဍနှင့် ဒေသန္တရအစိုးရများအပါအဝင် အခြားသက်ဆိုင်သူများအားလုံး အတူတကွလက်တွဲပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းလို. . .**

ကြောင်းကို အသိပေးပြောကြားလိုကြောင်း။

ဆက်လက်၍ ဂျီအမ်အက်စ်၏သင်္ကေတတစ်ခုဖြစ်သည် စီးပွားရေးစင်္ကြံများ၏အရေးပါမှုကို အလေးထားပြောကြားလိုကြောင်း၊ စီးပွားရေးစင်္ကြံများဖွံ့ဖြိုးမှုသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုကို အရှိန်မြှင့်တင်ရန်၊ ဒေသတွင်းပေါင်းစည်းမှုကို မြှင့်တင်ရန်နှင့် အားလုံးပါဝင်နိုင်သော ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန်အတွက် လွန်စွာအရေးပါသည့် အခန်းကဏ္ဍမှပါဝင်နေခြင်းဖြစ်ကြောင်း၊ထုတ်လုပ်သူများနှင့်ဈေးကွက်များအကြား ချိတ်ဆက်မှုကို တိုးမြှင့်ခြင်းဖြင့် စီးပွားရေးစင်္ကြံတစ်လျှောက် ကုန်သွယ်မှုတိုးတက်စေသည့်အပြင် နိုင်ငံဖြတ်ကျော်ကုန်သွယ်မှုတွင် ဈေးကွက်အသစ်များပေါ်ထွန်းလာစေနိုင်ကြောင်း၊ယင်းစီးပွားရေးစင်္ကြံများကိုအသုံးပြုပြီး အဖွဲ့ဝင်နိုင်ငံများအားလုံးပါဝင်သော ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိအောင် အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

လက်ရှိ မြန်မာနိုင်ငံ၏ ဦးတည်ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်းပြီး အကျဉ်းမျှအသိပေးပြောကြားလိုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးလျက်ရှိကြောင်း၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်အပေါ်တွင် အခြေခံပြီး နိုင်ငံအားလုံးနှင့် မိတ်ဝတ်မပျက်ဆက်ဆံရေးမူဝါဒကို ကျင့်သုံးနေခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူများ၏ အကျိုးစီးပွားများကိုအလေးထားပြီး ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ဦးတည်ချက် (၉)ရပ်ချမှတ်ကာ ကဏ္ဍအလိုက် အကောင်အထည်ဖော်နေခြင်းဖြစ်ကြောင်း။

လျင်မြန်စွာပြောင်းလဲနေသည့် အခြေ**အနေများကြားမှ လက်ရှိနိုင်ငံအချင်းချင်းနှင့် ဘက်စုံပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်များအပါအဝင် အခြားသော နိုင်ငံတကာကတိကဝတ်များကိုအကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံအနေဖြင့်ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း**၊ ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွင် တန်းတူညီမျှမှုနှင့် အားလုံးပါဝင်မှုသည် အဓိကကျသည့် အခြေခံမူပင်ဖြစ်ကြောင်း၊ ထို့ကြောင့် **ဂျီအမ်အက်စ်ဒေသတွင်း လူမှု-စီးပွားဖွံ့ဖြိုးတိုးတက်မှုကို ထောက်ပံ့ပေးနိုင်မည့်ကဏ္ဍအလိုက် စီမံချက်များကိုအကောင်အထည်ဖော်ရာတွင် အဖွဲ့ဝင်နိုင်ငံအချင်းချင်း ပူးပေါင်းမှု၊ ဂျီအမ်အက်စ်အတွင်းရေးမှူးရုံး၏ပံ့ပိုးကူညီမှုများသာမက ဖွံ့ဖြိုးမှုမိတ်ဖက်များပုဂ္ဂလိကကဏ္ဍနှင့် ဒေသန္တရအစိုးရများ အပါအဝင် အခြားသက်ဆိုင်သူများအားလုံး အတူတကွ လက်တွဲပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်း**လိုကြောင်း။

ယခုထိပ်သီးအစည်းအဝေးတွင် နိုင်ငံ့ခေါင်းဆောင်များ၏ အကြံပြုချက်များသည် အနာဂတ်တွင် ပိုမိုကြံ့ခိုင်၍ ခံနိုင်ရည်ရှိပြီး ရေရှည်တည်တံ့မှုရှိသည့် ဂျီအမ်အက်စ်အသိုက်အဝန်းတစ်ရပ် ဖြစ်ပေါ်လာရေးအတွက် များစွာအထောက်အကူဖြစ်စေမည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက သတ္တမအကြိမ် ဂျီအမ်အက်စ်ထိပ်သီးအစည်းအဝေးနောက်ပိုင်း ရရှိခဲ့သည့်ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို နိုင်ငံ့ခေါင်းဆောင်များထံ အစီရင်ခံတင်ပြသည်။

ယင်းနောက် ၂၀၂၄ ခုနှစ် မဟာမဲခေါင်ဒေသခွဲစီးပွားရေးစင်္ကြံ ပြည်နယ်/တိုင်းအဆင့်ခေါင်းဆောင်များဖိုရမ်အစီရင်ခံစာကို ယူနန်အစိုးရအဖွဲ့မှ တာဝန်ရှိသူကလည်းကောင်း၊ဖွံ့ဖြိုးမှုမိတ်ဖက်များအစည်းအဝေးရလဒ်ကို ဂျီအမ်အက်စ်အတွင်းရေးမှူးရုံးမှ တာဝန်ရှိသူကလည်းကောင်း တင်ပြကြပြီး ထိပ်သီးအစည်းအဝေး ပူးတွဲကြေညာချက်နှင့် ဂျီအမ်အက်စ်ဆန်းသစ်တီထွင်မှု မဟာဗျူဟာ၂၀၃၀ ကိုအတည်ပြုချမှတ်ပြီးအစည်းအဝေးကို အောင်မြင်စွာရုပ်သိမ်းခဲ့သည်။

အဆိုပါ အဋ္ဌမအကြိမ် မဟာမဲခေါင်ဒေသခွဲထိပ်သီးအစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့်ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊တိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ စစ်ဘက်၊ အရပ်ဘက်မှ အဆင့်မြင့်အရာရှိကြီးများ ပါဝင်တက်ရောက်ခဲ့ကြသည်။

မဟာမဲခေါင်ဒေသခွဲစီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်(Greater Mekong Subregion–GMS Economic Cooperation Program) ကို ၁၉၉၂ ခုနှစ်မှစတင်ခဲ့ခြင်းဖြစ်ပြီး ဆယ်စုနှစ် သုံးခုကျော်အောင်မြင်စွာရပ်တည်လျက်ရှိသည့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ဖြစ်ကြောင်း၊ ဂျီအမ်အက်စ်အစီအစဉ်အရ ထိပ်သီးအစည်းအဝေးများကို မဟာမဲခေါင်ဒေသခွဲအစီအစဉ်၏ ၁၀ နှစ်ပြည့်မြောက်သည့် ၂၀၀၂ ခုနှစ်မှစတင်၍ သုံးနှစ်လျှင်တစ်ကြိမ် မဟာမဲခေါင်ဒေသခွဲ ခြောက်နိုင်ငံမှ အက္ခရာစဉ်အလိုက် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပလျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် စတုတ္ထအကြိမ်မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေးကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် အိမ်ရှင်နိုင်ငံအဖြစ် နေပြည်တော်၌ လက်ခံကျင်းပခဲ့ကြောင်း၊ ထိပ်သီးအစည်းအဝေးများတွင် အနာဂတ်ကာလဒေသခွဲဖွံ့ဖြိုးရေးနှင့်စပ်လျဉ်းသည့် မျှော်မှန်းချက်များပြည့်မီအောင်မြင်စေရေးဆိုင်ရာ ကတိကဝတ်များပြုကြပြီး နိုင်ငံ့ခေါင်းဆောင်များ၏ အရေးပါသောပူးတွဲကြေညာချက်ကို ထုတ်ပြန်လေ့ရှိရာ ယနေ့ကျင်းပသည့်အဋ္ဌမအကြိမ် မဟာမဲခေါင်ဒေသခွဲထိပ်သီးအစည်းအဝေးတွင် ဆန်းသစ်တီထွင်မှုမူဘောင်နှင့် ထိပ်သီးအစည်းအဝေး ပူးတွဲကြေညာချက်စာတမ်းတို့ကို အတည်ပြုချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)




(၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ်ပူးပေါင်းဆောင်ရွက်မှု(စီအယ်လ်အမ်ဗွီ)ထိပ်သီးအစည်းအဝေး ကျင်းပစဉ်။

☆ **ကျောဖုံးမှအဆက်**

အာဆီယံအတွင်းရေးမှူးချုပ် H. E. Dr. KAO KIM HOURN၊ အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်အဆင့်မြင့်အရာရှိကြီးများ၊ တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ်ပူးပေါင်းဆောင်ရွက်မှု(စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန်ရောက်ရှိလာကြသည့် အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးချုပ်များနှင့် အဖွဲ့ဝင်များကို ကြိုဆိုနှုတ်ဆက်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ်ပူးပေါင်းဆောင်ရွက်မှု(စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် (၈)ကြိမ်မြောက် ဂျီအမ်အက်စ်ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ကျင်းပသည့်(၁၁)ကြိမ်မြောက် စီအယ်လ်အမ်ဗွီထိပ်သီးအစည်းအဝေးသို့ ပါဝင်တက်ရောက်ကြသည့် ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့မှ အဆွေတော် နိုင်ငံ့ခေါင်းဆောင်အကြီးအကဲများကို ကြိုဆိုပါကြောင်း။

မိမိအနေဖြင့် စီအယ်လ်အမ်ဗွီ အဆင့်မြင့်အရာရှိကြီးများနှင့် စီအယ်လ်အမ်ဗွီ ပူးပေါင်းဆောင်ရွက်မှုအောက်မှ သက်ဆိုင်ရာဦးဆောင်နိုင်ငံအလိုက် ဖွဲ့စည်းထားသည့် လုပ်ငန်းအဖွဲ့များ၏ “(၁၁)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးပူးတွဲကြေညာချက်(မူကြမ်း)”ကို အပြီးသတ်ရေးဆွဲနိုင်အောင် အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့မှုများကိုလည်း ချီးကျူးဂုဏ်ပြုလိုကြောင်း၊တိုင်ဖွန်းမုန်တိုင်းရာဂီ၏ ဆက်စပ်အကျိုးဆက်များဖြစ်သည့် ရေကြီး၊ မြေပြိုမှုများကြောင့် စီအယ်လ်အမ်ဗွီ အဖွဲ့ဝင်နိုင်ငံများတွင်ရှိသည့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များပျက်စီးဆုံးရှုံးမှုများအပေါ် များစွာဝမ်းနည်းရပါကြောင်းကို ပြောကြားလိုကြောင်း။

လက်ရှိဖြစ်ပေါ်နေသည့် ကမ္ဘာ့နိုင်ငံရေးရှုပ်ထွေးမှု၊ နိုင်ငံတကာပဋိပက္ခ၊ စီးပွားရေးကျဆင်းမှု၊ စားနပ်ရိက္ခာနှင့် စွမ်းအင်မလုံလောက်မှု စသည်များကြားတွင် မိမိတို့သည် ကြံ့ကြံ့ခံနိုင်စွမ်းရှိရန် မဖြစ်မနေလိုအပ်ကြောင်း၊ ယနေ့ မိမိတို့တွေ့ဆုံဆွေးနွေးမှုသည် စီအယ်လ်အမ်ဗွီပူးပေါင်းဆောင်ရွက်မှု၏ တိုးတက်မှုကို ပြန်လည်လေ့လာဆန်းစစ်ခွင့် ရရှိသည့်အပြင် “ချစ်ကြည်ရင်းနှီးမှုနှင့် စည်းလုံးညီညွတ်မှုမှသည် ကြံ့ကြံ့ခံနိုင်၍သာယာဝပြောသော အသိုက်အဝန်းဆီသို့” ခေါင်းစဉ်အောက်တွင် စီအယ်လ်အမ်ဗွီမူဘောင်ကို ပိုမိုထိရောက်စွာအကောင်အထည်ဖော်နိုင်ရန် ဆွေးနွေးခွင့်ရရှိခြင်းလည်း ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်၊ လာအိုနိုင်ငံဝန်ကြီးချုပ်၊

**မြန်မာနိုင်ငံသည် စီအယ်လ်အမ်ဗွီအဖွဲ့ဝင်နိုင်ငံများနှင့် အနီးကပ်ပူးပေါင်း ဆောင်ရွက်ရင်း မိမိတို့၏ ဘုံရည်မှန်းချက်ဖြစ်သည့် ရေရှည်တည်တံ့သော အလုံးစုံ လွှမ်းခြုံသည့် ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်သည်ကို ထပ်လောင်း အတည်ပြု…**

**သဘာဝနှင့်လူလုပ်ဘေးအန္တရာယ်များ၏စိန်ခေါ်မှုကို စုပေါင်းအားဖြင့် ကိုင်တွယ်ဖြေရှင်း ရမည်ဖြစ်သကဲ့သို့ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုယန္တရားနှင့် ရာသီဥတုပြောင်းလဲမှု လျော့ပါးသက်သာစေရေး၊ဒေသတွင်းထိခိုက်မှုလျော့ချရေးနှင့်ကြိုတင်အသိပေးခြင်းဆိုင်ရာ ထိရောက်သောအစီအစဉ်များနှင့် စီမံခန့်ခွဲမှုများကို အားဖြည့်ဆောင်ရွက်ရမည်ဖြစ်…**

ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်နှင့် အာဆီယံ အထွေထွေ အတွင်းရေးမှူးချုပ်တို့က “ချစ်ကြည်ရင်းနှီးမှုနှင့် စည်းလုံးညီညွတ်မှုမှသည် ကြံ့ကြံ့ခံနိုင်၍ သာယာဝပြောသော အသိုက်အဝန်းဆီသို့” ခေါင်းစဉ်ဖြင့် စီအယ်လ်အမ်ဗွီပူးပေါင်းဆောင်ရွက်မှု၏ အနာဂတ်ဦးတည်ချက်အပေါ် အမြင်ချင်းဖလှယ်ခြင်းနှင့်ဖြစ်ပေါ်တိုးတက်မှုများကို သုံးသပ်ဆွေးနွေးကြသည်။

ထို့နောက် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ်ပူးပေါင်းဆောင်ရွက်မှု(စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က “ချစ်ကြည်ရင်းနှီးမှုနှင့် စည်းလုံးညီညွတ်မှုမှသည် ကြံ့ကြံ့ခံနိုင်၍ သာယာဝပြောသောအသိုက်အဝန်းဆီသို့” ခေါင်းစဉ်ဖြင့် စီအယ်လ်အမ်ဗွီပူးပေါင်းဆောင်ရွက်မှု၏ အနာဂတ်ဦးတည်ချက်အပေါ် အမြင်ချင်းဖလှယ်ခြင်းနှင့်ဖြစ်ပေါ်တိုးတက်မှုများကို သုံးသပ်ဆွေးနွေးရာ၌ ၂၀၀၃ ခုနှစ် မြန်မာနိုင်ငံ ပုဂံမြို့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် အက်မက်စ်ထိပ်သီးအစည်းအဝေးတွင် စတင်သန္ဓေတည်ခဲ့သည့် စီအယ်လ်အမ်ဗွီပူးပေါင်းဆောင်ရွက်မှုယန္တရားကို မိမိတို့အနေဖြင့် ပြန်လည်အမှတ်ရမိကြောင်း၊ ယင်းအချိန်မှစ၍ အဖွဲ့ဝင်နိုင်ငံများသည် ဒေသတွင်းငြိမ်းချမ်းရေး၊ သာယာဝပြောရေးနှင့် ပေါင်းစည်းထားသည့် အသိုက်အဝန်းတစ်ခုဖန်တီးရန်အတွက် အားသွန်ခွန်စိုက် အတူတကွကြိုးစားခဲ့ကြကြောင်း။

မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေး၊ စက်မှုနှင့်စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဦးဆောင်နိုင်ငံအဖြစ် ဆောင်ရွက်လျက်ရှိကြောင်း၊ စီအယ်လ်အမ်ဗွီအဖွဲ့ဝင်နိုင်ငံများ၏ အခြေခံအဆောက်အအုံနှင့် နည်းပညာချိတ်ဆက်ဆက်နွှယ်မှုများ ဆက်လက်တိုးတက်စေခြင်းသည် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါဆုံးကိစ္စရပ်ဖြစ်ကြောင်း၊ စီအယ်လ်အမ်ဗွီ ပူးပေါင်းဆောင်ရွက်မှုအောက်မှ ဒေသတွင်းစီးပွားရေးပေါင်းစည်းမှုအတွက် မိမိတို့သည် “စီအယ်လ်အမ်ဗွီဖွံ့ဖြိုးတိုးတက်မှု မူဘောင်”နှင့် “စီအယ်လ်အမ်ဗွီဖွံ့ဖြိုးတိုးတက်မှုမူဘောင် အကောင်အထည်ဖော်ရေး အစီအစဉ်” များကို အတည်ပြုထုတ်ပြန်ခဲ့ကြောင်း။

ကပ်ရောဂါဆိုးကြောင့် စီအယ်လ်အမ်ဗွီနိုင်ငံများ၏ စက်မှုကဏ္ဍသည် သိသာထင်ရှားစွာ ထိခိုက်ခဲ့ရကြောင်း၊ အဆိုပါကဏ္ဍပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့အနေဖြင့် စီးပွားရေးစကြံ်များ၊ စီးပွားရေးစကြံ်များအကြား ချိတ်ဆက်မှုများနှင့် အထူးစီးပွားရေးဇုန်များမှ တစ်ဆင့် စက်မှုနည်းပညာဆိုင်ရာအခြေခံအဆောက်အအုံများနှင့် စက်မှုအဆောက်အအုံများကို တည်ဆောက်၊ အဆင့်မြှင့်တင်ပေးရန် လိုအပ်ကြောင်း။

ဘေးအန္တရာယ်များနှင့် ပတ်သက်၍ စီအယ်လ်အမ်ဗွီနိုင်ငံများသည် ဒေသတွင်းနိုင်ငံများအတွင်း ထိခိုက်လွယ်ပြီး ထိခိုက်ခံရမှုအများဆုံးပင်ဖြစ်ကြောင်း၊ရာသီဥတုပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုကို လျော့ပါးသက်သာအောင် ဆောင်ရွက်ခြင်းသည် မိမိတို့ဒေသအတွက် အရေးကြီးသည့် စိန်ခေါ်မှုပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် သဘာဝနှင့် လူလုပ်ဘေးအန္တရာယ်များ၏ စိန်ခေါ်မှုကို စုပေါင်းအားဖြင့် ကိုင်တွယ်ဖြေရှင်းရမည်ဖြစ်သကဲ့သို့ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုယန္တရားနှင့် ရာသီဥတုပြောင်းလဲမှု လျော့ပါးသက်သာစေရေး၊ ဒေသတွင်းထိခိုက်မှုလျော့ချရေးနှင့် ကြိုတင်အသိပေးခြင်းဆိုင်ရာ ထိရောက်သောအစီအစဉ်များနှင့် စီမံခန့်ခွဲမှုများကို အားဖြည့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

စီအယ်လ်အမ်ဗွီ အဖွဲ့ဝင်နိုင်ငံများအကြား ခရီးသွားလာရေးလုပ်ငန်းသည် ပြည်သူချင်း ထိတွေ့ဆက်ဆံမှုအတွက် အလွန်ပင်အရေးပါကြောင်း၊ ထို့ပြင် အဖွဲ့ဝင်နိုင်ငံများတွင် ရေမြေတောတောင်သဘာဝကိုအခြေခံသည့်ခရီးသွားလုပ်ငန်းသည် ဒေသခံပြည်သူများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အပံ့ဖြစ်စေကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုအလေ့အထများကို ထိန်းသိမ်းနိုင်သည့် ခရီးသွားလုပ်ငန်းနှင့် ပတ်သက်သည့်

**စာမျက်နှာ ၁၉ သို့**



(၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေး ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Hun Manet အား ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်စဉ်။



(၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေး ဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လာအိုနိုင်ငံဝန်ကြီးချုပ် H.E. Mr. Sonexay Siphandone အား ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်စဉ်။



(၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေး ဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Pham Minh Chich အား ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်စဉ်။



(၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေး ဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အာဆီယံ အတွင်းရေးမှူးချုပ် H.E.Dr.KAO KIM HOURN အား ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်စဉ်။

စာမျက်နှာ ၁၈ မှအဆက်

ပြည်တွင်း စီးပွားရေးလုပ်ငန်းများနှင့် MSMEs ကဏ္ဍများကို အားပေးထောက်ပံ့သင့်ကြောင်း။

စီအယ်လ်အမ်ဗွီ နိုင်ငံများတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ ဆောင်ရွက်ခြင်းသည် အရေးကြီးဆုံးဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် စီအယ်လ်အမ်ဗွီမူဘောင်အောက်မှ နယ်ပယ်အသီးသီးတွင် ရှိသည့် ပညာသင်ဆုပေးအပ်ခြင်းနှင့် အတွေ့အကြုံဖလှယ်ရေး အစီအစဉ်များကို ဆက်လက်ဆောင်ရွက်သွားသင့်ကြောင်း။

ရန်ပုံငွေရရှိခြင်းသည် စီအယ်လ်အမ်ဗွီပူးပေါင်းဆောင်ရွက်မှုယန္တရားအပါအဝင် ပူးပေါင်းဆောင်ရွက်မှု ယန္တရားတိုင်း၏ အောင်မြင်တိုးတက်မှုအတွက် အရေးပါသည်ဟု သုံးသပ်မိကြောင်း၊ မိမိအနေဖြင့် IAI လုပ်ငန်း အစီအစဉ်များမှတစ်ဆင့် အကူအညီအထောက်အပံ့ရအောင်ဆောင်ရွက်ပေးသည့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးကို ကျေးဇူးတင်ရှိကြောင်း၊ ထို့ပြင် စီအယ်လ်အမ်ဗွီ စီမံကိန်းများအတွက် အထောက်အပံ့ပေးသည့် ဖွံ့ဖြိုးတိုးတက်မှု မိတ်ဖက်နိုင်ငံများ၏ အကူအညီနှင့် အထောက်အပံ့များကိုလည်း အလေးထားကြောင်း။

**စီအယ်လ်အမ်ဗွီပူးပေါင်းဆောင်ရွက်မှု မူဘောင်အောက်တွင် သက်ဆိုင်ရာလုပ်ငန်း စီမံချက်များကို ထိရောက်စွာအကောင်အထည်ဖော်ခြင်းဖြင့် မိမိတို့ဒေသတွင်းရှိ ပြည်သူများ၏ သာယာဝပြောမှုနှင့် ကြီးပွားတိုးတက်မှုကို ပိုမိုအထောက်အကူပြုမည်ဟု ယုံကြည်...**

မြန်မာနိုင်ငံသည် စီအယ်လ်အမ်ဗွီ အဖွဲ့ဝင်နိုင်ငံများနှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်ရင်း မိမိတို့၏ ဘုံရည်မှန်းချက်ဖြစ်သည့် ရေရှည်တည်တံ့သော အလုံးစုံလွှမ်းခြုံသည့် ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်သည်ကို ထပ်လောင်းအတည်ပြုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးချုပ်များက စီအယ်လ်အမ်ဗွီထိပ်သီး အစည်းအဝေး၏ ထုတ်ပြန်ချက်များကို ဆွေးနွေးကြပြီး အတည်ပြုထုတ်ပြန်သည်။

ထို့နောက် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ်ပူးပေါင်းဆောင်ရွက်မှု(စီအယ်လ်အမ်ဗွီ) ထိပ်သီး အစည်းအဝေးဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အစည်းအဝေးနိဂုံးချုပ် အမှာစကားပြောကြားရာတွင် မိမိတို့မြန်မာနိုင်ငံက ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်နေချိန်ကာလအတွင်းတွင် အဆွေတော်တို့၏ တက်ကြွစွာပူးပေါင်းဆောင်ရွက်မှု၊ နားလည်ပေးမှုနှင့် အဖိုးမဖြတ်နိုင်သည့် အားပေးထောက်ခံမှုများအတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ထို့ပြင် မိမိတို့သည် စည်းလုံးညီညွတ်မှု၊ ခံနိုင်ရည်ရှိမှုများနှင့် ယခုနှစ်များအတွင်း ဖြစ်ပေါ်လာသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ခဲ့ကြောင်း၊ စီအယ်လ်အမ်ဗွီပူးပေါင်းဆောင်ရွက်မှု မူဘောင်အောက်တွင် သက်ဆိုင်ရာလုပ်ငန်းစီမံချက်များကို ထိရောက်စွာအကောင်အထည်ဖော်ခြင်းဖြင့် မိမိတို့ဒေသတွင်းရှိပြည်သူများ၏သာယာဝပြောမှုနှင့်ကြီးပွားတိုးတက်မှုကို ပိုမိုအထောက်အကူပြုမည်ဟု ယုံကြည်ကြောင်း၊ မိမိတို့သည်ပိုမိုခိုင်မာသည့် ကတိကဝတ်များနှင့် စီအယ်လ်အမ်ဗွီ ပူးပေါင်းဆောင်ရွက်မှုယန္တရား၏ အရှိန်အဟုန်ကို ဆက်လက်အရှိန်မြှင့်တင်သွားရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ်ပူးပေါင်းဆောင်ရွက်မှု (စီအယ်လ်အမ်ဗွီ)ထိပ်သီးအစည်းအဝေးဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်ထံ အလှည့်ကျဥက္ကဋ္ဌတာဝန်လွှဲပြောင်းပေးအပ်ပြီး ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်က အလှည့်ကျဥက္ကဋ္ဌတာဝန်လွှဲပြောင်းလက်ခံရခြင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

အစည်းအဝေးအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးချုပ်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(အက်မက်စ်)ထိပ်သီးအစည်းအဝေးသို့ တက်ရောက်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ(အက်မက်စ်)ထိပ်သီးအစည်းအဝေး(10thAyeyawady-Chao Phraya-Mekong Economic Cooperation Strategy (ACMECS)) သို့တက်ရောက်စဉ်။

နေပြည်တော် နိုဝင်ဘာ ၇

(၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ(အက်မက်စ်) ထိပ်သီးအစည်းအဝေး (10thAyeyawady-Chao Phraya-Mekong Economic Cooperation Strategy (ACMECS))ကို ယနေ့ မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ရှိ Wyndham Grand Hotel ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပါဝင်တက်ရောက်သည်။

အဆိုပါအစည်းအဝေးသို့ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် H. E. Mr. Hun Manet၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် H. E. Ms. Paetongtarn Shinawatraနှင့် အဖွဲ့ဝင်များ၊ ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် H. E. Mr. Pham Minh Chich၊ လာအိုနိုင်ငံဝန်ကြီးချုပ် H. E. Mr. Sonexay Siphandone၊ အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား အက်မက်စ်ထိပ်သီးအစည်းအဝေးဥက္ကဋ္ဌ လာအိုနိုင်ငံဝန်ကြီးချုပ် H. E. Mr. Sonexay Siphandone က ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်စဉ်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ထိပ်သီးအစည်းအဝေးသို့တက်ရောက်ရန် ရောက်ရှိလာရာ အက်မက်စ်ထိပ်သီးအစည်းအဝေးဥက္ကဋ္ဌ လာအိုနိုင်ငံဝန်ကြီးချုပ်က ကြိုဆိုနှုတ်ဆက်ပြီး တက်ရောက်လာကြသည့် အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးချုပ်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် (၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (အက်မက်စ်) ထိပ်သီးအစည်းအဝေးဥက္ကဋ္ဌ လာအိုနိုင်ငံဝန်ကြီးချုပ်က အဖွင့်မိန့်ခွန်းကိုလည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီး ချုပ်ကအမှာစကားကိုလည်းကောင်း ပြောကြားကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ၂၀၀၃ ခုနှစ် မြန်မာနိုင်ငံ ပုဂံမြို့တွင် အခြေတည်ခဲ့သည့် အက်မက်စ်ပူးပေါင်းဆောင်ရွက်မှုသည် ယခုဆိုလျှင် ၂၁ နှစ် သက်တမ်းရှိခဲ့ပြီဖြစ်ကြောင်း၊ စတင်တည်ထောင်ချိန်ကစ၍ အက်မက်စ်သည် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုကိုမြှင့်တင်ရေး၊ ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်ကိုလျှော့ချရေးနှင့် ဒေသဆိုင်ရာစီးပွားရေးပေါင်းစည်းမှုကိုမြှင့်တင်ရေးတို့အတွက် အရေးပါသည့်အခန်းကဏ္ဍက ပါဝင်လျက်ရှိကြောင်း၊ မဲခေါင်နိုင်ငံ ငါးနိုင်ငံနှင့် စုစည်းထားသော အက်မက်စ်ဖြစ်သည့်အတွက် ငါးနိုင်ငံတွင်ရှိ ပြည်သူများ၏ ချစ်ကြည်ရင်းနှီးမှုနှောင်ကြိုးများသည် ကာလရှည်ကြာ ချစ်ကြည်ရင်းနှီးမှုနှင့် အိမ်နီးချင်းကောင်း ဆက်ဆံရေးအပေါ်အခြေခံထားခြင်းပင်ဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်မှုနှစ်များအတွင်း မိမိတို့ပူးပေါင်းဆောင်ရွက်မှု၏ အရှိန်အဟုန်ကို သက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်များတွင် အစည်းအဝေးများ ကျင်းပ၍ ဆောင်ရွက်ဆဲလုပ်ငန်းစဉ်များနှင့် သက်သေပြနိုင်ခဲ့ကြောင်း၊ မိမိအနေဖြင့် အက်မက်စ်ယာယီအတွင်းရေးမှူးရုံး(AIS) တည်ထောင်နိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းပြီး အက်မက်စ်အဖွဲ့ဝင်နိုင်ငံများနှင့် မဲခေါင်သိပ္ပံ(MI)တို့အကြား စာချွန်လွှာ အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ရေး အတွက် ထိုင်းနိုင်ငံ၏ဦးဆောင်ဦးရွက်ပြုမှုနှင့် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများ၏ စုပေါင်းကြိုးပမ်းမှုများကို အသိအမှတ်ပြုလိုကြောင်း၊အက်မက်စ်ယာယီအတွင်းရေးမှူးရုံး၏လုပ်ဆောင်နိုင်စွမ်းသည် အက်မက်စ်မူဘောင်အောက်တွင် ဒေသတွင်းပေါင်းစည်းမှုကိုဖော်ဆောင်မည့် အက်မက်စ်၏ပူးပေါင်းဆောင်ရွက်မှုအရှိန်အဟုန်ကို ပိုမိုမြှင့်တင်ပေးနိုင်ခဲ့ကြောင်း။

အက်မက်စ်နှင့် ပထမအသုတ်ဖွံ့ဖြိုးတိုးတက်မှုမိတ်ဖက်များအကြား ပူးတွဲဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် ခြောက်ခုကိုအတည်ပြုနိုင်ခဲ့သည့်အတွက်လည်း ကျေးဇူးတင်ရှိကြောင်း၊ ယင်းပူးတွဲဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များတွင် ဖော်ပြထားသည့်အတိုင်း မိမိတို့၏မိတ်ဖက်များနှင့် သီးခြားပူးပေါင်းဆောင်ရွက်မှု နယ်ပယ်များတွင် ပိုမိုနီးကပ်စွာပူးပေါင်းဆောင်ရွက်နိုင်သည့် အခွင့်အလမ်းကောင်းများ ရရှိလာမည်ဖြစ်ပြီး အလုံးစုံဖွံ့ဖြိုးတိုးတက်ပြီး ခံနိုင်ရည်ရှိသည့် အက်မက်စ်အသိုက်အဝန်းကို တည်ဆောက်ရာတွင် ထပ်လောင်းအားဖြည့်နိုင်မည်ဖြစ်ကြောင်း။

အပြန်အလှန် ချိတ်ဆက်ထားသည့် သယ်ယူပို့ဆောင်ရေးကွန်ရက်စနစ်သည် အက်မက်စ်ဒေသကိုဖွံ့ဖြိုးတိုးတက်မှုဗဟိုချက်အဖြစ် ဖန်တီးရန်ခိုင်မာသည့် အခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အက်မက်စ်နိုင်ငံများအကြား အကြားအလပ်မရှိ ချိတ်ဆက်နိုင်စေရန်အတွက် ဒေသတစ်ခုလုံးကို လွှမ်းခြုံနိုင်သည့် ဘက်စုံသယ်ယူပို့ဆောင်ရေးစနစ်ကို ဖော်ဆောင်သင့်ကြောင်း၊မြန်မာနိုင်ငံအနေဖြင့် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများနှင့်ပိုမိုကောင်းမွန်သည့် နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှု အခွင့်အလမ်းများဖန်တီးနိုင်ရန်နှင့် ဒေသတွင်းစီးပွားရေးစကြံ်များနှင့်ချိတ်ဆက်နိုင်ရန် သယ်ယူပို့ဆောင်ရေးအခြေခံအဆောက်အအုံများဖွံ့ဖြိုးတိုးတက်ရေးကို အာရုံစိုက်ကြိုးပမ်းလျက်ရှိကြောင်း၊ နိုင်ငံအတွင်း မြို့ပြနှင့် ကျေးလက်ဒေသများအကြား ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်ကို လျှော့ချနိုင်စေရန် စွမ်းအင်ပို့လွှတ်ရေးနှင့်လျှပ်စစ်ဓာတ်အားပေးဝေရေး ကွန်ရက်များကို တိုးမြှင့်ရန် ကြိုးပမ်းဆောင်ရွက်မှုသည် အက်မက်စ်ဒေသတစ်ခုလုံးအတွက်လည်း အကျိုးရှိစေမည်ဖြစ်ကြောင်း။

ယနေ့ခေတ် ဖွံ့ဖြိုးတိုးတက်မှုလိုအပ်ချက်များအရ ဒေသတွင်းအကြားအလပ်မရှိ ချိတ်ဆက်မှုမြှင့်တင်ရာတွင် ခေတ်မီတိုးတက်သည့်နည်းပညာ၏ အရေးပါမှုကို မိမိအနေဖြင့် အလေးထားပြောကြားလိုကြောင်း၊ မိမိတို့အနေဖြင့် လုံခြုံမှုရှိသည့် သတင်းအချက်အလက်နှင့်ဆက်သွယ်ရေး နည်းပညာများနှင့်အညီ အက်မက်စ်နိုင်ငံများအကြား ငွေကြေးနှင့် ကုန်သွယ်မှုဆိုင်ရာအစီအမံများ၊ ဒစ်ဂျစ်တယ်စီးပွားရေးနှင့် E-Governance ကွန်ရက်များကို အဆင့်မြှင့်တင်ပေးရန် လိုအပ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လိုအပ်ချက်များနှင့် ပန်းတိုင်များကို အကောင်အထည်ဖော်ရာတွင် အက်မက်စ်ပင်မစီမံချက်သည် ဖြည့်စွက်ထောက်ပံ့မှုတစ်ခုဖြစ်လာနိုင်မည်ဟု မိမိအနေဖြင့်ယုံကြည်ကြောင်း။

ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍသည် အက်မက်စ်စီးပွားရေးအတွက် အဓိကမောင်းနှင်အားတစ်ခုဖြစ်ပြီး မိမိတို့နိုင်ငံများ၏ ပြည်တွင်းအသားတင်ထုတ်ကုန်(GDP)၊ငွေကြေးဖောင်းပွမှုနှုန်း၊စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်း၊ အလုပ်အကိုင်ရရှိမှုနှင့် လူမှုဘဝဆိုင်ရာအချက်အလက်များအပေါ်လွှမ်းမိုးမှုရှိကြောင်း၊ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာစည်းမျဉ်းစည်းကမ်းများကို ရိုးရှင်း၍တိကျခိုင်မာစေခြင်းဖြင့် ဒေသတွင်းစီးပွားရေးနှင့် ပြည်သူလူထု၏ လူနေမှုအဆင့်အတန်းတို့အပေါ် သိသာထင်ရှားစွာအကျိုးပြုစေမည်ဖြစ်ကြောင်း။

ထို့ကြောင့် မိမိအနေဖြင့် အက်မက်စ်နိုင်ငံများအား ပိုမိုကောင်းမွန်သည့်ဒေသတွင်းအဆင့် စီးပွားရေးပေါင်းစည်းမှုများ ဖော်ဆောင်ရေးအတွက် ပေါင်းစည်းအင်အားဖြင့် အနီးကပ်ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရန် တိုက်တွန်းလိုကြောင်း၊ မိမိအနေဖြင့် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုမိတ်ဖက်များကို မြန်မာနိုင်ငံသို့ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ကြရန်ဖိတ်ခေါ်လိုကြောင်း၊စိုက်ပျိုးရေးသည် မြန်မာနိုင်ငံအပါအဝင်အက်မက်စ်ဒေသ၏ အစားအစာထုတ်လုပ်ခြင်း အဓိကအရင်းအမြစ်အဖြစ်ရပ်တည်လျက်ရှိပြီး အက်မက်စ်ဒေသတွင်း လူဦးရေ၏ အများစုကို ကိုယ်စားပြုသည့် ကျေးလက်ဒေသပြည်သူများအတွက် အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုလည်းဖြစ်ကြောင်း၊ထို့ပြင် စိုက်ပျိုးရေးသည် ဆင်းရဲမှုလျှော့ချရေးနှင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်လျှော့ချရေးတို့အတွက် နည်းလမ်းတစ်သွယ်လည်းဖြစ်ကြောင်း။

မိမိအနေဖြင့် အက်မက်စ်နိုင်ငံများအတွင်းရှိ ပုဂ္ဂလိကကဏ္ဍများ၊ အထူးသဖြင့် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် စွန့်ဦးတီထွင်လုပ်ငန်းသစ်များကို အက်မက်စ်မူဘောင်အောက်ရှိ

စာမျက်နှာ ၂၃ သို့

စာမျက်နှာ ၂၀ မှအဆက်

ခေတ်မီစီးပွားရေးလုပ်ငန်း အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ကြရန် အားပေးလိုကြောင်း၊ မြန်မာနိုင်ငံသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စီးပွားရေးတည်ငြိမ်မှုကို မြှင့်တင်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများတိုးမြှင့်ရန်အတွက် ပုဂ္ဂလိကကဏ္ဍ ဦးစားပေးဖွံ့ဖြိုးတိုးတက်မှုနည်းလမ်းများနှင့် ကြိုးပမ်းလျက်ရှိသည်ကို အသိပေးပြောကြားလိုကြောင်း။

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုသည် ဒေသတွင်းဝင်ငွေစီးဆင်းမှုကို သိသာစွာထောက်ပံ့ပေးလျက်ရှိပြီး ဆင့်ပွားအကျိုးသက်ရောက်မှုအဖြစ် ခရီးသွားလုပ်ငန်းဒေသများရှိဒေသခံပြည်သူများ၏ လူနေမှုအဆင့်အတန်း၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့်ပညာရေးတို့ကိုထောက်ပံ့ပေးလျက်ရှိကြောင်း၊ ခရီးသွားလုပ်ငန်းသည် ဖွံ့ဖြိုးတိုးတက်မှုလိုအပ်ချက်နှင့် အလုပ်အကိုင်အခွင့်အလမ်းအခက်အခဲရှိသည့်ဝေးလံခေါင်ဖျားဒေသများကို ဖွံ့ဖြိုးတိုးတက်စေသည့် နည်းလမ်းတစ်ခုလည်းဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ(အက်မက်စ်) ထိပ်သီးအစည်းအဝေး(10th Ayeyawady-Chao Phraya-Mekong Economic Cooperation Strategy(ACMECS))တွင် အမှာစကားပြောကြားစဉ်။

မိမိအနေဖြင့် အက်မက်စ်နိုင်ငံများကို ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များမှတစ်ဆင့် လူမှု-ယဉ်ကျေးမှုဆိုင်ရာ ထိတွေ့ဆက်ဆံမှုများကိုမြှင့်တင်ရန်နှင့် မိမိတို့သဘောတူညီထားသည့် **“ငါးနိုင်ငံ၊ခရီးစဉ်တစ်ခု”** အစီအစဉ်ကို အကောင်အထည်ဖော်ပြီး ငြိမ်းချမ်း၍ အကျိုးစီးပွားဖြစ်ထွန်းသည့် အက်မက်စ်အဖွဲ့အစည်းတည်ဆောက်ရေးကို အားပေးကြရန်ဆန္ဒပြုလိုကြောင်း၊ယခုအခါ မြန်မာနိုင်ငံသည် အက်မက်စ်၏ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ရန် အလှည့်ကျရောက်လာပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများနှင့်အတူတကွ ပေါင်းစည်းအင်အားဖြင့် အက်မက်စ်ဒေသဘက်စုံစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ဖော်ဆောင်ရန် ဝမ်းမြောက်ဝမ်းသာစွာ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**မြန်မာနိုင်ငံသည် မဲခေါင်ဒေသခွဲအတွင်းရှိ အိမ်နီးချင်းနိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်မှုကို အထူးအလေးထားဦးစားပေး ဆောင်ရွက်လျက်ရှိသည်နှင့်အညီ အက်မက်စ်မူဘောင်အောက်တွင် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများ၏ ထားရှိခဲ့သည့် ကာလရှည်ကြာချစ်ကြည်ရင်းနှီးမှု၊အိမ်နီးချင်းကောင်းပီသမှု၊အပြန်အလှန်နားလည်မှု၊အပြန်အလှန်လေးစားမှုနှင့်အကျိုးအမြတ်မျှဝေမှုတို့အပေါ်တွင်အခြေခံပြီး တက်ကြွစွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်**ကြောင်းဖြင့် ပြောကြားသည်။

**မြန်မာနိုင်ငံသည် မဲခေါင်ဒေသခွဲအတွင်းရှိ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုကို အထူးအလေးထားဦးစားပေးဆောင်ရွက်လျက်ရှိသည်နှင့်အညီ အက်မက်စ်မူဘောင်အောက်တွင် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများ၏ထားရှိခဲ့သည့် ကာလရှည်ကြာချစ်ကြည်ရင်းနှီးမှု၊ အိမ်နီးချင်းကောင်းပီသမှု၊ အပြန်အလှန်နားလည်မှု၊ အပြန်အလှန်လေးစားမှုနှင့် အကျိုးအမြတ်မျှဝေမှုတို့အပေါ်တွင်အခြေခံပြီး တက်ကြွစွာဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ် . . .**

ထို့နောက် ထိုင်းနိုင်ငံဝန်ကြီးချုပ်၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်နှင့် လာအိုနိုင်ငံဝန်ကြီးချုပ်တို့က အမှာစကားများပြောကြားကြပြီး နယူးဇီလန်နိုင်ငံကို ဒုတိယအသုတ် အက်မက်စ် ဖွံ့ဖြိုးတိုးတက်မှုနိုင်ငံအဖြစ် အတည်ပြုကြေညာ၍ (၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (အက်မက်စ်)ထိပ်သီးအစည်းအဝေး၏ **“ဗီယင်ကျန်းကြေညာစာတမ်း”**ကို ထုတ်ပြန်ကြေညာကာ အက်မက်စ်ပင်မစီမံချက်၏ နောက်ဆက်တွဲအဖြစ် **“မဲခေါင်ဒေသတွင်း ရေအရင်းအမြစ် ပူးပေါင်းဆောင်ရွက်မှု သဘောတရားစာတမ်း”**ကို ထည့်သွင်းသည်။

ယင်းနောက် လာအိုနိုင်ငံဝန်ကြီးချုပ်က အက်မက်စ်အလှည့်ကျဥက္ကဋ္ဌတာဝန်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ လွှဲပြောင်းပေးအပ်ပြီး အမှာစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အလှည့်ကျဥက္ကဋ္ဌ တာဝန်ယူရခြင်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအနေဖြင့် အက်မက်စ်ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်စဉ်ကာလတွင် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များမှရရှိသည့် အကျိုးကျေးဇူးများကို အက်မက်စ်အဖွဲ့ဝင်နိုင်ငံများအားလုံး ရရှိခံစားနိုင်ရန်အတွက် ယခင်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သကဲ့သို့ အခြေခံကျသောဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မဟာဗျူဟာများရေးဆွဲဖော်ဆောင်ခြင်းဖြင့်လည်း ထိရောက်စွာကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အက်မက်စ် ပူးပေါင်းဆောင်ရွက်မှုကို ယခင်ဥက္ကဋ္ဌများ ချမှတ်ခဲ့သည့်လမ်းစဉ်အတိုင်း ပြီးပြည့်စုံ၍ ဖွံ့ဖြိုးတိုးတက်သည့် အက်မက်စ်ဒေသတစ်ခုအဖြစ် မြှင့်တင်ဆောင်ရွက်ရေး ရှေ့ဆက်ကြိုးပမ်းသွားမည် ဖြစ်ကြောင်း၊ ဥက္ကဋ္ဌအသစ်တာဝန်ကိုစတင်ထမ်းဆောင်သည့်အခါ မိမိအနေဖြင့်စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်နှင့် အက်မက်စ်ပူးပေါင်းဆောင်ရွက်မှု၏ ရည်မှန်းချက်များကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန်အတွက် အဖွဲ့ဝင်နိုင်ငံအားလုံး၏ အမြော်အမြင်ကြီးမားမှု၊ပံ့ပိုးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုတို့ကိုရရှိလိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ လာမည့်အက်မက်စ်ထိပ်သီးအစည်းအဝေးကို မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပပြီး အဆွေတော်တို့ကို တွေ့ဆုံနိုင်မည့်အခွင့်အလမ်းကို မျှော်လင့် စောင့်စားလျက်ရှိကြောင်းဖြင့် ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(၁၀)ကြိမ်မြောက်ဧရာဝတီ- ကျောက်ဖရား-မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ(အက်မက်စ်) ထိပ်သီးအစည်းအဝေး (10th Ayeyawady-Chao Phraya-Mekong Economic Cooperation Strategy(ACMECS))ကို မဲခေါင်နိုင်ငံများ၏နယ်စပ်ဒေသများတွင် ယှဉ်ပြိုင်နိုင်စွမ်းကိုတိုးမြှင့်ပြီး ဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုဖြစ်ထွန်းလာစေရန်၊ စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အခွင့်အလမ်းပိုမိုကောင်းမွန်သည့်ဒေသများသို့ ပြောင်းရွှေ့ရာ၌ အထောက်အကူပြုရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးပြီး အဖွဲ့ဝင်နိုင်ငံများအကြား ဝင်ငွေကွာဟမှုကိုလျှော့ချရန်နှင့်အားလုံးအတွက် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ညီတူညီမျှ သာယာဝပြောရေးတို့ကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေသည့် နည်းလမ်းဖြင့် တိုးမြှင့်ဆောင်ရွက်ရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သတင်းရရှိသည်။(ဗဝ၁)

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေး ခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊ မမှန်စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့် အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါ ယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

## ဘွဲ့ကြို၊ ဘွဲ့လွန် သင်တန်းများအားလုံး နိုဝင်ဘာ ၂၁ ရက်တွင် ဖွင့်လှစ်မည်

**သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန**

**အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန**

**ကြေညာချက်**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနရှိ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များ နှင့် Polytechnic University များ၏ ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများအားလုံးကို နိုဝင်ဘာ ၂၁ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။ ကျောင်းအပ်လက်ခံခြင်းကို နိုဝင်ဘာ ၁၄ ရက်မှစတင်၍ လက်ခံဆောင်ရွက်မည်ဖြစ်ပါသည်။

အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန

# တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ လေဆိပ်များနှင့် ကော့သောင်းဆိပ်ကမ်းတို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၇

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ လေဆိပ်များနှင့် ကော့သောင်းဆိပ်ကမ်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။





ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ထားဝယ်လေဆိပ်၊ မြိတ်လေဆိပ်၊ ဘုတ်ပြင်းလေဆိပ်နှင့် ကော့သောင်းလေဆိပ်တို့သို့ ရောက်ရှိပြီး လေဆိပ်အလိုက် လေယာဉ်ခရီးစဉ်များ ပျံသန်းပြေးဆွဲနေမှု၊ လေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် မြိတ်လေဆိပ်၊ ကော့သောင်းလေဆိပ်တို့တွင် ကုန်စည်လေယာဉ်ခရီးစဉ်များ ဆင်းသက်နိုင်ရန် လေယာဉ်ပြေးလမ်းနှင့် လေယာဉ်ရပ်နားနေရာများ တိုးချဲ့တည်ဆောက်နိုင်မည့် အခြေအနေများကို လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အတူလိုက်ပါလာသည့် တာဝန်ရှိသူများသည် ကော့သောင်းမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မဥ္ဇူသကခန်းမတွင် ကော့သောင်းမြို့၌ တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ကြီးဌာနအောက်ရှိ ဌာနအဖွဲ့အစည်းများမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက စားသောက်ဖွယ်ရာများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ကော့သောင်းဆိပ်ကမ်းသို့ ရောက်ရှိရာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူးက တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင်၌ မြို့မဆိပ်ခံတံတား၊ ဘုရင့်နောင်ဆိပ်ခံတံတား၊ တော်ဝင် ကွန်ကရစ်ဆိပ်ခံတံတားနှင့် ဘုတ်ပြင်းမြို့နယ်ရှိ ကျောက်ထနောင်း ကွန်ကရစ်ဆိပ်ခံတံတားများ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ၊ ဝင်ငွေရှာဖွေပေးနေမှုအခြေအနေ၊ မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်ရေးနည်းလမ်းဖြင့် ရန်ကုန်-ကော့သောင်း-ရနောင်းနှင့် ရနောင်း-ကော့သောင်း-ရန်ကုန် ခရီးစဉ်ဖြင့် ကမ်းရိုးတန်းသွားသင်္ဘောငယ်များ အသုံးပြု၍ ကုန်သေတ္တာစနစ်ဖြင့် ကုန်စည်များ တင်ပို့နေမှုများကို အသေးစိတ်ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တော်ဝင်ဆိပ်ခံတံတားတွင် ဆိုက်ကပ်ထားသော MCL 4 ရေယာဉ်ပေါ်သို့ တက်ရောက်ကြည့်ရှုစစ်ဆေးပြီး တရားမဝင် ကုန်စည်ပါဝင်မှုမရှိစေရေး အလေးထားဆောင်ရွက်ရန်၊ ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# (၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ တက်ရောက်

ဘားအံ နိုဝင်ဘာ ၇

ကရင်တိုင်းရင်းသားလူမျိုးများ၏နေ့ထူးနေ့မြတ်ဖြစ်သော (၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့ မြက်ခင်းပြင်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ခွန်စံလွင်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ရန်ကုန်၊ မွန်၊ တနင်္သာရီတို့မှ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ တိုင်းရင်းသားလက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ မြို့မိမြို့ဖများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ သဘာပတိအဖွဲ့ဝင်များ နေရာယူပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အလံအား အလေးပြု၍ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းတို့ကို အလေးပြုကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သည့် ၂၀၂၄ ခုနှစ် (၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် သဝဏ်လွှာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က ဖတ်ကြားပြီး ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ခွန်စံလွင်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်၊ ကရင်ပြည်နယ် နယ်ခြားစောင့်တပ် ဗဟိုအကြံပေးနှင့် ကွပ်ကဲရေးအဖွဲ့(BGF) အထွေထွေအတွင်းရေးမှူး စောချစ်သူ၊ ကရင်အမျိုးသားအစည်းအရုံး ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) KNU/KNLA(PC) ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူး၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA)မှ စောစိန်ဝင်း၊ ကရင်ပြည်နယ်ဝန်ကြီးချုပ်(ငြိမ်း) ဦးဇော်မင်းနှင့် မြို့မိမြို့ဖ ဦးစောဖိုးနီတို့က (၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် မုခ်ဦးနှင့် ပြခန်းများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က (၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် မုခ်ဦးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး၍ ငြိမ်းချမ်းရေးချိုးဖြူငှက် ၆၉ ကောင်ကို လွှတ်ပေးကြသည်။



ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် အဖွဲ့သည် ဌာနဆိုင်ရာပြခန်းများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြခန်းများ၊ ဒေသထွက်ကုန်အရောင်းပြခန်းများ၊ အသေးစား၊ အငယ်စား၊ အလတ်စားစက်မှုလက်မှုထုတ်ကုန်ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြပြီး ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနပြခန်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက သီးနှံအမျိုးအစားပေါင်း ၄၀ ကျော်ဝင်ရောက်ယှဉ်ပြိုင်သည့်အနက်မှ ပထမဆုရရှိသည့် သီးနှံများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ရိုးရာလှေလှော်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်နှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး အမျိုးသား၊ အမျိုးသမီး ငါးတက်လှော်ပြိုင်ပွဲ၊ ခုနစ်တက်လှော်ပြိုင်ပွဲနှင့် တက် ၂၀ နဂါးလှေလှော်ပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများကို ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

မွန်းလွဲပိုင်းတွင် (၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ကရင်ပြည်နယ် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းသည့်အခမ်းအနားကို ဖွဲ့ကပင်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက စီမံခန့်ခွဲရေး၊ လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပညာရေး၊ စက်မှုနှင့်နည်းပညာ၊ မွေးမြူရေး၊ အမျိုးဘာသာသာသနာ စသည့်ကဏ္ဍများအတွက် ဂုဏ်ထူးဆောင်ဆု ၇၅ ဆုကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် နိုဝင်ဘာ ၆ ရက် ညပိုင်းက ဘားအံမြို့ သီရိကွင်း၌ (၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ဒုံးအကပြိုင်ပွဲ ဒုတိယနေ့အဖြစ် ယှဉ်ပြိုင်လျက်ရှိသော ပြိုင်ပွဲဝင်ဒုံးအဖွဲ့ ၁၀ ဖွဲ့၏ မြူးကြွသွက်လက်မြိုင်ဆိုင်စွာ ယှဉ်ပြိုင်ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြပြီး ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၇/၂၀၂၄)သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း တက်ရောက်အမှာစကားပြောကြား

နေပြည်တော် နိုဝင်ဘာ ၇



ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၇/၂၀၂၄)ကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များဖြစ်သည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌများဖြစ်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Online မှ တက်ရောက်ကြသည်။

ဦးစွာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက ပြည်သူ့စစ်မှုထမ်းနည်းဥပဒေ ရေးဆွဲခြင်းကို နည်းဥပဒေစတင်ရေးဆွဲချိန်မှ ယခုအဋ္ဌမမူကြမ်းရရှိသည်အထိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဝင်ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ အကြံပြုချက်များအပေါ် ပုဒ်မတစ်ခုချင်းအလိုက် အပြန်ပြန်အလှန်လှန် စိစစ်သုံးသပ်ရေးဆွဲခဲ့ပြီး ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများ (မူကြမ်း)ကို အထက်အဆင့်ဆင့်သို့ လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြပြီးပါက ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ထုတ်ပြန်ပေးသွားမည်ဖြစ်ပါကြောင်း။

ပြည်သူ့စစ်မှုထမ်းများ ဆင့်ခေါ်ရာတွင် ပြည်သူနှင့်တိုက်ရိုက်ထိတွေ့ဆက်ဆံနေရသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများအနေဖြင့် လူမှုဆက်ဆံမှုကောင်းမွန်ရေး၊ ငွေကြေးဆိုင်ရာ မသမာမှုများမရှိစေရေးနှင့် သတ်မှတ်ချက်စည်းကမ်းများနှင့်အညီ ဆောင်ရွက်စေရေး တာဝန်ရှိသူအဆင့်ဆင့်က စိစစ်ကြပ်မတ်ရန်လိုပါကြောင်း၊ မိမိတို့က မှန်မှန်ကန်ကန်ဆောင်ရွက်နေသော်လည်း ဆန့်ကျင်ဘက်မီဒီယာများက မမှန်သတင်းများ ထုတ်လွှင့်လျက်ရှိပါကြောင်း၊ ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ ယနေ့အထိ ပြည်သူ့စစ်မှုထမ်းနှင့်ပတ်သက်၍ ဆန့်ကျင်ဘက်မီဒီယာများက ထုတ်လွှင့်ခဲ့သည့် သတင်း ၁၂ ပုဒ်ရှိပါကြောင်း၊ ၎င်းတို့ ထုတ်လွှင့်ခဲ့သည့်သတင်းများနှင့်ပတ်သက်ပြီး နိုင်ငံပိုင်ရုပ်မြင်သံကြားနှင့် သတင်းစာများက False News အဖြစ် တန်ပြန်ထုတ်လွှင့်နိုင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ဆန့်ကျင်ဘက်မီဒီယာများက ထုတ်လွှင့်သည့်သတင်းများ စိစစ်ပြီး မှန်ကန်မှုမရှိပါက အချိန်နှင့်တစ်ပြေးညီ တန်ပြန်ထုတ်လွှင့်ရန် လိုအပ်ပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးနှင့် ပတ်သက်၍ စည်းကမ်းတကျဆောင်ရွက်ရေး အလေးထားဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ဖွင့်လှစ်ပြီးဖြစ်သည့် ပြည်သူ့စစ်မှုထမ်းသင်တန်း ခြောက်ပတ်စဉ်တွင် တွေ့ကြုံခဲ့ရသည့်အခက်အခဲ၊ အားသာချက်၊ အားနည်းချက်များကို ပြန်လည်သုံးသပ်၍ လာမည့်ပြည်သူ့စစ်မှုထမ်းများဆင့်ခေါ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ရည်မှန်းချက်ပြည့်ဝစွာ အကောင်အထည်ဖော်နိုင်ရေးနှင့်အဆင်ပြေချောမွေ့စေရေး အလေးထားဆောင်ရွက်ကြရန်လိုပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းများ ဆင့်ခေါ်ရေးဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် ဥပဒေ၊ စံပြုလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရန်နှင့် ဖြည့်စွက်အကြံပြုဆွေးနွေးလိုသည်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြရန် ပြောကြားသည်။

ထို့နောက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးက ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အားသာချက်၊ အားနည်းချက်များကိုအခြေခံ၍ လိုအပ်ချက်များကိုဖြည့်ဆည်းဆောင်ရွက်ရန်၊ ပြည်သူ့စစ်မှုထမ်းလုပ်ငန်းစဉ်များနှင့်စပ်လျဉ်းသည့် အသိပညာပေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်ရန်တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများက ကင်းလွတ်ခွင့်၊ လျှော့ပေါ့ခွင့်၊ ရွှေ့ဆိုင်းခွင့်ဆိုင်ရာကိစ္စများ၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်နေမှုနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရာတွင် အကြောင်းမဲ့ပျက်ကွက်သူများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ထားမှု အခြေအနေများကိုလည်းကောင်း၊ ပြည်သူ့စစ်မှုထမ်းများအတွက် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးမှုအခြေအနေများကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဥက္ကဋ္ဌများက ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဆောင်ရွက်နေမှု အခြေအနေများနှင့် တွေ့ကြုံရသည့် အားသာချက်၊ အားနည်းချက်များကိုလည်းကောင်း၊ ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်မှုနှင့် ထောက်ပံ့ပေးနိုင်မှုအခြေအနေများကိုလည်းကောင်း သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြကြရာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များအနေဖြင့် ပြည်သူ့စစ်မှုထမ်းများအဖြစ် စာရင်းရေးသွင်းပြီးမှ အကြောင်းမဲ့ပျက်ကွက်သူများ၊ ဆေးအောင်ပြီးမှ အကြောင်းမဲ့ပျက်ကွက်သူများ၊ သင်တန်းကျောင်းသို့ ရောက်ရှိပြီးမှ အကြောင်းမဲ့ပျက်ကွက်သူများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ကြရန်လိုပါကြောင်း၊ တိုင်းဒေသကြီး၊ပြည်နယ်အလိုက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဆောင်ရွက်ရာတွင် အတင်းအဓမ္မဆင့်ခေါ်ခြင်းမျိုး မဖြစ်စေရေး သတ်မှတ်ညွှန်ကြားချက်များ၊ စံပြုလုပ်ထုံးလုပ်နည်းများနှင့်အညီ အထူးအလေးထားဆောင်ရွက်ရန် လိုအပ်ပါကြောင်းနှင့် သင်တန်းအမှတ်စဉ်အလိုက် သတ်မှတ်ရည်မှန်းချက် ပြည့်မီအောင် ဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့က နေပြည်တော်ရှိ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာသို့ ငွေကျပ် သန်း၂၀ လှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၇

နေပြည်တော်ရှိ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ၌ နားခိုလျက်ရှိကြသည့် တပ်မတော်သား အငြိမ်းစားများနှင့် မိသားစုဝင်ဘိုးဘွားများအတွက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ကရုဏာကမ္ဘာဘိုးဘွားရိပ်သာသို့ သွားရောက်၍ ငွေကျပ် သန်း ၂၀ ပေးအပ်လှူဒါန်းကြသည်။

ထိုသို့လှူဒါန်းရာတွင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း(ငြိမ်း)က တပ်မတော်သားဖြစ်ခဲ့သူတစ်ဦးအနေဖြင့် သက်ကြီးရွယ်အိုစစ်မှုထမ်းဟောင်းများကို ယခုကဲ့သို့ စောင့်ရှောက်နေသည့် မွန်မြတ်လှသော ပရဟိတလုပ်ငန်းကြီး ဖြစ်တည်လာရခြင်းကို အလွန်ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် စွန့်လွှတ်စွန့်စားသူများ၏ ကွန်းခိုရာ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ အစွန့်ရှည်တည်မြဲရေးအတွက် နှစ်စဉ်လှူဒါန်းသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လှူဒါန်းငွေများကိုမြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌက ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်သိန်းထွန်း(ငြိမ်း)ထံသို့ ပေးအပ်လှူဒါန်းပြီး တာဝန်ရှိသူများက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## “လှပသာယာပြည်မြန်မာ” ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုရရှိသူများစာရင်း ထုတ်ပြန်

နေပြည်တော် နိုဝင်ဘာ ၇

၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် **“လှပသာယာ ပြည်မြန်မာ”** ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဩဂုတ် ၂၆ ရက်မှ အောက်တိုဘာ ၃၁ ရက်ထိ ဖိတ်ခေါ်ခဲ့သည်။

ပြိုင်ပွဲတွင် နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများ၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားရိုးရာ အလှအပများ၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ လွတ်လပ်ရေးကြိုးပမ်းမှုတွင် ထင်ရှားသည့်အမှတ်သင်္ကေတ၊ နေရာဒေသနှင့် လူပုဂ္ဂိုလ်များ စသည့် လွတ်လပ်ရေး၏အနှစ်သာရကို ဖော်ကျူးရိုက်ကူးထားသည့် ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါဓာတ်ပုံပြိုင်ပွဲသို့ ပြိုင်ပွဲဝင် ၁၆၃ ဦးက ဓာတ်ပုံ ၅၉၉ ပုံကို ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး နိုဝင်ဘာ ၆ ရက်တွင် ဓာတ်ပုံပညာရှင်များက ဆုများစိစစ်ရွေးချယ်ခဲ့ရာ ပထမဆု ဦးမျိုးမင်းထိုက်(The Eagle)၊ ဒုတိယဆု ဦးဇာနည်ကိုကို၊ တတိယဆု ဦးချမ်းသာ(MDY)တို့က ရရှိခဲ့ကြသည်။

ထို့ပြင် အထူးဆုများအဖြစ် အထူးဆု-၁ ဦးချမ်းသာ(MDY)၊ အထူးဆု-၂ ဦးစည်သူ အောင်(နန်းတော်ရှေ့)၊ အထူးဆု-၃ ဦးကျော်နိုင်လင်း(လရိပ်ပြာ)၊ အထူးဆု-၄ ဦးချမ်းသာ(MDY)နှင့် အထူးဆု-၅ ဦးချမ်းသာ(မိတ္ထီလာ)တို့က ဆုများရရှိခဲ့ကြသည်။ ဆုရရှိသူများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဆုများထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ဆုပေးပွဲကျင်းပမည့်ရက်ကို ထပ်မံအသိပေးအကြောင်းကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄


(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ဒေသအလိုက်မိုးကြီးခြင်းနှင့် နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်




**နေပြည်တော် နိုဝင်ဘာ ၇**

ယနေ့မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်မှ ရွေ့လျားလာသော လေပွေလှိုင်းများကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများ တွေ့ဆုံမှုကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း ယနေ့မွန်းလွဲမှ နိုဝင်ဘာ ၈ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက် မိုးကြီးခြင်း၊ နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## မန္တလေးမြို့တွင် ပြည်သူ့စစ်မှုထမ်းအတွက် ဖမ်းဆီးခြင်းများရှိနေပြီး အမည်စာရင်းပါသူများက ငွေကျပ်သိန်းဆယ်နှင့်ချီပေးနေရကြောင်း သတင်းတု၊ သတင်းမှားများ လုံ့ဆော်ဝါဒဖြန့်ဝေလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၇**

မန္တလေးမြို့တွင် ပြည်သူ့စစ်မှုထမ်းအမှတ်စဉ်၇အတွက် လူသစ်ထပ်ခေါ်ခြင်းနှင့် လမ်းမပေါ်၌ ဖမ်းဆီးခြင်းများရှိနေပြီး အမည်စာရင်းပါသူများက ငွေကျပ်သိန်းဆယ်နှင့်ချီပေးနေရကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လှုံ့ဆော်ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ မန္တလေးမြို့မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ လုံခြုံရေးပူးပေါင်းအဖွဲ့များက မန္တလေးမြို့အတွင်း ပြည်သူများ အေးချမ်းစွာလုပ်ကိုင်နေထိုင်နိုင်ရေးအတွက် လိုအပ်သည့်နယ်မြေလုံခြုံရေးဆိုင်ရာလုပ်ငန်းများကို ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပုံမှန်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့နယ်မြေလုံခြုံရေး လုပ်ငန်းများဆောင်ရွက်ခြင်းများကြောင့် အကြမ်းဖက်သမားများ လွယ်ကူစွာဝင်ထွက်သွားလာနိုင်ခြင်းမရှိသဖြင့် အကြမ်းဖက်အားပေး တရားမဝင် ပြည်ဖျက်မီဒီယာများက ယခုကဲ့သို့အခြေအမြစ်မရှိသည့် သတင်းဓာတ်ပုံများဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများအထင်အမြင်လွဲမှားစေရန် လုပ်ကြံရေးသားနေခြင်းဖြစ်ကြောင်း သိရှိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများသည် ပြည်သူ့စစ်မှုထမ်းဥပဒေစတင်အာဏာတည်သည့်နေ့မှစ၍ ပြည်သူ့စစ်မှုထမ်းဆောင်ရန် အကျုံးဝင်သည့်ပြည်သူများကို ဖမ်းဆီးခြင်း၊ လမ်းသွားလမ်းလာများကိုပေါ်တာဆွဲခြင်းနှင့် ငွေကြေးများကောက်ခံခြင်း စသည့် သတင်းတု၊ သတင်းမှားများကို ပြည်သူများအထင်အမြင်လွဲမှားစေရန် ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်ဝါဒဖြန့်လျက်ရှိကြောင်း သတင်းရရှိသည်။(၅၀၁)



## (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှ

# ပထမဆုရှင်တို့၏ ပြိုင်ပွဲဝင်ပုံရိပ်များ



ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသမီး)အမျိုးဂုဏ်၊ ဇာတိဂုဏ် မြှင့်တင်ရေးအဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်ထက်ဧကရီလွင် “ဂီတရေစီးကြောင်း”သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။





အဆင့်မြင့်ပညာ(အမျိုးသား) ဆိုင်းအဖွဲ့လိုက်အတီးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မောင်ဟိန်းမေတ္တာနှင့်အဖွဲ့ တီးခတ်ယှဉ်ပြိုင်စဉ်။



ကာလပေါ်/ခေတ်ဟောင်းတေးအခြေခံပညာ(၁၀-၁၅)(အမျိုးသား)အဆိုပြိုင်ပွဲတွင် ပူးတွဲပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးမှ မောင်ကောင်းပြည့်ဟိန်း “ကိုယ့်ရပ်ဌာနေ”သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။



အဆင့်မြင့်ပညာ(အမျိုးသား)စန္ဒရားအတီးပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်းဒေသကြီးမှ မောင်ဝင်းမင်းခန့် “မှော်ရုံဟောဝန်”(ယိုးဒယား) သီချင်းဖြင့်ယှဉ်ပြိုင်စဉ်။




အခြေခံပညာ(၁၅-၂၀)(အမျိုးသား) ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မောင်ညီမင်းအောင် “ရဂုံဟေမန်”(ပတ်ပျိုး)သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။




ကာလပေါ်/ခေတ်ဟောင်းတေးအခြေခံပညာ (၁၀-၁၅)(အမျိုးသမီး) အဆိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မသွန်းဝတီထွဋ် “မြန်မာ့ဂီတ လှပဝေဆာ”သီချင်းဖြင့် ယှဉ်ပြိုင်စဉ်။

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် မေတ္တာရိပ်အောက်ရောက်ရှိစဉ် အပိုင်း (၆)

**လင်းလက်**

**ပူးပေါင်းဆောင်ရွက်ရန်လို**

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၏ အရည်အချင်း၊ ပြည်သူတို့၏ စည်းလုံးညီညွတ်မှု၊ တပ်မတော်အင်အားတောင့်တင်းခိုင်မာမှု၊ တပ်မတော်နှင့်ပြည်သူကြား စည်းလုံးညီညွတ်မှုတို့သည် ပဓာနကျသောအချက်များပင်ဖြစ်သည်။ နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်လာခြင်းဖြစ်သကဲ့သို့ နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံသားတိုင်းက အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ကာကွယ်စောင့်ရှောက်ရမည်ဖြစ်သည်။ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် လိုအပ်သည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကိုလည်း တပ်မတော်နှင့်ပြည်သူတို့ လက်တွဲ၍ ဆောင်ရွက်ရန်လိုအပ်သည်။

နိုင်ငံသားတိုင်းသည် မိမိနိုင်ငံကိုကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန်တာဝန်ရှိပြီး အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့်ခံယူ၍ နိုင်ငံတော်လုံခြုံရေးနှင့်ကာကွယ်ရေးတာဝန်များကို ပူးပေါင်းပါဝင်ဆောင်ရွက်ရန်လိုအပ်သည်။ အဆင့်မြင့်အရာရှိများအပါအဝင် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်လုံခြုံရေး၊ ကာကွယ်ရေးလုပ်ငန်းရပ်များနှင့်စပ်လျဉ်း၍သိသင့်သိထိုက်သည်များကို သိရှိကာ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) တွင် ဖွင့်လှစ်သင်ကြားနေသည့် အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ်(၁၈)တွင် သင်တန်းသားများသို့ ကာကွယ်ရေးပညာဌာနက လာရောက်ဆွေးနွေးပို့ချခဲ့သည်။ နိုင်ငံတစ်နိုင်ငံ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ခြိမ်းခြောက်မှုအန္တရာယ်များကိုသိရှိပြီး ကြိုတင်ကာကွယ်နိုင်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန်ဖြစ်သည်။

**အရေးကြီးသည်**

လုံခြုံရေးဟူသောဝေါဟာရမှာ လက်တင်ဝေါဟာရ Secures မှ ဆင်းသက်လာပြီး အန္တရာယ်မှကင်းလွတ်ခြင်း၊ လုံခြုံစိတ်ချရခြင်းဟု အဓိပ္ပာယ်ရသည်။ ပြည်တွင်း၊ ပြည်ပအန္တရာယ်များကို တွန်းလှန်ချေဖျက်ချေမှုန်းရေး၊ အားနည်းချို့ယွင်းပျက်စီးသွားစေရေးကြိုတင်စီမံမှုများချမှတ်ထားရမည်။ နိုင်ငံပိုင်နက်နယ်မြေတစ်ခုအတွင်းရှိ ပြည်သူများ၏ ဘဝလုံခြုံရေး၊ အသက်ရှင်သန်ရေး၊ ပိုင်နက်နယ်မြေဆုံးရှုံးလက်လွတ်မခံရစေရေးနှင့် အန္တရာယ်အမျိုးမျိုးတို့မှ ကင်းဝေးစေရန် ကြိုတင်မှန်းဆစီမံဆောင်ရွက်ခြင်းနှင့် တားဆီးချေဖျက်တွန်းလှန်ခြင်းသည် နိုင်ငံတစ်နိုင်ငံ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးကြီးသည်။

မြန်မာနိုင်ငံတွင် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို မျိုးဆက်သစ်လူငယ်များ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးနှင့် နိုင်ငံတော်ကာကွယ်ရေးစွမ်းအားများ တိုးပွားလာစေရန်အတွက် ပြည်သူ့စစ်မှုထမ်းဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့ပြီး စနစ်တကျစီမံဆောင်ရွက်နေသည်။ နိုင်ငံတော်နှင့်ပြည်သူလူထု၏ အကျိုးစီးပွားကို အစဉ်အလေးထားကာ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ထားသည့် မျိုးဆက်သစ်လူငယ်များအနေဖြင့် ပြည်သူ့စစ်မှုထမ်းသင်တန်းများသို့ ပါဝင်တက်ရောက်၍ နိုင်ငံတော်နှင့်လူမျိုးအကျိုးကို ထမ်းပိုးရန်အသင့်ဖြစ်နေကြသည်။

နိုင်ငံတော်၏တာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်နိုင်ရေးဦးတည်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကိုပြဋ္ဌာန်းလိုက်သည့်အခါ စည်းလုံးညီညွတ်မှုခိုင်မာအားကောင်းလာပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာမည်ကိုမလိုလားသည့် နိုင်ငံများက အမျိုးမျိုးသော နှောင့်ယှက်မှုများကို ပြုလုပ်ကြသည်။ အမျိုးသားအကျိုးစီးပွားအတွက် ပြည်တွင်း၊ ပြည်ပ ခြိမ်းခြောက်မှုများကို ဆန့်ကျင်တွန်းလှန်တိုက်ဖျက်ရန်အတွက် နိုင်ငံတော်က ရေရှည်အကျိုးစီးပွားအတွက် ပြည်သူ့စစ်မှုထမ်းဥပဒေကိုပြဋ္ဌာန်းလိုက်ခြင်းပင်ဖြစ်သည်။ နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ဆောင်ရွက်နေခြင်းဖြစ်သဖြင့် နိုင်ငံသားအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရန်ဖြစ်သည်။

**အဓိကအခန်းကဏ္ဍမှပါဝင်**

မူဝါဒချမှတ်သည့် လုပ်ငန်းစဉ်များတွင် အဓိကအခန်းကဏ္ဍမှပါဝင်နေသဖြင့် "နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေး" လုပ်ငန်းတာဝန်များတွင် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များတွင် ဝန်ထမ်းများသို့ ကာကွယ်ရေးပညာများကို လေ့ကျင့်သင်ကြားပေးနေသည်။

နိုင်ငံတော်အစိုးရ၏ အဓိကလုပ်ငန်းတာဝန်မှာ ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးကို အလေးထားဆောင်ရွက်ရန်ဖြစ်သည်။ ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံရေးအတွက် သမားရိုးကျလုံခြုံရေးဖြစ်သည့် စစ်ရေးလုံခြုံမှုအပါအဝင် သမားရိုးကျမဟုတ်သည့် လူသားလုံခြုံမှု၊ နိုင်ငံရေးလုံခြုံမှု၊ စီးပွားရေးလုံခြုံမှု၊ ပတ်ဝန်းကျင်လုံခြုံမှုတို့ကို အလေးထားဆောင်ရွက်ရသည်။ လူသားလုံခြုံမှု သဘောသဘာဝအရ နိုင်ငံရေး၊ စီးပွားရေး၊လူမှုရေး ဖွံ့ဖြိုးမှုများအပါအဝင် စားနပ်ရိက္ခာဘေးကင်းလုံခြုံမှု၊ သဘာဝပတ်ဝန်းကျင်လုံခြုံမှု၊ လူ့အသိုက်အဝန်းနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းလုံခြုံမှုတို့ဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်။

နိုင်ငံတစ်နိုင်ငံ၏ အမျိုးသားလုံခြုံရေးကို ခိုင်မာအားကောင်းအောင် တည်ဆောက်ထားနိုင်မှသာ နိုင်ငံတကာအသိုက်အဝန်းတွင် ဝင်ဆံ့နိုင်မည်ဖြစ်သည်။ နိုင်ငံတော်ကာကွယ်ရေးအင်အား တောင့်တင်းခိုင်မာမှသာ နိုင်ငံတကာ၏စီးပွားရေးပိတ်ဆို့မှုများကို တုံ့ပြန်နိုင်မည်ဖြစ်ပြီး နိုင်ငံတော်၏စီးပွားရေးအင်အားတောင့်တင်းခိုင်မာအောင် တည်ဆောက်နိုင်မည်ဖြစ်သည်။ နိုင်ငံတော်ကာကွယ်ရေးအင်အားတောင့်တင်းခိုင်မာရေးအတွက် တပ်မတော်၏ အခန်းကဏ္ဍကအလွန်အရေးကြီးသည်။ သို့ရာတွင် တပ်မတော်က နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်နေစဉ်တွင် ပြည်သူလူထုတစ်ရပ်လုံးကလည်း အမျိုးသားရေးစိတ်ဓာတ်များ ရှင်သန်နိုးထ၍ ပူးပေါင်းပါဝင်ကြရန်လိုအပ်သည်။

> **❖ မြန်မာလူမျိုးတို့သည် ခေတ်အဆက်ဆက်တွင် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည်။ ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းလိုက်သည့်အချိန်တွင် နိုင်ငံတချို့၏သွေးထိုးနှောင့်ယှက်မှုများ ရင်ဆိုင်ကြုံတွေ့ခဲ့ရသော်လည်း နိုင်ငံတော်နှင့်ပြည်သူလူထုအတွက်ပေးဆပ်ရန်အသင့်ရှိနေပြီး အရေးကြုံသည့်အခါ သက်လုံကောင်းကြသည့် မြန်မာလူငယ်တို့၏ မျိုးချစ်စိတ်ဓာတ်ကို တွေ့မြင်လိုက်ရသည်။ ပြည်သူ့စစ်မှုထမ်းသင်တန်းများကလည်း လူငယ်များ၏စွမ်းအားဖြင့် အောင်မြင်စွာဖွင့်လှစ်သင်ကြားနေပြီဖြစ်သည်။❖**

**အမျိုးသားရေးမို့**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ-၃၈၃ တွင် "နိုင်ငံသားတိုင်းသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို စောင့်ထိန်းရန် တာဝန်ရှိသည်"ဟု ပြဋ္ဌာန်းထားသည်။ ပုဒ်မ-၃၈၅ တွင် "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏တာဝန်ဖြစ်သည်"ဟု ပြဋ္ဌာန်းထားသည်။ ပုဒ်မ-၃၈၆ တွင် "နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိသည်"ဟု ပြဋ္ဌာန်းထားသည်။ မျိုးဆက်သစ်လူငယ်များအနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်မည့်အခွင့်အရေးတစ်ရပ်ပင်ဖြစ်သည်။

မြန်မာလူမျိုးတို့သည် ခေတ်အဆက်ဆက်တွင် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည်။ ပြည်သူ့စစ်မှုထမ်းဥပဒေ ပြဋ္ဌာန်းလိုက်သည့်အချိန်တွင် နိုင်ငံတချို့၏သွေးထိုးနှောင့်ယှက်မှုများ ရင်ဆိုင်ကြုံတွေ့ခဲ့ရသော်လည်း နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် ပေးဆပ်ရန်အသင့်ရှိနေပြီး အရေးကြုံသည့်အခါ သက်လုံကောင်းကြသည့် မြန်မာလူငယ်တို့၏ မျိုးချစ်စိတ်ဓာတ်ကို တွေ့မြင်လိုက်ရသည်။ ပြည်သူ့စစ်မှုထမ်းသင်တန်းများကလည်း လူငယ်များ၏စွမ်းအားဖြင့် အောင်မြင်စွာဖွင့်လှစ်သင်ကြားနေပြီဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းသင်တန်း စတင်ဖွင့်လှစ်ရန် ပြင်ဆင်လိုက်သည့်အချိန်တွင် မနာလိုဝန်တိုသူများက မည်မျှပင်ဖျက်လိုဖျက်ဆီးပြုကြသည်ဖြစ်ပါစေ မြန်မာလူငယ်များကား ပြည်သူ့စစ်မှုထမ်းသင်တန်းအတွက် အမည်စာရင်းမပြုစုရသေးခင်ကပင် ကိုယ်တိုင်စာရင်းပေးကာ စည်းလုံးညီညွတ်မှုကို ပြလိုက်သည်။

**ကြုံလာသည့် အန္တရာယ်များကိုရင်ဆိုင်ဖို့**

နိုင်ငံရေးနယ်ပယ်၊ စစ်ရေးနယ်ပယ်၊ လူမှုရေးနယ်ပယ်၊ သိပ္ပံနှင့်နည်းပညာနယ်ပယ်၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာနယ်ပယ်၊ နိုင်ငံတကာရေးရာနှင့် သံတမန်ဆက်ဆံရေးနယ်ပယ် စသည့် နယ်ပယ်မျိုးစုံမှ ဝင်ရောက်လာနိုင်သည့် နိုင်ငံတော်လုံခြုံရေးကို ထိခိုက်စေနိုင်သည့် ပြုမူဆောင်ရွက်မှုများကို ဆောင်ရွက်ကြမည့်နိုင်ငံများကလည်း အချိန်မရွေးပေါ်ပေါက်လာနိုင်သည်။ စစ်ရေးမဟုတ်သောဘက်စုံလုံခြုံရေးရှုထောင့်ကနေလည်း ပြင်ဆင်ထားရန်လိုအပ်သည်။ ပြည်သူ့စစ်မှုထမ်းဥပဒေအရ စစ်ပညာသင်ကြား၍ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်မည့် မျိုးဆက်သစ်လူငယ်များသည် ကာကွယ်ရေးပညာရပ်များအပြင် စီးပွားရေး၊ အုပ်ချုပ်ရေး၊ နိုင်ငံရေး၊ လူမှုရေး စသည့် ပညာရပ်များကို သင်ကြားတတ်မြောက်လာခြင်းဖြင့် လုံခြုံရေးအရ ခြိမ်းခြောက်လာနိုင်သည့် အန္တရာယ်များကို ရင်ဆိုင်လာနိုင်မည်ဖြစ်သည်။

အစိုးရ၊ ပြည်သူ၊ တပ်မတော်တို့အကြားသွေးခွဲ၍ နိုင်ငံရေးတည်ငြိမ်မှုပျက်ပြားစေရန် ဖန်တီးမှုများ၊ ပြည်တွင်းလက်နက်ကိုင်များကိုပံ့ပိုးကာ အိမ်ကြက်ချင်းအိုးမဲသုတ်၍ ရန်တိုက်သည့်လုပ်ရပ်များ၊ ဘာသာရေးအသွင်ဆောင်၍ လှုံ့ဆော်မှုများ စသည့်နိုင်ငံတကာ ခြိမ်းခြောက်မှုများကိုလည်း ကြုံတွေ့ရနိုင်သည်။ စစ်ရေးနယ်ပယ်တွင်လည်း ပြည်တွင်းလက်နက်ကိုင်တိုက်ခိုက်မှုများကို ဖန်တီးပေးခြင်း၊ လက်နက်ကိုင်အဖွဲ့များသို့ စစ်ရေးပံ့ပိုးမှုများ၊ လက်နက်အသစ်အဆန်းများ ပံ့ပိုးပေးခြင်းများဖြင့် စစ်ရေးအရစော်ကားနေမှုများကိုလည်း လက်တုံ့ပြန်ရန်လိုအပ်သည်။ အမျိုးသားရေးစိတ်ဓာတ်များ လျော့နည်းလာစေရေး သွေးထိုးမှုများ၊ NGO အမည်ခံ၍ နိုင်ငံရေးနယ်ပယ်သို့ ဝင်ရောက်စွက်ဖက်မှုများ၊ ဘာသာရေးကွဲပြားမှုကို အခွင့်ကောင်းယူ၍ ပဋိပက္ခများကို ဖန်တီးမှုများဖြင့် လူမှုရေးနယ်ပယ်တွင်လည်း ဝင်ရောက်စွက်ဖက်မှုများရှိလာနိုင်သည်။

**အမျိုးမျိုးသော နှောင့်ယှက်မှုများ**

စီးပွားရေးနယ်ပယ်တွင်လည်း တရားမဝင်စီးပွားရေးလုပ်ငန်းများကို ဖန်တီးပံ့ပိုးပေးခြင်း၊ စီးပွားရေးအရ ပိတ်ဆို့မှုများဆောင်ရွက်ခြင်း စသည့် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်ကထိုးနှက်တိုက်ခိုက်နေမှုများကို ရင်ဆိုင်ရန်လိုအပ်သည်။ သိပ္ပံနှင့်နည်းပညာနယ်ပယ်တွင်လည်း လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသည့် နည်းပညာများထက် အဖျက်အမှောင့်လုပ်ငန်းများအတွက် နည်းပညာများပံ့ပိုးပေးခြင်း၊ မီဒီယာကိုအသုံးပြု၍ သွေးထိုးနှောင့်ယှက်ခြင်းတို့ဖြင့်လည်း မြန်မာ့နိုင်ငံရေးကို အရောင်ဆိုးလိုကြသည်။ သံတမန်ရေးရာနှင့် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင်လည်း မြန်မာနိုင်ငံပြည်တွင်းရေးကို ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးကိုအကြောင်းပြ၍ မဟုတ်မမှန်ပြောဆိုနေကြသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို မလိုလားသည့် နိုင်ငံများက ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူ(၅)ချက်ကို လိုက်နာရန်ပျက်ကွက်ကြသည်။ မည်သူက မည်သို့ဆောင်ရွက်စေကာမူ "ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်"ဆိုသည့် စကားနှင့်အညီ နိုင်ငံတော်လုံခြုံရေးနှင့်ကာကွယ်ရေး လုပ်ငန်းတာဝန်များကို နိုင်ငံ့ဝန်ထမ်းများအပါအဝင် အဆင့်မြင့်အရာရှိများနှင့် ပြည်သူလူထုအားလုံး ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန်လိုအပ်သည်။ အခက်အခဲကြားမှ လက်တွဲထားကြသည့်တွဲလက်များ ခိုင်မာအားကောင်းစေရေးအတွက် မျိုးဆက်သစ်လူငယ်များနှင့်တပ်မတော်တို့သည် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံဆောင်ရွက်နိုင်ကြပါစေကြောင်း ရည်ရွယ်တင်ပြလိုက်ရသည်။

**ကိုးကား**

**- နေ့စဉ်ထုတ်သတင်းစာများ၊**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက် နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကိုဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့်ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၂၀၃၅ ဧက ရိတ်သိမ်းပြီးစီး



**မုံရွာ နိုဝင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၂၀၃၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၁၇၈၅ ဧကနှင့် ဖူးစားပြောင်း ဧက ၂၅၀ စုစုပေါင်း ၂၀၃၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပြောင်းစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှစတင် ရိတ်သိမ်းခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၁၇၈၅ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၄၃ ဒသမ ၂၃ တင်း၊ ဖူးစားပြောင်းဧက ၂၅၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ပြောင်းဖူးရေ ၁၅၀၀၀ ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ၂၀၃၅ ဧက စိုက်ပျိုးထားပါတယ်။ လက်ရှိ စိုက်ပျိုးထားတဲ့ ပြောင်းခင်းဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ အောင်မြင်ဖြစ်ထွန်းဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု မုံရွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ပေးခြင်း၊ ဖောင်မြောင်တောင်ပိုးကြိုတင်ကာကွယ်ရေး စသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မုံရွာမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက်ပျိုးရာတွင် အစေ့ထုတ်ပြောင်း တစ်ဧကလျှင် တင်း ၄၀ ခန့် ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ် ငါးသိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း၊ ဖူးစားပြောင်းတစ်ဧကလျှင် ပြောင်းဖူးရေ ၁၅၀၀၀ ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ် ငါးသိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

(၂၀၆)

# ကြံခင်းမြို့နယ် ကျောက်မှော်ကုန်းကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ကြံခင်း နိုဝင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ထန်းတပင်ကျေးရွာအုပ်စု ကျောက်မှော်ကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးနှင့် တာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း အဖွဲ့ဝင်များနှင့်အတူ ကျောက်မှော်ကုန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ကြံခင်းမြို့နယ် ကျောက်မှော်ကုန်းကျေးရွာ၌ တစ်ဖက်လျှင် အရှည်ပေ ၁၂၀၀၊ အကျယ် သုံးပေ၊ အမြင့် ခြောက်လက်မစီရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ် ၁၅ သိန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ခုနစ်သိန်း စုစုပေါင်း ငွေကျပ် ၂၂ သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် ဇူလိုင်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သံသာ**

# ဥရောပအခြေစိုက် ရင်းနှီးမြှုပ်နှံမှုဘဏ်က ရေကြီးမှုဒဏ်ခံခဲ့ရသော စပိန်နိုင်ငံကို ယူရို သန်း ၉၀၀ ပံ့ပိုးမည်



**မက်ဒရစ် နိုဝင်ဘာ ၇**

ဥရောပအခြေစိုက် ရင်းနှီးမြှုပ်နှံမှုဘဏ်က ရေကြီးမှုဒဏ်ခံခဲ့ရသောစပိန်နိုင်ငံကို ယူရို သန်း ၉၀၀ ပံ့ပိုးမည်ဟု ယနေ့တွင် ကြေညာခဲ့ကြောင်း သိရသည်။

စပိန်နိုင်ငံ ဗလင်စီယာအရှေ့ပိုင်းတွင် ပြီးခဲ့သည့်ရက်သတ္တပတ်က ရုတ်တရက်ရေကြီးမှုများနှင့် ရင်ဆိုင်ခဲ့ရပြီးနောက် လက်ရှိ ဆောင်ရွက်နေသည့် စပိန်နိုင်ငံ၏ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေး ကြိုးပမ်းမှုများကို ကူညီရန်အတွက် ဥရောပရင်းနှီးမြှုပ်နှံမှုဘဏ်က ယူရိုသန်း ၉၀၀ ပံ့ပိုးမည်ဖြစ်သည်ဟု ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။

စပိန်နိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် ရေကြီးမှုသည် နိုင်ငံ့သမိုင်းတွင် အဆိုးရွားဆုံး ရေလွှမ်းမိုးမှုဖြစ်ပြီး အဆိုပါ သဘာဝဘေးဒဏ်ကို ရင်ဆိုင်ခဲ့ရသည့် စပိန်နိုင်ငံအာဏာပိုင်များကို ပံ့ပိုးငွေ ယူရိုသန်း ၉၀၀ ပံ့ပိုးမည့်အစီအစဉ်အပြင် လိုအပ်ပါက နောက်ထပ်အကူအညီပေးရေးအစီအမံများ ပံ့ပိုးပေးရန် အဆင်သင့်ရှိသည်ဟု ဥရောပအခြေစိုက် ရင်းနှီးမြှုပ်နှံမှုဘဏ်၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း သိရသည်။

စပိန်နိုင်ငံတွင် ရေကြီးမှုကြောင့် လူပေါင်း ၂၁၇ ဦးထက် မနည်းသေဆုံးခဲ့ပြီး ၉၀ ခန့် ပျောက်ဆုံးနေဆဲ ဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

# ပန်ဂျပ်ပြည်နယ်တွင် လေထုညစ်ညမ်းမှုကြောင့် စာသင်ကျောင်းများကို ယာယီပိတ်ထား

**အစ္စလာမ်မာဘတ် နိုဝင်ဘာ ၇**

ပါကစ္စတန်နိုင်ငံ ပန်ဂျပ်ပြည်နယ်တွင် နေရာအနှံ့အပြားမီးခိုးငွေ့များဖုံးလွှမ်းနေပြီး လေထုညစ်ညမ်းမှု ဖြစ်ပေါ်နေသည့်အတွက် နိုဝင်ဘာ ၆ ရက်မှစ၍ စာသင်ကျောင်းများကို ယာယီပိတ်ထားကြောင်း ပန်ဂျပ်ပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

စာသင်ကျောင်းများကို နိုဝင်ဘာ ၆ ရက်မှ ၁၇ ရက်ထိ ယာယီပိတ်ထားမည်ဖြစ်ပြီး ပိတ်ထားသောကာလအတွင်း သင်ခန်းစာများကို Online မှတစ်ဆင့် သင်ကြားစေမည်ဖြစ်ကြောင်း၊ ပန်ဂျပ်ပြည်နယ်တွင် လူဦးရေ သန်း ၂၄၀ ထိရှိပြီး ၎င်းလူဦးရေ၏ထက်ဝက်ခန့်မှာ လေထုညစ်ညမ်းမှုဖြစ်ပေါ်နေသောဇရိယာတွင် နေထိုင်ကြောင်း၊ ပန်ဂျပ်ပြည်နယ်အတွင်း မီးခိုးငွေ့များ ဖုံးလွှမ်းနေခြင်းမှာ ရုပ်ကြွင်းလောင်စာသုံးသက်တမ်းရင့် မော်တော်ယာဉ်များမှလည်းကောင်း၊ ရာသီအလိုက်စိုက်ခင်းများပြုလုပ်ရန်အတွက် မြေနေရာရှင်းလင်းရာတွင် မီးရှို့ရှင်းလင်းခြင်းကြောင့် ထွက်ပေါ်လာသော မီးခိုးငွေ့များကြောင့်လည်းကောင်း လေထုညစ်ညမ်းမှုဖြစ်ပေါ်နေခြင်း ဖြစ်ကြောင်း ပန်ဂျပ်ပြည်နယ် အာဏာပိုင် အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"လေထုညစ်ညမ်းမှုနှုန်းက ကျန်းမာရေးကို ထိခိုက်စေနိုင်တဲ့ အဆင့်ဖြစ်နေတယ်။ အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ထားတယ်။ စာသင်ကျောင်းတွေကို ယာယီပိတ်ထားပြီး အစိုးရရုံးတချို့ကိုလဲ ယာယီပိတ်ထားပါတယ်။ မလိုအပ်ဘဲအပြင်ကိုသွားလာတာမပြုကြဖို့လဲ ညွှန်ကြားထားပါတယ်"ဟု ပန်ဂျပ်ပြည်နယ်အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ မာရီယမ်က ပြောကြားခဲ့သည်။

လေထုညစ်ညမ်းမှုကြောင့် အစိုးရရုံးတချို့ကိုလည်း ယာယီပိတ်ထားပြီး ဝန်ထမ်းများကိုလည်း တစ်ဝက်ရုံးတက် တစ်ဝက်ကို Work from Home စနစ်ဖြင့် အလှည့်ကျ အလုပ်လုပ်ကိုင်သွားရန် ပန်ဂျပ်ပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက ညွှန်ကြားထားကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# ကျူးဘားနိုင်ငံသို့ ရာဖေးလ်ဟာရီကိန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ပြီး လျှပ်စစ်မီးပြတ်တောက်မှုများဖြင့်ရင်ဆိုင်နေရ

**ဟာဗားနား နိုဝင်ဘာ ၇**

ရာဖေးလ်ဟု အမည်ပေးထားသော ဟာရီကိန်းမုန်တိုင်းသည် နိုဝင်ဘာ ၄ ရက်မှစ၍ ကျူးဘားနိုင်ငံအတွင်းသို့ ဝင်ရောက်တိုက်ခတ်နေပြီး မုန်တိုင်းကြောင့်သစ်ပင်များနှင့်ဓာတ်တိုင်များ လဲကျခဲ့သည့်အတွက် ကျူးဘားနိုင်ငံအနောက်ဘက်ခြမ်းရှိ ဒေသအားလုံးနီးပါး လျှပ်စစ်မီးပြတ်တောက်မှုဖြင့်ရင်ဆိုင်နေရကြောင်း ကျူးဘားအစိုးရက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ရာဖေးလ်ဟာရီကိန်းမုန်တိုင်းကြောင့် လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၉၉ မိုင်နှုန်းဖြင့်တိုက်ခတ်ခဲ့ပြီး မုန်တိုင်းအားကောင်းခဲ့သလို ဟာရီကိန်းမုန်တိုင်း အဆင့် ၃ ထိ သတ်မှတ်ခဲ့ပြီး အသက်အန္တရာယ်ကိုခြိမ်းခြောက်နိုင်သည့် အဆင့်ဖြစ်ကြောင်း အမေရိကန်အမျိုးသား ဟာရီကိန်းစင်တာက နိုဝင်ဘာ ၆ ရက်တွင် သတိပေးချက် ထုတ်ပြန်ခဲ့ကြောင်း၊ မုန်တိုင်းကြောင့် လူဦးရေ ၇၀၀၀၀ ကျော်ထိ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရကြောင်း သိရသည်။



"ရာဖေးလ်ဟာရီကိန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့တဲ့ ဒေသတွေမှာ ဓာတ်တိုင်တွေလဲကျခဲ့တဲ့အတွက် လျှပ်စစ်မီးပြတ်တောက်မှုတွေဖြစ်ပေါ်နေပါတယ်။ လေတိုက်နှုန်းတွေကလဲ အန္တရာယ်ရှိတဲ့အတွက် လျှပ်စစ်မီးပြတ်တောက်နေတဲ့ဒေသတွေ လျှပ်စစ်မီးရရှိအောင် ပြန်လည်ပြင်ဆင်ပေးဖို့ အခက်အခဲ ရှိနေပါတယ်"ဟု လျှပ်စစ်မီး ဖြန့်ဝေပေးနေသည့် Union Electrica ကုမ္ပဏီမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# ကနေဒါနိုင်ငံတွင် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ပျားများ၏လုပ်ဆောင်ပုံ စောင့်ကြည့်ခြင်းဖြင့် သိနိုင်ကြောင်း ပျားမွေးမြူသူများပြောကြားထား

**အော့တဝါ နိုဝင်ဘာ ၇**

ကနေဒါနိုင်ငံတွင် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ပျားများ၏ လုပ်ဆောင်ပုံကို စောင့်ကြည့်ခြင်းဖြင့် သိနိုင်ကြောင်း ပျားမွေးမြူသူများက ပြောကြားထားကြောင်း ယနေ့သတင်းများအရ သိရသည်။

ကနေဒါနိုင်ငံတွင် ပျားမွေးမြူသူ ၁၃၀၀၀ ကျော်ရှိပြီး ပြည်နယ်တိုင်းတွင် ပျားအုံပေါင်း ၁၀ သိန်းခန့်ရှိကြောင်း၊ နိုင်ငံတစ်ဝန်းရှိ အဆိုပါပျားအုံများမှ တစ်နှစ်လျှင် ပျားရည် ကီလိုဂရမ် သိန်း ၄၀၀ ထွက်ရှိကြောင်း သိရသည်။

ပျားများသည် ၎င်းတို့နေထိုင်ရာ ပျားအုံအနီးရှိ ပန်းများမှ ဝတ်ရည်၊ ဝတ်မှုန်နှင့် ရေတို့ကို စုဆောင်းကြကြောင်း၊ ပန်းများသည် ၎င်းတို့ရှင်သန်ပွင့်လန်းရန် အတွက် မြေဆီလွှာ၊ ရေနှင့်လေတို့ ကဲ့သို့ အရင်းအမြစ်များကို စုပ်ယူရှင်သန်ကြရကြောင်း၊ ညစ်ညမ်းသော မြေဆီလွှာ၊ ရေနှင့် လေတို့ကဲ့သို့ အရင်းအမြစ်များကို စုပ်ယူရှင်သန်သောပန်းများမှ ဝတ်ရည်၊ ဝတ်မှုန်များကို ပျားများကမစုပ်ယူကြကြောင်း၊ ထိုအခါပျားများ၏ ပျားရည်ထုတ်လုပ်မှုနှုန်းကျဆင်းလာကြောင်း ပျားမွေးမြူသူများက ပြောကြားထားသည်။

ထို့ကြောင့် ပျားမွေးမြူသူများသည် ပျားများပျားရည်ထုတ်လုပ်မှုနှုန်းနှင့် ပျားများ၏ပျားအိမ်ရွှေ့ပြောင်းမှုကဲ့သို့ ပျားများ၏လုပ်ဆောင်ပုံကိုမူတည်ပြီး ပတ်ဝန်းကျင်ညစ်ညမ်းမှုကို သိနိုင်ကြောင်း ကနေဒါနိုင်ငံမှ ပျားမွေးမြူသူများက ဆိုထားခြင်းဖြစ်သည်။

Ref : Sputnik News
Trs : KZ

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ**
**သာယာလှပ စိမ်းမြမြ**

# အင်ဒိုနီးရှားနိုင်ငံ လာကီ-လာကီမီးတောင်၏အန္တရာယ်ဇရိယာအနီးတွင် နေထိုင်သူများကို နေရပ်အပြီးစွန့်ခွာရန် အစိုးရညွှန်ကြားခဲ့

**ဂျကာတာ နိုဝင်ဘာ ၇**

အင်ဒိုနီးရှားနိုင်ငံ ဖလော်ရက်စ်ကျွန်းရှိ လာကီ-လာကီမီးတောင်အနီးတွင် နေထိုင်သောဒေသခံများကို နေရပ်ကိုအပြီးတိုင်စွန့်ခွာရန် ဖလော်ရက်စ်ကျွန်းအာဏာပိုင်အဖွဲ့အစည်းက ညွှန်ကြားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

လာကီ-လာကီမီးတောင်သည် နိုဝင်ဘာ ၃ ရက်က ပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီး လူ ကိုးဦးသေဆုံးခဲ့သလို လူနေအိမ်အမြောက်အမြားလည်းပျက်စီးခဲ့ကြောင်း၊ မီးတောင်အနီးပတ်ဝန်းကျင်ရှိ ကျေးလက်ဒေသများတွင် နေထိုင်သူ ဦးရေ ၁၆၀၀၀ ကျော်ရှိပြီး ၎င်းအနက် နေရပ်ကို အပြီးတိုင်စွန့်ခွာရမည့် လူဦးရေကို အင်ဒိုနီးရှားအစိုးရအဖွဲ့က စိစစ်နေဆဲဖြစ်ကြောင်း ဖလော်ရက်စ်ကျွန်း အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"လာကီ-လာကီ မီးတောင်ဟာ ကာလရှည်တည်ငြိမ်နေရာကနေ နိုဝင်ဘာ ၃ ရက်မှာ ပေါက်ကွဲမှု ဖြစ်ပွားခဲ့ပါတယ်။ ဒေသခံတွေကိုတော့ဘေးလွတ်ရာ ရွှေ့ပြောင်းပေးထားပါတယ်။ အခြေအနေပေါ်မူတည်ပြီးတော့ ဒေသခံတချို့နေရပ်ကို ပြန်ခွင့်ပြုမယ်။ ဒါပေမဲ့လဲ ဒေသခံတချို့ကတော့ နေရပ်ကို အပြီးတိုင်စွန့်ခွာရလိမ့်မယ်"ဟု ဖလော်ရက်စ်ကျွန်း အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ဆူဟာယန်တိုက ပြောကြားခဲ့သည်။

လက်ရှိ ဒေသခံများမှာ မီးတောင်ပေါက်ကွဲမှုကြောင့် နေရပ်ကိုစွန့်ခွာ၍ ယာယီကယ်ဆယ်ရေးစခန်းတွင် နေရာချပေးထားဆဲဖြစ်ကြောင်း၊ ဒေသခံတချို့ကို မီးတောင်ပေါက်ကွဲမှုအခြေအနေ တည်ငြိမ်သွားပါက နေရပ်ကို ပြန်ခွင့်ပြုမည် ဖြစ်သော်လည်း မီးတောင်အန္တရာယ်ဖြင့် ထပ်မံရင်ဆိုင်ရနိုင်သော ဇရိယာအတွင်း နေထိုင်သော ဒေသခံများမှာ နေရပ်ကို အပြီးတိုင်စွန့်ခွာရတော့မည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

# စနေနေ့ညကစားမဲ့ ဥရောပအမှတ်ပေးပြိုင်ပွဲမှာ အရန်ကစားသမားစုဖွဲ့မှုပိုကောင်းနေတဲ့ ပဲလေ့စ်အသင်း၊ လိုက်ပ်ဇစ်အသင်း၊ ဆီဗီလာအသင်းတို့ကို အားပေးရမှာပါ



စနေနေ့ညမှာကစားမဲ့ ဥရောပအမှတ်ပေးပွဲစဉ်တွေဟာ ခြေရည်တူအသင်းတွေ တွေ့ဆုံနေတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာမှာသေချာပါတယ်။ ပြီးခဲ့တဲ့ရက်သတ္တပတ်က ကစားခဲ့တဲ့ အမှတ်ပေးပွဲမှာတော့ ခြေရည်တူအသင်းတွေထဲမှာ အိမ်ကွင်းအားသာချက်ရှိတဲ့ အသင်းတွေက ရမှတ်စုဆောင်းနိုင်ခဲ့ကြတာကို တွေ့ရမှာပါ။ အများအားဖြင့် ဆောင်းကာလပွဲစဉ်တွေဟာ ကစားသမားတွေဒဏ်ရာရ ပွဲပန်းမှုတွေများတာကြောင့် အရန်ကစားသမားကောင်းရှိတဲ့ အသင်းတွေက အမြဲတမ်းရလဒ်ကောင်းတွေ ရရှိတာဖြစ်ပါတယ်။ လာမဲ့စနေနေ့ညမှာလဲ ခြေရည်တူအသင်းတွေထဲက အရန်ကစားသမားပိုကောင်းတဲ့ အသင်းတွေကိုသာ အားပေးရမှာဖြစ်ပါတယ်။

## ပဲလေ့စ်အသင်းနဲ့ လက်တွဲရမှာပါ

ပရီးမီးယားလိဂ် ပွဲစဉ်(၁၁) မှာအကြိုက်တွေ့မိတာကတော့ ပဲလေ့စ်အသင်းနဲ့ ဖူလ်ဟမ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ပဲလေ့စ်အသင်းဟာ နည်းပြဂလက်စ်နာလက်ထက်မှာ ပုံစံကောင်းရဖို့ ရုန်းကန်ခဲ့ရပေမဲ့ စပါးအသင်းကို အနိုင်ရပြီးနောက်ပိုင်းမှာ ယုံကြည်မှုပိုင်းမြင့်တက်သွားတာကြောင့် နောက်ဆုံးသုံးပွဲဆက် ရှုံးပွဲမရှိခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ အမှတ်ပေးပွဲ ၁၀ ပွဲအပြီးမှာ တစ်ပွဲနိုင်၊ လေးပွဲသရေ၊ ငါးပွဲရှုံးရလဒ်ကြောင့် ရမှတ်ခုနစ်မှတ်နဲ့ အဆင့်(၁၇) မှာ ရောက်နေတာဖြစ်ပါတယ်။ လက်ရှိမှာ ပုံစံကောင်းပြန်ရခဲ့ပေမဲ့ တန်းဆင်းဇုန်ဖိအားအောက်ကျရောက်နေတာကြောင့် ရမှတ်လိုအပ်ချက်ရှိနေဆဲဖြစ်လို့ အခုပွဲစဉ်ကိုလဲ နိုင်ပွဲရဖို့ ကြိုးစားလာမှာသေချာပါတယ်။ ပွဲစဉ်(၉) စပါးနဲ့ပွဲစဉ်မှာ ပြိုင်ဘက်ရဲ့ ဖိအားပေးမှုကိုသာ ဆက်တိုက်ခံရပေမဲ့ ထိရောက်တဲ့ ဂိုးပေါက်ခြိမ်းခြောက်မှုကတော့ ပဲလေ့စ်အသင်းက အသာရခဲ့ပြီး လိုအပ်တဲ့အနိုင်သုံးမှတ်ကိုရယူနိုင်ခဲ့တာကိုတွေ့ရမှာပါ။ အထူးသဖြင့် တိုက်စစ်ပိုင်းမှာ အားကောင်းတဲ့ မာတီတာဦးဆောင်လာချိန်မှာ ပြိုင်ဘက်ခံစစ်ကြောင်းက အမြင့်ဘောနဲ့ အဝေးကန်ချက်တွေကို ထိန်းချုပ်ရခက်လာပြီး ပဲလေ့စ်အသင်းရဲ့ ဦးဆောင်မှုကိုခံလိုက်ရတာကြောင့် အခုပွဲစဉ်မှာလဲ ဖူလ်ဟမ်လိုခြေရည်တူအသင်းကို ဖိအားပေးနိုင်မှာဖြစ်ပါတယ်။

ဖူလ်ဟမ်အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံငါးပွဲမှာနှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာအမှတ်ပေးပွဲ ၁၀ ပွဲအပြီးမှာ လေးပွဲနိုင်၊ သုံးပွဲသရေ၊ သုံးပွဲရှုံးရလဒ်ကြောင့်ရမှတ် ၁၅ မှတ်ရရှိခဲ့ပြီး အဆင့်(၉) မှာရောက်ရှိနေတာဖြစ်ပါတယ်။ သူတို့အသင်းဟာ လက်ရှိနည်းပြဆေးဗားနဲ့ အသားကျနေတာကြောင့် ကစားကွက်ပိုင်းအပြစ် ပြောစရာမရှိပေမဲ့ တိုက်စစ်ပိုင်းမှာတော့ ဂျီမီနက်ဇ်၊ နယ်လ်ဆန်နဲ့ အီဝိုဘီတို့ ပါဝင်ကစားနေပေမဲ့ ဂျီမီနက်ဇ်တစ်ဦးသာ အထောင်တိုက်စစ်မှူးဖြစ်တာကြောင့် ခံစစ်ကောင်းတဲ့အသင်းတွေနဲ့ဆို ဂိုးရဖို့ခက်ခဲနေတာဖြစ်ပါတယ်။ လက်ရှိမှာ ဂျီမီနက်ဇ်က လေးဂိုးထိသွင်းယူထားပေမဲ့ နောက်ဆုံးကစားခဲ့တဲ့လေးပွဲမှာ သွင်းဂိုးတစ်ဂိုးသာ သွင်းယူနိုင်ခဲ့တဲ့ ခြေစွမ်းကတော့ အားရစရာမရှိပါဘူး။ လက်ရှိမှာလဲ နယ်လ်ဆန်နဲ့ အီဝိုဘီတို့ ပုံမှန်ဂိုးသွင်းခြေစွမ်းပျောက်ဆုံးနေတာကြောင့် အသင်းလိုက် ကစားအားပြန်ကောင်းလာတဲ့ ပဲလေ့စ်အသင်းနဲ့ လက်တွဲရမှာပါ။

**ပဲလေ့စ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ပဲလေ့စ် | ၀ | - | ၁ | လီဗာပူး |
| နော်တင်ဟမ် | ၁ | - | ၀ | ပဲလေ့စ် |
| ပဲလေ့စ် | ၁ | - | ၀ | စပါး |
| အေဗီလာ | ၁ | - | ၂ | ပဲလေ့စ် |
| ဝုဗ် | ၂ | - | ၂ | ပဲလေ့စ် |

**ဖူလ်ဟမ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| နော်တင်ဟမ် | ၀ | - | ၁ | ဖူလ်ဟမ် |
| မန်စီးတီး | ၃ | - | ၂ | ဖူလ်ဟမ် |
| ဖူလ်ဟမ် | ၁ | - | ၃ | အေဗီလာ |
| အဲဗာတန် | ၁ | - | ၁ | ဖူလ်ဟမ် |
| ဖူလ်ဟမ် | ၂ | - | ၁ | ဘရန့်ဖို့ဒ် |

## လိုက်ပ်ဇစ်အသင်းကို ရွေးချယ်ရမှာပါ

ဘွန်ဒက်လီဂါပွဲစဉ်(၁၀) မှာ အကြိုက်တွေ့မိတာကတော့ လိုက်ပ်ဇစ်အသင်းနဲ့ ဂလာဘတ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းပြီးခဲ့တဲ့ရာသီတွေ့ဆုံမှုမှာတော့ လိုက်ပ်ဇစ်အသင်းကပဲ နှစ်ကျော့စလုံးအနိုင်ရခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိမှာလဲ လိုက်ပ်ဇစ်အသင်းဟာ ချန်ပီယံဆုကို စိန်ခေါ်နိုင်စွမ်းရှိနေပြီး နောက်ဆုံးအမှတ်ပေးပွဲမှာ ဒေါ့မွန်ကိုရှုံးခဲ့တာကြောင့် အမှတ်ပေးဇယားထိပ်ကဘိုင်ယန်နဲ့ ရမှတ်သုံးမှတ် ကွာဟသွားတာဖြစ်ပါတယ်။ လိုက်ပ်ဇစ်အသင်းဟာ အခုရာသီမှာ တိုက်စစ်ကစားပုံအားနည်းသွားပေမဲ့ ခံစစ်ပိုင်းမှာတော့ တည်ငြိမ်မှုပိုကောင်းလာတာကိုတွေ့ရမှာပါ။ လက်ရှိမှာ ခံစစ်ပိုင်းက လူကီဘာ ဒဏ်ရာရနေတာကြောင့် သူမပါနိုင်တဲ့ပွဲတွေမှာ ပေးဂိုးများလာတာကြောင့် နည်းပြမားကိုရို့စ်အနေနဲ့ ကြိုတင်ပြင်ဆင်မှုတွေပြုလုပ်နေတာကိုတွေ့ရမှာပါ။ ဂလာဘတ်အသင်းဟာ ကြားရက်က ဥရောပပြိုင်ပွဲမှာ ရလဒ်ပိုင်းဆိုးရွားခဲ့တာကြောင့် အခုပွဲစဉ်မှာ နိုင်ပွဲပြန်ယူပြီး အသင်းရဲ့ယုံကြည်မှုကို ပြန်လည်တည်ဆောက်မှာဖြစ်လို့ ဂလာဘတ်အသင်းအနေနဲ့ ထိန်းချုပ်ဖို့ခက်ခဲမှာ သေချာပါတယ်။

ဂလာဘတ်အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့အမှတ်ပေးပွဲမှာ ဝုဖ်ဘတ်အသင်းကို လေးဂိုးတစ်ဂိုးနဲ့ အနိုင်ရခဲ့တာကြောင့် အိမ်ကွင်းတိုက်စစ်ပိုင်းထက်မြက်လာတယ်လို့ ဆိုရမှာပါ။ သူတို့အသင်းဟာ ပွဲစဉ်ကိုးပွဲကစားအပြီးမှာတော့ လေးပွဲနိုင်၊ တစ်ပွဲသရေ၊ လေးပွဲရှုံးရလဒ်ကြောင့် ရမှတ် ၁၃ မှတ်နဲ့ အဆင့်(၉) မှာ ရောက်ရှိနေတာဖြစ်ပါတယ်။ ဂလာဘတ်အသင်းဟာ အဝေးကွင်းလေးပွဲမှာ တန်းဆင်းဇုန်က ဘိုချမ်တစ်သင်းကိုသာ အနိုင်ရခဲ့သလိုတိုက်စစ်ပိုင်းကလဲ လေးဂိုးသာ သွင်းယူနိုင်ခဲ့တာကို သတိပြုရမှာပါ။ ဒါကြောင့် အဝေးကွင်းရောက်ရင် ဂလာဘတ်အသင်းတိုက်စစ်ဟာ ပုံမှန်ခြေစွမ်းအောက်ကျရောက်သွားတာဖြစ်လို့ ပြိုင်ဘက်ရဲ့ဖိအားပေးမှုကိုသာခံခဲ့ရပြီး ရလဒ်ဆိုးရွားခဲ့တာဖြစ်ပါတယ်။ ကစားသမားစုဖွဲ့မှုကလဲ ထိပ်တန်းအဆင့် ကစားသမားနည်းပါးတာကြောင့် လိုက်ပ်ဇစ်အသင်းနဲ့ယှဉ်ရင် အဘက်ဘက်က အားနည်းချက်ရှိနေတာဖြစ်ပါတယ်။ လက်ရှိအကျောပေးမှုကလဲ လိုက်ပ်ဇစ်က တစ်ဂိုးနဲ့နိုင်ရင်တောင် ပျော်ခွင့်မရတဲ့အခြေအနေက အိမ်ရှင်အနည်းဆုံးတစ်ဂိုးအသာနဲ့ နိုင်ပွဲရမှာဖြစ်လို့ လိုက်ပ်ဇစ်အသင်းကို ရွေးချယ်ရမှာပါ။

**လိုက်ပ်ဇစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လိုက်ပ်ဇစ် | ၀ | - | ၁ | လီဗာပူး |
| လိုက်ပ်ဇစ် | ၃ | - | ၁ | ဖရိုင်းဘတ် |
| လိုက်ပ်ဇစ် | ၄ | - | ၂ | စိန့်ပေါလီ |
| ဒေါ့မွန် | ၂ | - | ၁ | လိုက်ပ်ဇစ် |
| ဆဲလ်တစ် | ၃ | - | ၁ | လိုက်ပ်ဇစ် |

**ဂလာဘတ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဂလာဘတ် | ၅ | - | ၀ | အက်စီဗာလ် |
| ဂလာဘတ် | ၃ | - | ၂ | ဟီဒန်ဟိမ်း |
| မိန့်ဇ် | ၁ | - | ၁ | ဂလာဘတ် |
| ဖရန့်ဖတ် | ၂ | - | ၁ | ဂလာဘတ် |
| ဂလာဘတ် | ၄ | - | ၁ | ဝါဒါဘရီမင် |

## ဆီဗီလာအသင်းကို အားပေးရမှာပါ

လာလီဂါပွဲစဉ်(၁၃) မှာ အကြိုက်တွေ့မိတာကတော့ လီဂါနက်စ်နဲ့ ဆီဗီလာအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ လီဂါနက်စ်အသင်းဟာ အခုနှစ်မှ တန်းတက်လာတယ်ဆိုပေမဲ့ အသင်းလိုက် ကစားအားကောင်းနေတာကြောင့် အိမ်ကွင်းပွဲတွေမှာ ရလဒ်ကောင်းနေတာကို တွေ့ရမှာပါ။ ပွဲစဉ်(၁၃) အပြီးမှာနှစ်ပွဲနိုင်၊ ငါးပွဲသရေ၊ ငါးပွဲရှုံးရလဒ်ကြောင့် ရမှတ် ၁၁ မှတ်နဲ့ အဆင့်(၁၅) မှာ ရပ်တည်နေတာဖြစ်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာတော့ သုံးပွဲနိုင်၊ နှစ်ပွဲရှုံးရလဒ် ရရှိခဲ့ပေမဲ့ ခံစစ်ပိုင်းက ပေးဂိုးရှစ်ဂိုးထိရှိခဲ့တာကို တွေ့ရမှာပါ။ လီဂါနက်စ်အသင်းဟာ ခြေရည်တူအသင်းတွေနဲ့ဆို ဖိအားပေးကစားနိုင်ပေမဲ့ တိုက်စစ်အားကောင်းတဲ့ အသင်းတွေကိုတော့ ပေးဂိုးများပြီးရှုံးခဲ့တာဖြစ်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ အေတီကိုအသင်းနဲ့ပွဲမှာဆို သုံးဂိုးတစ်ဂိုး၊ ဂျီရိုနာနဲ့ပွဲမှာဆို လေးဂိုးသုံးဂိုးနဲ့ ပေးဂိုးများပြီး ရှုံးခဲ့တာကိုတွေ့ရမှာပါ။ နည်းပြ ဂျီမီနက်ဇ်ကတော့ ပြိုင်ဘက်ရဲ့ ကစားပုံကိုလိုက်ပြီး နည်းစနစ်ပြောင်းလဲနေပေမဲ့ တိုက်စစ်မှာ ပုံမှန်ဂိုးသွင်းခြေစွမ်းရှိတဲ့ ကစားသမားမျိုးမရှိတာကို သတိပြုရမှာပါ။ လက်ရှိမှာလဲ ဟော်လာအပါအဝင် ကစားသမားခြောက်ယောက်ထိ ဒဏ်ရာရနေတာကြောင့် ကစားကွက်ပိုင်းအားနည်းသွားနိုင်လို့ ကစားအားကျဆင်းသွားမှာ သေချာပါတယ်။

ဆီဗီလာအသင်းဟာ နည်းပြ ပီမီယန်တာကို ခန့်အပ်ပြီးနောက်ပိုင်း ရလဒ်ပိုင်းတည်ငြိမ်ဖို့ ကြိုးပမ်းနေရတာကြောင့် အမှတ်ပေးပွဲ ၁၃ ပွဲအပြီးမှာ လေးပွဲနိုင်၊ သုံးပွဲသရေ၊ ငါးပွဲရှုံးရလဒ် ထွက်ပေါ်ခဲ့တာကိုတွေ့ရမှာပါ။ နောက်ဆုံးကစားခဲ့တဲ့ပွဲမှာတော့ ဆိုစီဒက်အသင်းကိုအိမ်ကွင်းမှာ ကစားခဲ့ရပေမဲ့ ထိရောက်တဲ့ ဂိုးပေါက်ကန်သွင်းမှုတစ်ကြိမ်မှမလုပ်နိုင်ဘဲ ဦးဆောင်ဂိုးတွေပေးလိုက်ရပြီး ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။ ဆီဗီလာအသင်းဟာ အခုရာသီမှာ ထိပ်တန်းအဆင့် ကစားသမားအများအပြားမခေါ်နိုင်ပေမဲ့ အသင်းမှာ အီနာချို၊ လူကီဘာ ကီယို၊ ကိုကွန်ဂါ၊ ဆက်ဆို၊ နီဂွက်ဇ်၊ လွိုက်ဘိတ်၊ မွန်တီရယ်တို့လို ကစားသမားကောင်းတွေရှိသေးတာကြောင့် ပြိုင်ဘက်မရွေးတုံ့ပြန်နိုင်စွမ်းရှိတာကို တွေ့ရမှာပါ။ သူတို့နှစ်သင်း နောက်ဆုံးငါးပွဲတွေ့ဆုံမှုမှာလဲ ဆီဗီလာက သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးနဲ့ အသာရခဲ့သလို လက်ရှိစုဖွဲ့မှုမှာလဲ အသာရနေတာကြောင့် ရမှတ်လိုအပ်ချက်ရှိနေတဲ့ ဆီဗီလာအသင်းကို အားပေးရမှာပါ။

**လီဂါနက်စ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လီဂါနက်စ် | ၃ | - | ၁ | ဗယ်လာဒိုးလစ် |
| အေတီကို | ၃ | - | ၁ | လီဂါနက်စ် |
| လီဂါနက်စ် | ၃ | - | ၀ | ဆဲလ်တာဗီဂို |
| လူစီနာ | ၁ | - | ၂ | လီဂါနက်စ် |
| ဂျီရိုနာ | ၄ | - | ၃ | လီဂါနက်စ် |

**ဆီဗီလာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဆီဗီလာ | ၁ | - | ၀ | ဘက်တစ် |
| ဘာစီလိုနာ | ၅ | - | ၁ | ဆီဗီလာ |
| အက်စ်ပန်ညို | ၀ | - | ၂ | ဆီဗီလာ |
| ရီဇက်စ် | ၀ | - | ၃ | ဆီဗီလာ |
| ဆီဗီလာ | ၀ | - | ၂ | ဆိုစီဒက် |




လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ**

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်း ကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက် နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင် ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြု ရမည်။

**လိပ်မူတိုင်ကြားရန် လိပ်စာ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၂၉၉၂၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ယင်းမာပင် နို၀င်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၂၉၉၂၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ဧက ၈၃၆၅၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၉၉၂၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ နေကြာ ဧက ၈၃၆၅၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၂၉၉၂၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပြည်ပကနေ တင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးတယ်။ နေကြာတစ်ဧက ဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက် များတယ်။ နေကြာကို ဆောင်းမှာပဲ အများဆုံးစိုက်ကြတာပါ" ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် မြို့နယ်အလိုက် နေကြာ စိုက်ပျိုးပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၁၄၀၁ ဧက၊ ကနီမြို့နယ်တွင် ၁၃၄၃ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၂၁၈၄ ဧက၊ ပုလဲမြို့နယ်တွင် ဧက ၂၅၀၀၀ စုစုပေါင်း ၂၉၉၂၈ ဧက ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၁၈၅၉၆ ဧက၊ ကနီမြို့နယ်တွင် ၁၇၂၄၂ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ဧက ၁၆၈၃၀၊ ပုလဲမြို့နယ်တွင် ၃၀၉၈၂ ဧက စုစုပေါင်း ဧက ၈၃၆၅၀ ဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် နေကြာ တိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# ရှာငံမြို့နယ် ထမင်းပေါင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရှာငံ နို၀င်ဘာ ၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) ရှာငံ မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျောက်ပုံကျေးရွာအုပ်စု ထမင်းပေါင်းကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို နို၀င်ဘာ ၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရှာငံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းမြတ်ထိုက်က ထမင်းပေါင်း ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ လည်ပတ်ရန်ပုံငွေ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၂၃ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ထမင်းပေါင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၂၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ရှာငံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မောင်ခိုင်**

"“အေးမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာလန်းဆန်း နေပြည်တော်သောက်ရေသန့်အစွမ်း”"

NAY PYI TAW



STARMART Nay Pyi Taw
ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

နေပြည်တော်သောက်ရေသန့်စက်ရုံ
ရာဇဌာနီလမ်းမကြီး၊ ပုဗ္ဗသီရိမြို့နယ်။
ဖုန်း - ၀၉ ၆၇၀၇၀၀၀၀၁၊ ၀၉ ၆၆၆၁၈၆၄၆



Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။

- ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း
- E-Topup ဖုန်းငွေဖြည့်သွင်းခြင်း
- ငွေသွင်းငွေထုတ်ခြင်း / ငွေလွှဲခြင်း
- လျှပ်စစ်မီတာ Bill များပေးဆောင်ခြင်း
- Skynet Bill Payment ပေးသွင်းခြင်း
- ပြည်ပ ငွေလွှဲ (ထိုင်း)
- Gift Card ပေးခြင်း
- ဈေးဝယ်ခြင်း
- Internet Bill ပေးဆောင်ခြင်း

မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအတွက် Customs Duty များ ပေးဆောင်ရာတွင် MMM Service အသုံးပြု၍ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ပါပြီ။



အငြိမ်းစား လစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၀၁၅၂၁
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ Grade-9 တွင် ပညာသင်ကြားနေသော မောင်မင်းသန့်ဇော် ၏ဖခင်အမည်မှန်မှာ ဦးစန်းလွင် ဖြစ်ပါကြောင်း။

ဦးစန်းလွင်(၉/တတဥ(နိုင်)၀၀၉၂၃၆)

## ဖခင်အမည်မှန်

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ BEST High School ၊ Grade-11 တွင် ပညာသင်ကြားနေသော မမေမြတ်ဖြူစင် ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးမော် ဖြစ်ပါကြောင်း။

ဦးမော် (၅/ရဘန(နိုင်)၀၆၆၉၅၈)

### ပျောက်ဆုံးကြောင်း

တန့်ယန်းမြို့၊ နမ့်မူဆယ်(ကွက်-၂)နေ ဦးအိုက်လျှံ (ဘ) ဦးအိုက်မန်(၁၃/တယန(နိုင်)၀၁၇၈၃၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၈၉၄၇၅၀၂၂

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဋ-၁၁၊ (ဃ)ရပ်ကွက်နေ ဦးသိန်းထွန်း+ဒေါ်တင်တင်ချိုတို့၏သား **မောင်ရဲသူရထွန်း (ခ) အာဇာနည် (၉/ပကခ(နိုင်)၀၅၈၂၃၂)** သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

ဦးသိန်းထွန်း(၇/ရကန(နိုင်)၀၁၆၃၆၅)
ဒေါ်တင်တင်ချို (၇/ရကန(နိုင်)၀၁၆၄၆၂)

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

"အဂတိလိုက်စားမှုတားဆီးဖို့ " 1111 " ကိုဖြေကြားစို့"

"ဝန်ဆောင်မှုများကောင်းစေရေး " 1111 " ကိုဖြေကြားပေး"

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။


**❖ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသနှင့် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကိုများစွာ အထောက်အကူဖြစ်စေနိုင်မည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် မေ ၂၄ ရက်တွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ(အက်မက်စ်)ထိပ်သီးအစည်းအဝေးသို့ တက်ရောက်**

စာမျက်နှာ - ၂၀






(၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား - လာအို - မြန်မာ - ဗီယက်နမ်ပူးပေါင်းဆောင်ရွက်မှု (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ်ပူးပေါင်းဆောင်ရွက်မှု(စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးတွင် အဖွင့်အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ်ပူးပေါင်းဆောင်ရွက်မှု(စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် နိုဝင်ဘာ ၇**

(၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ်ပူးပေါင်းဆောင်ရွက်မှု(စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေး (11th Cambodia – Lao PDR–Myanmar–Viet Nam (CLMV) Summit) ကို ယနေ့မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ရှိ Wyndham Grand Hotel ၌ကျင်းပရာ ထိပ်သီးအစည်းအဝေးဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးချုပ်များဖြစ်ကြသည့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် H.E. Mr. Hun Manet၊ လာအိုနိုင်ငံဝန်ကြီးချုပ် H.E. Mr. Sonexay Siphandone၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် H.E. Mr. Pham Minh Chich၊

စာမျက်နှာ ၁၈ ကော်လံ ၁ ☆

